# ရတနာပုံ

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

yadanarbonnews.com

၁၃၈၇ ခုနှစ် ၊ နတ်တော်လဆန်း (၁၂)ရက် ၊ တနင်္လာနေ့ ၊ (1-12-2025) ၊ အတွဲ (၃၄) ၊ အမှတ် (၂၁၅)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး၊
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
- အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး၊

❖ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးဖို့ ခွင့်ကြုံခိုက်မှာ မဲပေးစို့။

## အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကို အလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ(Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံးလိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကျင်းပ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။



**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌသည် ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ ရောက်ရှိကြရာ နိုင်ငံတကာသံတမန်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

**စာမျက်နှာ ၁၆ ကော်လံ ၁ ☞**





ပင်ရင်းအရောင်းဌာန - ဖုန်း - ၀၁ ၆၅၁၁၀၇၇၊ ၀၉ ၆၉၄၉၆၅၀၀

STARMART nine mile Showroom -(၉)မိုင်၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၃၀၈၆၀၁၈၀

KHA YAE PIN MART-မင်္ဂလာဒုံ၊ ပြည်လမ်း၊ ရန်ကုန်မြို့၊ ဖုန်း - ၀၉ ၆၇၁၄၄၃၅၅၅

STARMART MANDALAY Wholesale- ၆၆လမ်းနှင့်၆၆လမ်းထောင့်၊ မန္တလေးမြို့၊ ဖုန်း - ၀၉ ၆၆၁၀၇၀၂၂၄၄

STARMART Nay Pyi Taw-ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား၊ ဖုန်း - ၀၉ ၆၅၁၁၀၉၀၇၇

ရတနာပုံ
၂၀၂၅ ခုနှစ် ဒီဇင်ဘာ ၁ ရက်
အယ်ဒီတာ့အာဘော်

## မြန်မာ-ဘယ်လာရုစ် နှစ်နိုင်ငံဆွေးနွေးမှု၏ ရလဒ်ကောင်းများ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ဖိတ်ကြားချက်အရ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာအလက်ဇန္ဒားလူကာရှန်ကို ဦးဆောင်သည့် အဆင့်မြင့်ကိုယ်စားလှယ်အဖွဲ့သည် နိုဝင်ဘာ ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ တရားဝင်ချစ်ကြည်ရေးခရီးရောက်ရှိပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့ကြား နှစ်နိုင်ငံ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာ ၂၈ ရက်တွင် သမ္မတအိမ်တော် သံတမန်ဆောင်ခန်းမ၌ကျင်းပပြုလုပ်ခဲ့ရာ ရလဒ်ကောင်းများရရှိခဲ့ပါသည်။

အဆိုပါတွေ့ဆုံဆွေးနွေးပွဲတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက **"ယခုအဆွေတော်၏ ချစ်ကြည်ရေးခရီးစဉ်အတွင်း နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ(၂၀၂၆-၂၀၂၈)၊ နှစ်နိုင်ငံအကြားပြည်ဝင် ဗီဇာကင်းလွတ်ခွင့်ပေးရေးဆိုင်ရာသဘောတူစာချုပ်အပါအဝင် နှစ်နိုင်ငံအကြားပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို လက်မှတ်ရေးထိုးသွားမည်ဖြစ်သည့်အတွက် များစွာဝမ်းမြောက်မိပါကြောင်း၊ မိမိတို့နှစ်နိုင်ငံသည် တည်နေရာအနေအထားအရ အလှမ်းဝေးကွာသော်လည်း သံတမန်ဆက်ဆံရေးနှင့် စစ်ဘက်သံတမန်ဆက်ဆံရေးနှစ်မျိုးလုံးရှိသောနိုင်ငံဖြစ်ပြီး ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်ယုံကြည်မှု အပြည့်အဝရှိသည့်မိတ်ဆွေကောင်းနိုင်ငံများဖြစ်ကြောင်း၊ မိမိတို့နှစ်နိုင်ငံ သံတမန်ဆက်ဆံရေးတည်ထောင်မှုသည် ယခုအခါ ၂၆နှစ်ကျော်ခဲ့ပြီဖြစ်ပြီး အဆိုပါ အခါသမအတွင်း နှစ်နိုင်ငံဆက်ဆံရေးသည် သိသာထင်ရှားစွာ တိုးတက်လာသည်ကို တွေ့မြင်ရမည်ဖြစ်ကြောင်း"** စသည်ဖြင့် ပြောကြားခဲ့သည်။

မြန်မာနှင့် ဘယ်လာရုစ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးသည် သိသာထင်ရှားစွာတိုးတက်လာသည်။ အနာဂတ်ကာလတွင်လည်း ပိုမိုတိုးတက်အောင်မြှင့်တင်သွားမည်ဖြစ်သည်။ ယခုနှစ်အတွင်း နှစ်နိုင်ငံခေါင်းဆောင်နှစ်ဦးအနေဖြင့် ခြောက်ကြိမ်တွေ့ဆုံခဲ့ပြီးဖြစ်သည်။ ထို့ကြောင့် ၂၀၂၅ ခုနှစ်သည် မြန်မာနိုင်ငံနှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အတွက် အမှတ်တရများစွာရှိပြီး နှစ်နိုင်ငံအကြား သမိုင်းအသစ်များစိုက်ထူနိုင်သည့် နှစ်တစ်နှစ်ဖြစ်သည်။ ဘယ်လာရုစ်သမ္မတနိုင်ငံအနေဖြင့် မြန်မာနိုင်ငံနှင့်ပတ်သက်၍ ကဏ္ဍပေါင်းစုံ ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်မြှင့်တင်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံကြား ချစ်ကြည်ရင်းနှီးမှုများ၊ အပြန်အလှန်နားလည်ယုံကြည်မှုများလည်း တိုးမြင့်လာမည်ဖြစ်ပေသည်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် ဘယ်လာရုစ်သမ္မတနိုင်ငံတို့အကြား နားလည်မှုစာချွန်လွှာလက်မှတ်ရေးထိုးပွဲတွင် သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှု နားလည်မှုစာချွန်လွှာများ၊ အကောက်ခွန်ဆိုင်ရာ ကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ၊ ပို့ကုန်ချေးငွေမူဘောင် သဘောတူညီချက်နှင့် နိုင်ငံတော်အဆင့်စံချိန်စံညွှန်းသတ်မှတ်ခြင်း၊ အရည်အသွေးကိုက်ညီမှုစစ်ဆေးခြင်း၊ တိကျစွာတိုင်းတာခြင်းနှင့် အသိအမှတ်ပြုခြင်းနယ်ပယ်တို့တွင် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာနားလည်မှုစာချွန်လွှာများ၊ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုမြှင့်တင်ရေးဆိုင်ရာ လမ်းပြမြေပုံ၊ ကုန်သွယ်ရေး၊ စီးပွားရေး၊ သိပ္ပံ၊ နည်းပညာနှင့် ယဉ်ကျေးမှုဆိုင်ရာပူးပေါင်းဆောင်ရွက်မှု စာချွန်လွှာများ၊ တရားမဝင်နှင့်ကူးသန်းရောင်းဝယ်ရေးဆိုင်ရာ ကိစ္စရပ်များတွင် ဥပဒေရေးရာအပြန်အလှန်အကူအညီပေးရေး သဘောတူစာချုပ်နှင့် ရင်းနှီးမြှုပ်နှံမှုမြှင့်တင်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာများကို အပြန်အလှန်လဲလှယ်ခဲ့ကြသည်။

သို့ဖြစ်ရာ မြန်မာနိုင်ငံသို့ ဘယ်လာရုစ်သမ္မတနိုင်ငံ သမ္မတဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့၏ ခရီးစဉ်သည် ပထမဆုံးလာရောက်သည့်ခရီးစဉ်ဖြစ်သော်လည်း နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှုနှင့် ပူးပေါင်းဆောင်ရွက်မှုတို့ကို ပိုမိုခိုင်မာအားကောင်းစေပြီး နှစ်နိုင်ငံအကျိုးစီးပွားကို ပိုမိုဖြစ်ထွန်းစေမည့် ရလဒ်ကောင်းများစွာတို့ကို ရရှိစေမည်ဖြစ်ပါကြောင်း ယုံကြည်ရေးသားလိုက်ရပါသည်။

## ဝါးခယ်မမြို့နယ်တွင် မြေပဲဆန်များ အရောင်းအဝယ်ကောင်းမွန်နေ

**ဝါးခယ်မ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် ဝါးခယ်မမြို့နယ်တွင် မြေပဲဆန်များဝယ်ယူမှုများပြားလာခြင်းကြောင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ် ပဲဈေးကွက်တွင် ယခုနှစ် နိုဝင်ဘာလဒုတိယပတ်မှစတင်ပြီး ယနေ့ထိ မြေပဲဆန်များအရောင်းအဝယ် ကောင်းမွန်လာကြောင်း၊ အဆိုပါ မြေပဲဆန်များ အရောင်းအဝယ်ကောင်းလာခြင်းသည် မြေပဲဆီကြိတ်ခွဲထုတ်လုပ်သည့်လုပ်ငန်းများက မြေပဲဆန်များ ဝယ်ယူမှုများလာသည့်အတွက်ဖြစ်ကြောင်း သိရသည်။

"လက်ရှိ ပဲဈေးကွက်ထဲကို ဒေသထွက် မြေပဲဆန်တွေအပြင် အခြားဒေသကနေ မြေပဲဆန်သစ်တွေပါ ဝင်ရောက်နေပါတယ်။ လက်ရှိ မြေပဲဆန် တစ်ပိဿာကို ငွေကျပ် ၂၁၀၀၀ ထိ ပေါက်ဈေးရှိပါတယ်။ မြေပဲဆီတွေထုတ်လုပ်မှုအား ကောင်းလာတာကြောင့် မြေပဲဆန်အရောင်းအဝယ်ကောင်းလာတာပါ။ မြေပဲဆန်အရောင်းအဝယ်က အခုထက်ပိုကောင်းလာဖို့သာရှိပါတယ်။ လာမဲ့နွေမြေပဲအသစ်တွေ မပေါ်သေးတဲ့အချိန်ထိ မြေပဲဆန်ကအရောင်းအဝယ် ကောင်းနေဖို့ရှိပါတယ်။ အခုနှစ်မြေပဲဆန်တွေ အဝယ်လိုက်နေတော့တောင်သူတွေက အမိကအဆင်ပြေနေသလို လုပ်သားတွေနဲ့ကုန်သည်တွေလဲ အဆင်ပြေလာတာတွေ့ရပါတယ်"ဟု ဝါးခယ်မမြို့နယ် ပဲမျိုးစုံရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ဌေးဌေးမြင့်က ပြောပြသည်။

ဝါးခယ်မမြို့နယ်မှ ပဲမျိုးစုံရောင်းဝယ်ရေး ပွဲရုံပိုင်ရှင်များသည် မြေပဲဆန်များကို ဝယ်ယူကြိတ်ခွဲပြီး မြေပဲစားဆီ၊ မြေပဲဆန် စသည့်ပုံစံအမျိုးမျိုးထုတ်လုပ်ပြီးဝယ်ယူသည့် ဒေသများသို့ စနစ်တကျထုတ်ပိုးကာ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။

**ကျော်ကျော်လင်း**

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

ရွေးကောက်ပွဲကျင်းပရန်

၂၇ ရက်

သာ လိုတော့သည်။

**လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်**

### မဲစာရင်းများကို သွားရောက်ကြည့်ရှုပါ။

မဲစာရင်းများကို ၂၁-၁၁-၂၀၂၅ ရက်နေ့မှ ၄-၁၂-၂၀၂၅ ရက်နေ့အထိ ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စုကော်မရှင်အဖွဲ့ခွဲရုံးများတွင် ဒုတိယအကြိမ် ကပ်ထားကြေညာထားပါသည်။ မဲစာရင်းတွင် အမည်မပါလျှင် ပုံစံ (၃) ဖြင့် တောင်းဆိုပါ။ အမည်နှင့် အချက်အလက်များကို ကန့်ကွက်ရန်ရှိပါက ပုံစံ (၄) ဖြင့်ကန့်ကွက်ပါ။ အချက်အလက်များ ပြင်ဆင်ရန်ရှိပါက ပုံစံ (၄-က) ဖြင့် လျှောက်ထားပါ။ ယင်းပုံစံများကို သက်ဆိုင်ရာ ကော်မရှင်အဖွဲ့ခွဲရုံးများတွင် အခမဲ့ရယူနိုင်ပါသည်။

## ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီး



**မုံရွာ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော နေကြာကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယင်းမာပင်ခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ နေကြာ ၁၈၀၉၃ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော နေကြာစိုက်ခင်းများကို ယခုနှစ် ဩဂုတ်လ တတိယပတ်မှ စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ကေအားလုံး ရာနှုန်းပြည့်ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၂၃ ဒသမ ၂၁ တင်း ထွက်ရှိကြောင်း သိရသည်။

"ယင်းမာပင်ခရိုင် မိုးသီးနှံစိုက်ပျိုးရာသီမှာ နေကြာ ၁၈၀၉၃ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီစိုက်ပျိုးထားတဲ့နေကြာခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံးရာနှုန်းပြည့် ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံဖြစ်တဲ့ နေကြာဟာ တစ်ဧကဆီထွက်ရှိမှုက ကျန်တဲ့ မြေပဲ၊ နှမ်းတွေထက် များပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြသည်။

ယင်းမာပင်ခရိုင်တွင် မြို့နယ်အလိုက် နေကြာရိတ်သိမ်းပြီးစီးမှုအနေဖြင့် ယင်းမာပင်မြို့နယ်တွင် ၇၇၆၁ ဧက၊ ကနီမြို့နယ်တွင် ၃၈၈၇ ဧက၊ ဆားလင်းကြီးမြို့နယ်တွင် ဧက ၃၂၂၀ နှင့် ပုလဲမြို့နယ်တွင် ၃၂၂၅ ဧက စုစုပေါင်း ၁၈၀၉၃ ဧကတို့ဖြစ်ကြောင်း သိရသည်။

ယင်းမာပင်ခရိုင်တွင် နေကြာသီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် သက်ဆိုင်ရာ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှပညာပေးသင်တန်းများ အရှိန်မြှင့်တင် ဆောင်ရွက်ခြင်း၊ ဝန်ထမ်းနှင့် နေကြာစိုက်ပျိုးမည့် တောင်သူများ စွမ်းဆောင်ရည်မြှင့်မာရေးအတွက် ပညာပေးသင်တန်းများကို အရှိန်မြှင့်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နေကြာကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် နေကြာကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ဒေသမရွေး ကြိုးပမ်းသင့်ကြောင်း လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာ တင်မာမာဦးက ပြောပြ၍ သိရသည်။ (၂၀၆)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၀၆၈၊ စာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၊ ၀၉-၄၅၈၈၉၃၃၀၀၊ ကြော်ငြာ-၈၄ လမ်းနှင့် ၂၉-၃၀ လမ်းကြား- ၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့်စေတီ၊ ပုထိုးများ ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံခြင်းလုပ်ငန်းများကို တိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



**မန္တလေး နိုဝင်ဘာ ၃၀**

မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပြိုကျပျက်စီးခဲ့သည့် စေတီ၊ ပုထိုးများ၊ သာသနိကအဆောက်အအုံများ ပြန်လည်တည်ဆောက်ပြုပြင်မွမ်းမံခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ မဟာမုနိရုပ်ရှင်တော်၊ သံဃေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရား၊ ရွှေကြက်ကျ ဆုတောင်းပြည့် မြတ်စွာဘုရား၊ ရတနာပုဏ္ဏဝရဒါဋ္ဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်(မန္တလေး)၊ မန္တလေးတောင်တော်ဆုတောင်းပြည့်မြတ်စွာဘုရားများသို့ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး နိုဝင်ဘာ ၂၉ ရက် မွန်းလွဲပိုင်းက သွားရောက် ဖူးမြော်ကြည်ညို၍ လုပ်ငန်း ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ချမ်းမြသာစည်မြို့နယ်ရှိ မဟာမုနိရုပ်ရှင်တော်သို့ ရောက်ရှိပြီး မန္တလေးငလျင်ကြီး လှုပ်ခတ်မှုကြောင့် မဟာမုနိရုပ်ရှင်တော် ဂန္ဓကုဋိပြဿဒ် ရွှေကျောင်းတော်ကြီးနှင့် ဘုရားကြီးပရဝဏ် အတွင်းရှိ သာသနိကအဆောက်အအုံများ ထိခိုက်ပြိုကျပျက်စီးခဲ့မှုများကို ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများ၊ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး ကိန်းဝပ်ပူဇော်ထားတော်မူရာ ဂန္ဓကုဋိပြဿဒ်ရွှေကျောင်းတော်ကြီးကို ရွှေလားထီးတော်မြတ် ပြန်လည်တင်လှူပူဇော်နိုင်ရန်အတွက် ကြိုတင်ပြင်ဆင်ဆောင်ရွက်နေမှုများ၊ ရွှေပြားခတ်ခြင်း လုပ်ငန်းအဆင့်ဆင့် ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ရှင်းလင်း တင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် အမရပူရမြို့နယ် မှန်တန်းရပ်ကွက်ရှိ ရှေးဟောင်း သမိုင်းဝင် သံဃေကပ်ကျော် ဆုတောင်းပြည့်မြတ်စွာဘုရားသို့ ရောက်ရှိပြီး ထိခိုက်ပျက်စီးခဲ့သည့် သံဃေကပ်ကျော်ဆုတောင်းပြည့် မြတ်စွာဘုရားရှင် ရုပ်ပွားတော် သီတင်းသုံးရာ ဂန္ဓကုဋိတိုက် ကျောင်းဆောင်တော်ကြီးကို ရှေးမူလက်ရာအတိုင်း ပြန်လည်ပြုပြင်မွမ်းမံနိုင်ရေးအတွက် ကွင်းဆင်းစစ်ဆေးမှုတွေ့ရှိချက်များ၊ ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့မှုများအပေါ် ပြန်လည်တည်ဆောက်ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်မည့်အစီအစဉ်များနှင့် စပ်လျဉ်း၍ တာဝန်ရှိသူများ၏ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ သမိုင်းဝင်ရွှေကြက်ကျဆုတောင်းပြည့် မြတ်စွာဘုရားသို့ရောက်ရှိပြီး မန္တလေးငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့်ရုပ်ပွားတော်မြတ်ကြီး၊ စေတီတော်ကြီးနှင့် အရံစေတီတော်များ၊ သာသနိက အဆောက်အအုံများ ပြန်လည်ပြုပြင်မွမ်းမံတည်ဆောက် ပြီးစီးမှုအခြေအနေများနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် ရတနာပုဏ္ဏဝရဒါဋ္ဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (မန္တလေး)သို့ ရောက်ရှိပြီး ရတနာစိန်ဖူးတော်၊ ငှက်မြတ်နားတော်နှင့် ရွှေထီးတော်ဘုံအဆင့်ဆင့် ပြန်လည်တင်လှူပူဇော်ပြီးစီးခြင်းနှင့် ထိခိုက်ပျက်စီးမှုများကို ပြန်လည်ပြုပြင်မွမ်းမံခြင်းများ ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ရှိသူများ၏ ရှင်းလင်းတင်ပြမှုများအပေါ် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ အောင်မြေသာစံမြို့နယ်ရှိ မန္တလေးတောင်တော် ဆုတောင်းပြည့် မြတ်စွာဘုရားသို့ရောက်ရှိပြီး ငလျင်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စေတီ၊ပုထိုး၊ သာသနိက အဆောက်အအုံများ၊ ရင်ပြင်တော်ရှိခုံးများ ပြန်လည်ပြုပြင်မွမ်းမံပြီးစီးမှု အခြေအနေများကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ်က တာဝန်ရှိသူများမှ ရှင်းလင်းတင်ပြမှုများအပေါ် ဘုရားဖူးပြည်သူများ ဘေးကင်းလုံခြုံ စိတ်ချမ်းမြေ့စွာ ဖြင့်ဖူးမြော်နိုင်ရေး၊ ဓာတ်လှေကား၊ စက်လှေကားများနှင့်ပတ်သက်၍ လိုအပ်သည်ပြုပြင်မှုများကို အမြန်ဆုံး ဆောင်ရွက်သွားရေးတို့ကို မှာကြားပြီးနောက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**မျိုးကျော်**

# စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၁၁၄၃ ဧကထိ တူးဖော်ပြီးစီးပြီဖြစ်

**စစ်ကိုင်း နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော ကြက်သွန်နီ ၁၁၄၃ ဧကထိ တူးဖော် ပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်း ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ ကြက်သွန်နီ ၁၉၈၂ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ အဆိုပါစိုက်ပျိုးထားသော ကြက်သွန်နီစိုက်ခင်းများကို ယခုနှစ်အောက်တိုဘာလတတိယပတ်မှ စတင်တူးဖော်ခဲ့ရာ ယနေ့ထိ စစ်ကိုင်းမြို့နယ်တွင် ၁၀၃၅ ဧက၊ မြင်းမူမြို့နယ်တွင် ၁၀၈ ဧက စုစုပေါင်း ၁၁၄၃ ဧက တူးဖော်ပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၃၁၁၃ ဒသမ ၅၂ ပိဿာ ထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ စစ်ကိုင်းခရိုင်မှာ ကြက်သွန်နီ ၁၉၈၂ ဧကထိ စိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ ကြက်သွန်နီစိုက်ခင်းတွေ အခုလက်ရှိတူးဖော်လျက်ရှိပါတယ်။ ဒီနေ့ထိ ၁၁၄၃ ဧက တူးဖော်ပြီးစီးပြီ ဖြစ်ပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။

ကြက်သွန်စိုက်တောင်သူများ အနေဖြင့် ကြက်သွန်နီတစ်ဧကလျှင် ငွေကျပ် ၁၈ သိန်းခန့်ကုန်ကျပြီး တစ်ဧကစိုက်ပျိုးပါက ပိဿာချိန် ၅၀၀၀ ရှိကြောင်း သိရသည်။

ကြက်သွန်နီကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည်ဖြစ်သောကြောင့် ကြက်သွန်နီကို ပိုမိုတိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)



# အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးထားသော စပါး ၅၉၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်

**မြောင်းမြ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြခရိုင် အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သည့်စပါး ၅၉၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့် က ပြောပြ၍ သိရသည်။

အိမ်မဲမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၄၃၀၁၀ စိုက်ပျိုးခဲ့ကြောင်း၊ အဆိုပါ စိုက်ပျိုးခဲ့သည့် စပါးစိုက်ခင်းများကို ယခုနှစ် အောက်တိုဘာလပထမပတ်က စတင်ရိတ်သိမ်းခဲ့ရာ ယနေ့တွင် ၅၉၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၁၀၈ ဒသမ ၉၁ တင်းထွက်ရှိကြောင်း သိရသည်။

"အိမ်မဲမြို့နယ်မှာ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စပါးဧက ၁၄၃၀၁၀ စိုက်ပျိုးခဲ့ပါတယ်။ လက်ရှိစပါးတွေ ရိတ်သိမ်းနေပါတယ်။ ဒီနေ့မှာ စပါး ၅၉၂၆ ဧကထိ ရိတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ရိတ်သိမ်းဖို့ ကျန်တဲ့စပါးခင်းတွေကို ဆက်လက်ရိတ်သိမ်းနေပါတယ်။ အခု ရိတ်သိမ်းနေတဲ့ စပါးတွေ အခက်အခဲမရှိ ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လိုအပ်တဲ့ သွင်းအားစုတွေနဲ့ စိုက်ပျိုးရေးဆိုင်ရာ နည်းပညာပေးလုပ်ငန်းတွေကို ဆောင်ရွက်ပေးခဲ့ပါတယ်။ အခုနှစ်စပါးခင်းတွေ ပိုးမွှားအန္တရာယ်ကင်းရှင်းပြီး အထွက်နှုန်းကလဲ ကောင်းပါတယ်"ဟု မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြသည်။

စပါးကို အထွက်နှုန်း တိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း စားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ မြင့်မားလာမည် ဖြစ်သောကြောင့် စပါးကို ပိုမိုတိုးချဲ့ စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြောင်းမြခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်ဌေးမြင့်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**



# ကျေးဇူးတင်စကား

ချစ်နိုင်(စိတ်ပညာ)

စာရေးသူအတွေးက တော်တော်ကလေးဆန်၏။ နမူနာ ၂ ချက်ကို ဖော်ပြပါမည်။

စာရေးသူက ပုံပြင်များကို နှစ်သက်တတ်၏။ စာရေးသူက ဝတ္ထုဖန်တီးသူများကို သဘောကျ၏။ လေးစား၏။ ချစ်ခင်၏။ မိမိချစ်ခင်လေးစားသော စာရေးဆရာများကို ဘယ်တစ်ပုဒ်ကို ဘယ်လိုကြိုက်ကြောင်း၊ ဘယ်ဝတ္ထုသည် မိမိကို ဘယ်လိုစိတ်ထိခိုက်ကြေကွဲစေခဲ့ပါကြောင်း စသဖြင့် စိတ်ထဲရှိရာ တွေရေးကာ မိတ်ဆက်စာရေး၏။ စာရေးဆရာ တော်တော်များများဆီသို့ပင်။ ဆရာစူဝံ၊ ဆရာသော်တာဆွေ၊ ဆရာနတ်မောက်ဘုန်းကျော်၊ ဆရာကိုကိုမောင်၊ အကယ်ဒမီထွန်းလှိုင်၊ ဆရာကြီးသုခ၊ ဆရာမောင်ထွန်းသူ စသည်စသည်။ ဆရာဗန်းမော်ညိုနွဲ့၊ ဆရာပျဉ်းမနားမောင်နီသင်း စသောကဗျာဆရာများလည်းပါသည်။ ဆရာကြပ်ကလေး၊ ဆရာဇဝန စသည့်သူတို့လည်းပါသည်။ ဒေါက်တာမတင်ဝင်း၊ ဂျူး စသည့်သူတို့လည်းပါဖူးသည်။ စာရှူးပေရှူးဖြစ်ခဲ့ပါ၏။

ကိုယ်ဖတ်၍ အူလှိုက်သည်းလှိုက်ကြိုက်မိသည်၊ အလွန်လေးစားသည်ဟု ခံစားချီးကျူးစိတ်ပေါ်လျှင် စာရေးပြီး မိတ်ဆက်ခြင်းမှာ ကလေးဆန်သောစိတ်ရှုးပေါက်ခြင်းပင်မဟုတ်လား။

ဒုတိယတစ်ချက် ကျွန်တော်ကလေးဆန်ခြင်းမှာ ထိုထိုစာရေးဆရာများကို သူတစ်ပါးစိတ်ဝင်စားအောင် အပြင်မှာ တကယ်မရှိသောလူသားဇာတ်ကောင်(ဝတ္ထုရှည်ဝတ္ထုတိုထဲတွင်) မွေးဖွားဖန်တီးနိုင်ခြင်း အနုပညာစွမ်းရည်ကို လေးစားအားကျခြင်းနှင့်အတူ သူတို့ကိုလည်း အပြင်မှာလေးစားလောက်သော ကိုယ်ကျင့်တရားဖြင့် ဖြူစင်ဖြောင့်မတ်သူပဲ ဖြစ်စေချင်သည်။ သူတော်ကောင်းကြီး၊ သူတော်ကောင်း အမျိုးသမီးပုံစံမျိုး။ သို့တစေ တကယ်ကတော့ သူတို့သည် စာအုပ်ထဲက ဇာတ်ကောင်များကို ဖန်တီးမွေးဖွားနိုင်ခဲ့သူများဖြစ်သော်လည်း လူသားသာလျှင်ဖြစ်သော စာရေးဆရာသည် လူသားပီသစွာအပြစ် အနာအဆာများလည်း ရှိကြလေသည်။ ကလေးအတွေးဖြင့် ဤအချက်ကို စိတ်ပျက်မိသည်။ လက်မခံချင်။ သူတို့အကြောင်း သူတစ်ပါးက ကဲ့ရဲ့လှောင်ပြောင်ပြောကြရေးကြလျှင် မိမိစိတ်ထဲက နာကျင်မိသည်။ မခံချင်စိတ်ပေါ်နေမိ၏။

သူတို့ရေးပြသော ဝတ္ထု၊ ကဗျာ၊ ဆောင်းပါးတို့ကို ဖတ်ပြီး ကြည်ညိုချစ်ခင်နေမိသော မိမိမှာ သူတို့၏ အမှောင်ဘက်က အားနည်းချက်တချို့ကို ကြားရသိရသောအခါ ရင်ထုမနာစိတ်မကောင်းဖြစ်နေရတော့၏။ စင်စစ်တော့ ကလေးဆန်ခြင်းသာပဲမဟုတ်ပါလား။

မိမိမိတ်ဆက်စာရေးခဲ့ဖူးသူ စာရေးဆရာများအရေအတွက် မှတ်မထားသော်လည်း အတော်များခဲ့ပါသည်။ မိမိထံသို့ စာပြန်ရေးသူ ဆရာကြီးနှစ်ဦး၊ သုံးဦးသာရှိပါ၏။ စာပြန်ပါဟုလည်း မိမိက ဘယ်သူ့ထံကမှ မတောင်းဆိုခဲ့ဖူးပါ။ သို့ရာတွင် အမှတ်တရစာပြန်ကြားသူများအနက် ၁၉၉၆ ခုနှစ် အမျိုးသားစာပေဆုပေးပွဲတွင် ဆုအတူယူသူအဖြစ် တွေ့ကြုံဆုံစည်းခဲ့ရပါတော့သည်။ ထိပ်တန်းအနုပညာရှင်ကြီးနှစ်ဦးနှင့်။

ပန်းဝက်ပါဇာတ်လမ်းများ စာအုပ်ဖြင့် အမျိုးသားစာပေဆုရသူ **ဗိုလ်ကလေးတင့်အောင်။** မြန်မာ့ဂီတရေစီးကြောင်းစာအုပ်ဖြင့် အမျိုးသားစာပေဆုရသူ ဂီတစာဆို **စန္ဒရားလှထွတ်။** ကျွန်တော်ချစ်ခင်လေးစားသော အနုပညာရှင်၊ အနုပညာဖန်တီးသူများ၊ စာရေးဆရာကြီးများဖြစ်ပါသည်။ ဝတ္ထုတစ်ပုဒ်တလေသာ ရေးဖူးသော **ဂီတနက်သန်ကိုစောညိမ်း**ကိုလည်း တေးပြုစာဆို၊ စာရေးဆရာဟု မိမိက မှတ်ယူပါသည်။ သီချင်းဆိုသည်မှာ ကဗျာ၊ လင်္ကာမဟုတ်ပါလား။ သီချင်းရေးဆရာသည် ကျော်ကြားသည်ဖြစ်စေ၊ မကျော်ကြားသည်ဖြစ်စေ ကဗျာရေးသည့်စာရေးဆရာစစ်စစ်ဖြစ်ပါ၏။ ပန်းရည်ဘဏ်တိုက်၊ တောင်တော်ပုပ္ပား၊ ရုပ်သေးပွဲသွားရအောင်သီချင်းများ ရေးသားသီကုံးသွားခဲ့သော ကဗျာဆရာ **ကန်မြဲအေးကျော်**သည်လည်း စာရေးဆရာ။

စာရေးဆရာများကို လေးစားချစ်ခင်ခြင်းကြောင့် မှတ်မှတ်ရရ လေးတန်းကျောင်းသားဘဝ(ဆယ်နှစ်ခန့်အရွယ်)က အတန်းပိုင်ဆရာက မိမိကိုသူ့အိမ်အပေါ်ထပ်သို့ ခေါ်သွားကာ သူ၏စာအုပ်စားပွဲပေါ်ရှိ ဝတ္ထုစာအုပ်များကို "မင်းကြိုက်တဲ့စာအုပ်ယူဖတ်၊ မပြဲစေနဲ့၊ မစုတ်စေနဲ့"ဟု ဖတ်ခွင့်ပြုသည်။ မိမိတို့အိမ်မှာ ဤဝတ္ထုစာအုပ်များမရှိ။ စစ်ကိုင်းဦးဘိုးသင်း၊ မဟာဆွေ၊ ရွှေဥဒေါင်းတို့၏ ဝတ္ထုစာအုပ်များဖြစ်လေသည်။ ရွှေဥဒေါင်းရေးသော စုံထောက်မောင်စံရှား ဝတ္ထု၊ ထိုစဉ်က မြန်မာစာပေတိုက် ဦးကြီးခင်တို့ ထုတ်ဝေသော ၂ ကျပ်တန် ရှစ်အုပ်ကို အစုံလိုက် အပုံလိုက်ကြီး စတင်တွေ့မြင်ဖူးခြင်းပင်။ တစ်အုပ်ပြီးတစ်အုပ် ဝါးစားသလို နွားငတ်ရေကျ ဖတ်ပါတော့၏။

မူလတန်းပြဆရာ ဦးလှကျော်သည် စာရေးသူလို ကျောင်းသားလေးတစ်ယောက်ကို တန်ဖိုးထား စိတ်ဝင်စားစွာ သူ့အမြတ်တနိုးစုဆောင်းသိမ်းဆည်းထားသော စာအုပ်စင်အား တံခါးဖွင့်ပေးခဲ့ခြင်းသည် စာရှူးပေရှူးဖြစ်အောင် ပျိုးထောင်ခြင်းပင်ဖြစ်ပေတော့သည်။ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ကျောင်းသားဘဝ၊ ယနေ့ထက်တိုင် စာအုပ်စင်၊ စာအုပ်စားပွဲနှင့် အမြဲမပြတ်ထိတွေ့ရင်းနှီးနေအောင် အစပျိုးခဲ့သော အရေးပါလှသည့်ဘဝတစ်ကွေ့ဖြစ်လေ၏။ ဆရာဦးလှကျော်သည် သူ၏သမီးနှင့်သူ၏တူတစ်ယောက်ကို စက်မှုတက္ကသိုလ်မှ ဘွဲ့အသီးသီးရပြီး အထည်အလိပ် အင်ဂျင်နီယာနှင့် စက်မှုအင်ဂျင်နီယာများဖြစ်လာစေအောင် (စက်ရုံမှူးကြီးများဘဝထိ) ပျိုးထောင်နိုင်စွမ်းရှိသူဖြစ်ပါ၏။

ပညာရှိ၏အရိပ်ကို ခွင့်လမ်းကြုံကြိုက်စွာ အရိပ်ခိုခွင့်ရသည်ဆိုနိုင်သကဲ့သို့ သူတော်ကောင်းဆရာ၏ တယုတယပြုစုအားပေးခြင်းကို ရခဲ့သည်ဟုဆိုနိုင်သည်။ ကျောင်းသားသုံးဆယ်လေးဆယ်လောက်ထဲတွင် ကျောင်းစာအိမ်စာကို မိမိကစိတ်ပါလက်ပါကျက်သည်။ ရေးသည်။ အခြားကျောင်းနေဖက်များကား တောင်သူယာသမားသားသမီးများဖြစ်၍ မိဘအလုပ်ခွင်တွင် ပါဝင်သူညီကြရခြင်းလည်းပါမည်။ အဖေ၊ အမေများက စာမကျက်၍လည်း သတိပေးခြင်းမပြု၊ အိမ်စာမရေးလို့လည်း ဆူခြင်းမာန်ခြင်းမရှိ။ မိမိဖခင်က ကျောင်းဆရာဖြစ်၍ မိမိတို့ကို တာဝန်ကျေသော ကျောင်းသားဖြစ်စေရန် ကြည့်ရှုကြပ်မတ်ပါသည်။

အဖေကရော၊ အတန်းပိုင်ဆရာ ဦးလှကျော်ကပါ မိမိ အပြင်စာဖတ်ခြင်းကို အားပေးပါသည်။ အဖေက မိမိ ဒုတိယတန်းရောက်သည့်အချိန်မှစ၍ လစဉ် အဖေမြို့ကိုသွားပြီး လစာထုတ်တိုင်း ဈေးအနောက်ဘက် အပြင်တန်းရှိ သမဂ္ဂသုခစာအုပ်ဆိုင်မှ ပြား ၆၀ တန်ကာတွန်းရုပ်စုံစာအုပ်နှစ်အုပ်တော့ မပျက်မကွက်ဝယ်လာသည်။ ခလေးဂျာနယ်ဝယ်သည့်အခါ ဝယ်သည်။ ကာတွန်းပဒေသာ၊ ကာတွန်းစုံ စသော ဦးအောင်ရှိန်၊ ဦးမောင်စိန်၊ ဦးဖေသိန်း၊ ဦးသန်းကြွယ်၊ ဦးဘကြည် စသည့်ဆရာကြီးများ၏ ရုပ်ပြကလေးစာပေများဖြစ်ပါသည်။ ကာတွန်းဇာတ်ကောင်များသည် မိမိဘေးပတ်ဝန်းကျင်ရှိ ကျောင်းနေဖက်များပမာ သူငယ်ချင်းဖြစ်နေကြပါတော့သည်။ ချစ်ခင်ရင်းနှီးကြသည်။

❖ ဘဝတစ်ခုလုံးကို အသက်မွေးဝမ်းကျောင်းအလုပ်အကိုင် စာရေးဆရာလုပ်စားမည်။ ဆင်းရဲဆင်းရဲ၊ မွဲချင်မွဲပါစေ၊ စာရေးမည် ဦးတည်ရည်မှန်းခဲ့သည်။ ဘဝအခြေအနေအရ စစ်သားဘဝနှစ် ၃၀ မျှ (အသက်နှစ်ဆယ်ကျော်မှ ငါးဆယ်ကျော်စထိ) ပါဝင်ထမ်းဆောင်ခဲ့ပါ၏။ မည်သူ၏တိုက်တွန်းချက်မှမပါပါ။ ရည်းစားလည်း မထားခဲ့လေတော့ တားမည့်ချစ်သူလည်းမရှိခဲ့ပေ။ နိုင်ငံတော်ကို ကာကွယ်ဖို့ရာထက် ဘာကိုမှဦးစားမပေးခဲ့ပေ။ စစ်သားဘဝပြီးတော့ စာရေးသူဖြစ်လာခွင့်ရခြင်းအတွက် အခွင့်သာသောကံကြမ္မာအခြေအနေကို မသေခင်လေး ကျေးဇူးတင်စကားဆိုခွင့်ရခြင်းကပင် ကံကောင်းခြင်းမင်္ဂလာဖြစ်ပေတော့သည်။ ❖

ဆရာဦးလှကျော်၏ ကျေးဇူးကြောင့် စာအုပ်ထဲမှ စုံထောက်ဦးစံရှား၊ ဦးသိန်းမောင်၊ ဖော်ဟိတ်၊ ဂျမဒါကိုကိုကြီး၊ စောရသက်ပြင်း၊ မိုက်ခဲထွန်းရွှေ စသည့် ဇာတ်ကောင်များနှင့်လည်း အနီးကပ် ရင်းနှီးနိုင်ခဲ့ပြီ။ စာအုပ်ထဲမှ ဇာတ်ကောင်အမျိုးမျိုးက မိမိလက်တွေ့ဘဝပတ်ဝန်းကျင်က လူစစ်စစ်တွေထက် ထူးထူးခြားခြား စရိုက်ပေါ်အောင် ရေးသားထားခြင်းဖြစ်သည့်အလျောက် ပို၍ပင်ရုပ်လုံးကြွကြသည်။ ချစ်စရာကောင်းသော ဇာတ်ရုပ်များ၊ မုန်းစရာကောင်းသော ဇာတ်ကြမ်းဇာတ်ရုပ်များ၊ အကျင့်မကောင်းသော လူဆိုးလူမိုက်များသည် အပြင်ရုပ်ရှင်ထဲတွင် မိမိမမြင်ဖူးသော ထူးခြားသူတွေမို့ မှတ်မိစွဲမြဲနေသည်။

စာအုပ်တွေက လူကိုအသိအမြင်ကျယ်အောင် အသိအမြင်ဗဟုသုတလည်း ပေးဝေသည်။ စာနာခံစားတတ်အောင်၊ စိတ်တက်ကြွအောင်၊ ထိတ်လန့်အံ့သြအောင်၊ ရယ်မောအောင်၊ ဝမ်းနည်းကြေကွဲအောင်လည်း ဖမ်းစားနိုင်သည်။ ဇာတ်ပွဲ၊ ဆိုင်းပွဲ ဖျော်ဖြေမှုထက် စာရွက်ထဲက စကားလုံးတွေမှ ရုပ်ပုံလွှာအသက်ဝင်လာအောင် စာဖတ်သူကဖြည့်၍ ပုံဖော်၍ စိတ်ကူးရသေးသဖြင့် စိတ်အာရုံဖန်တီးမှုအလေ့အကျင့်ရအောင်လည်း လေ့ကျင့်ပေးရာရောက်ခဲ့သည်။

ဤသို့ဖြင့် မန္တလေးတက္ကသိုလ်ကျောင်းသားဘဝ တစ်လျှောက် (၁၉၆၆-၁၉၇၀) လေးနှစ်တာကာလအတွင်း စိတ်ပညာဌာန စာကြည့်တိုက်တွင်ဖြစ်စေ၊ တက္ကသိုလ်စာကြည့်တိုက်ကြီး(ရာဇတ်ခန်းမ၊ မြေညီထပ်)တွင်ဖြစ်စေ၊ စာအုပ်အငှားဆုံး၊ စာအုပ်အထုတ်အသွင်းအများဆုံးဆယ်ယောက်၊ အယောက်ငါးဆယ်လောက်ထဲတွင် မိမိအမည်လည်း စာရင်းပါလောက်၏။

တက္ကသိုလ်မှာ လေးနှစ်သာကြာသွားခဲ့သည်။ တက္ကသိုလ်ပင်မ စာကြည့်တိုက်ကြီးက အခန်းဖွင့်ဖြစ်စေ၊ ငှားဖတ်နိုင်သောစာအုပ်မျိုးစုံဖြစ်စေ၊ များများစားစား မဖတ်ဖူးသော ကျောင်းနေဖက်သူငယ်ချင်းတွေရှိခဲ့လေသည်။ အခြားအဓိက စိတ်ပညာဘာသာမဟုတ်သော အခြားကျောင်းသား ကျောင်းသူများတော့မသိ။ မိမိတို့ပတ်ဝန်းကျင်ကျောင်းသား၊ ကျောင်းသူတွေထဲတွင်ကား မြန်မာစာအဓိက ကိုတင်ဝင်း (နောင်အခါ ဝင်းလတ်ဟူသောကဗျာဆရာဖြစ်လာသူ)နှင့် မိမိတို့သည် စာအုပ်အငှားဆုံး၊ အဖတ်ဆုံးကျောင်းသားဖြစ်ပါ၏။ ကိုတင်ဝင်းကတော့ မိဘထံမှ လစဉ်ပို့ပေးသော ငွေလည်းလုံလောက်ပုံရသဖြင့် မိမိထက် စာအုပ်ပိုဝယ်နိုင်သည်။

ရွှေပြည်အေးဆောင် မြေညီထပ် အနောက်တောင်ထောင့်အဝင်လမ်း စကြံန်ဘေးမှာ အပတ်စဉ်စာအုပ်လာပြီးရောင်းသော ဦးကျော်ဝင်းဆီမှ စာအုပ်သစ်များ လစဉ်သူက ဝယ်လေ့ရှိ၏။ မိမိက သူ့ဆီက ငှားယူ၍ ဖတ်ခွင့်ရခဲ့၏။ စာဖတ်သဖြင့် အသိအမြင်ကျယ်လာခြင်းသာမက အတွေးအခေါ်လေးနက်ခြင်းနှင့် ဆင်ခြင်တုံတရားပိုမိုအားကောင်းခြင်းလည်း အကျိုးရှိသည်ဟု သတိထားမိပါ၏။

မိမိက (၁၉၆၈ ဇန်နဝါရီ ၁ ရက်မှစ၍ အင်အားကြီးမားသောလက်နက်ကိုင် နယ်စပ်ဆူပူတိုက်ပွဲများ၊ ထိုင်း၊ မလေးရှား၊ အင်ဒိုနီးရှားနိုင်ငံများထိ ဝါဒလှိုင်းတစ်ချိန်တည်း တစ်ပြိုင်တည်း ရိုက်ခတ်ခံစားကြရသောအချိန်) မိမိတို့နိုင်ငံငယ်တစ်ခု၏ အချုပ်အခြာအာဏာနှင့် နယ်မြေတည်တံ့ခိုင်မြဲရေးမှာ မိမိတို့က အသက်အရွယ်အရ ကာကွယ်တွန်းလှန်ရာတွင် တာဝန်သိသိပါဝင်ကြရမည်ဟု ခံယူသည့်အလျောက် စစ်ရုံးသို့ ဗိုလ်လောင်းသင်တန်းဝင်ခွင့်လျှောက်ထားလိုက်ခဲ့၏။ မော်ဘီဗိုလ်သင်တန်းမတက်ရလည်း စစ်သားစုဆောင်းရေးသွားပြီး သာမန်စစ်သားအဖြစ်လည်း ဝင်တိုက်မည်ဟုခိုင်မာစွာသန္နိဋ္ဌာန်ချပြီးဖြစ်ပါ၏။

နိုင်ငံတကာအမြင်ရှိခြင်း၊ ပထဝီနိုင်ငံရေးကို နားလည်ခဲ့ခြင်း၊ နိုင်ငံရေးဝါဒလှိုင်းများက လွတ်လပ်ရေးကို လူငယ်များက အသက်ပေးကာကွယ်ကြရမည့်အခြေအနေဟု သိမြင်သဖြင့် စစ်သားဘဝကို ကိုယ်တိုင်ရွေးချယ်ခဲ့ခြင်းပင်။

၁၉၈၆ ခုနှစ်အတွင်း ကျောင်းအားရက်တွင် သူငယ်ချင်းနှင့်အတူ မေမြို့(ယခုပြင်ဦးလွင်)ဘူတာရုံအနီး သူ့အိမ်ကရှိသဖြင့် ပြင်ဦးလွင်ဘူတာရုံကိုဖြတ်လျက် ဈေးဘက်သို့သွားတိုင်းသွားတိုင်း၊ လားရှိုးဘက်မှလာသော ရထားတွဲများတွင် သွေးမခြောက်သေးသောပတ်တီးဖြူဖြူပေါ်မှ ဒဏ်ရာဒဏ်ချက်သွေးစက်လက် ခြေပြတ်၊ လက်ပြတ် စစ်သားလူနာများစွာမြင်နေရသည်။ ဤရဲဘော်တွေနေရာ ကိုယ့်မြေကိုယ့်ရေ ကိုယ့်တောင်ကုန်းကို ငါတို့က နေရာယူ ခုခံကာကွယ်ရပေမည်ဟု ဆုံးဖြတ်ခဲ့သည်။

ဘဝတစ်ခုလုံးကို အသက်မွေးဝမ်းကျောင်းအလုပ်အကိုင်စာရေးဆရာလုပ်စားမည်။ ဆင်းရဲဆင်းရဲ၊ မွဲချင်မွဲပါစေ၊ စာရေးမည် ဦးတည်ရည်မှန်းခဲ့သည်။ ဘဝအခြေအနေအရ စစ်သားဘဝနှစ် ၃၀ မျှ (အသက်နှစ်ဆယ်ကျော်မှ ငါးဆယ်ကျော်စထိ) ပါဝင်ထမ်းဆောင်ခဲ့ပါ၏။ မည်သူ၏တိုက်တွန်းချက်မှ မပါပါ။ ရည်းစားလည်းမထားခဲ့လေတော့ တားမည့်ချစ်သူလည်းမရှိခဲ့ပေ။ နိုင်ငံတော်ကို ကာကွယ်ဖို့ရာထက် ဘာကိုမှ ဦးစားမပေးခဲ့ပေ။

စစ်သားဘဝပြီးတော့ စာရေးသူဖြစ်လာခွင့်ရခြင်းအတွက် အခွင့်သာသောကံကြမ္မာအခြေအနေကို မသေခင်လေး ကျေးဇူးတင်စကားဆိုခွင့်ရခြင်းကပင် ကံကောင်းခြင်းမင်္ဂလာဖြစ်ပေတော့သည်။ မသေမချင်း ကလောင်ကိုင်နိုင်သမျှ ပြည်သူတွေ ပျော်ရွှင်လန်းဆန်းစေမည့်စာပေတွေ ရေးနေပါဦးမည်။ စာရေးဖို့အတွက် သက်သက်မွေးဖွားလာခဲ့သည့် စာရေးသူပါတည်း။

# လမ်းလျှောက်ခြင်းဖြင့် ကြွက်သားများ သန်မာစေနိုင်သည်



မိမိတို့ရဲ့ ခန္ဓာကိုယ်မှာ အဆီပိုတွေ မရှိတော့ဘူးဆိုရင် ကြွက်သားတွေကလည်း ပိုမို ပေါ်လွင်လာပြီး သန်မာလာမှာ ဖြစ်ပါတယ်။

ဒီလို ဖြစ်ချင်တယ်ဆိုရင်တော့ တစ်ရက်ကို ခြေလှမ်းရေ ၁၀၀၀၀ လောက် လမ်းလျှောက်ပေးရုံနဲ့တင် ရရှိနိုင်ပါတယ်။

ဒီထက်ပိုပြီး ပြင်းထန်တဲ့ လေ့ကျင့်ခန်းမျိုးလိုချင်တယ်ဆိုရင်တော့ တောင်တက်လမ်းလျှောက်ခြင်းကိုလည်း ကြိုးစားကြည့်သင့်ပါတယ်။

ဒါ့အပြင် စက္ကန့် ၃၀မှ ၁ မိနစ်၊ ၂ မိနစ်အထိ ခပ်မြန်မြန်လမ်းလျှောက်ပြီး ပုံမှန်လမ်းပြန်လျှောက်ခြင်း၊ အဲဒီနောက် ခပ်မြန်မြန်ပြန်ပြီး လမ်းလျှောက်ခြင်းလိုမျိုး လေ့ကျင့်ခန်းတွေကလည်း ထိရောက်မှုရှိလှပါတယ်။

လမ်းလျှောက်ခြင်းဟာ သင့်ခန္ဓာကိုယ်တစ်လျှောက်မှာရှိတဲ့ ကြွက်သားတွေရဲ့ တင်းအားကို တိုးမြင့်စေတာသာဖြစ်ပါတယ်။

လမ်းလျှောက်ခြင်းဟာ ပြင်းထန်တဲ့ လေ့ကျင့်ခန်းမဟုတ်တဲ့အတွက် ကြွက်သားတွေနာကျင်ခြင်းမရှိစေပါဘူး။ ဒါကြောင့် အနာတရဖြစ်တာမျိုး၊ နောက်တစ်ခေါက် လမ်းလျှောက်ဖို့အတွက် ကြွက်သားတွေနာလို့ မလျှောက်နိုင်တာမျိုးလည်း မဖြစ်စေပါဘူး။

# ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၁၆၄၃ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ကလေးဝ နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပြောင်းသီးနှံ ၁၆၄၃ ဧကထိစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးဝမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၅၄၄ ဧကနှင့် ဖူးစားပြောင်း ဧက ၁၆၁၀ စုစုပေါင်း ၂၁၅၄ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်း ၃၉၅ ဧက၊ ဖူးစားပြောင်း ၁၂၄၈ ဧက စုစုပေါင်း ၁၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံ စိုက်ပျိုးရာသီ ကလေးဝမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်းဧက ၂၀၀၀ ကျော် ဧကစိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ၁၆၄၃ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းတွေဖြစ်ထွန်းအောင်မြင်ဖို့၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေဖို့ အသိပညာပေး ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးဝမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြသည်။

ကလေးဝမြို့နယ်တွင် ပြောင်းသီးနှံစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ သဘာဝပိုးသတ်ဆေးနှင့် သဘာဝမြေသြဇာများ ပြုလုပ်သုံးစွဲတတ်စေရေး စသည့်စိုက်ပျိုးရေးဆိုင်ရာ အသိပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပြောင်းသီးနှံကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်းစားသုံးမှုဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် ပြောင်းသီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးမျိုးနိုင်က ပြောပြ၍ သိရသည်။

(၂၀၆)

# လပွတ္တာမြို့နယ်တွင် နေလှန်းဆားများ အရောင်းအဝယ်ကောင်းမွန်နေ

**လပွတ္တာ နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာခရိုင် လပွတ္တာမြို့နယ်မှ ဒေသထွက် နေလှန်းဆားများ ဝယ်လိုအားကောင်းမွန်ပြီး အရောင်းအဝယ်ကောင်းမွန်နေကြောင်း လပွတ္တာမြို့နယ် နေလှန်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် နေလှန်းဆားများ ယခုနှစ် နိုဝင်ဘာလ ဒုတိယပတ်ကစတင်ပြီး ယနေ့တိုင် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါနေလှန်းဆား တစ်ပိဿာလျှင် ငွေကျပ် ၇၀၀ ဖြင့် အရောင်းအဝယ်ဖြစ်နေကြောင်း သိရသည်။

"နေလှန်းဆားတွေ အရောင်းအဝယ်လိုက်နေပါတယ်။ ငါးပိ ငါးခြောက်တွေ လုပ်တဲ့ကာလဆိုတော့ ဆားအရောင်းအဝယ်ကောင်းလာတာပါ။ ဆားတွေကတော့ ဒေသထွက် နေလှန်းဆားတွေပါပဲ။ လတ်တလောအနေနဲ့ တစ်ရက်တာ နေလှန်းဆား ပိဿာချိန် ၂၅၀၀ ကနေ ၅၅၀၀ ထိ အရောင်း အဝယ်ဖြစ်နေပါတယ်။ အခုလို ဆားအရောင်းအဝယ်ကောင်းလာတော့ ဆားထုတ်လုပ်တဲ့လုပ်ငန်းနဲ့ ဆက်စပ်တဲ့သူတွေ အလုပ်အကိုင် အခွင့်အလမ်းရရှိပြီး အဆင်ပြေလာပါတယ်"ဟု လပွတ္တာမြို့နယ် နေလှမ်းဆားထုတ်လုပ်ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်သူသူအောင်က ပြောပြသည်။



လပွတ္တာမြို့နယ်တွင် ဒေသထွက် နေလှန်းဆားများကို ဆားပွဲရုံပိုင်ရှင်များက စနစ်တကျ ထုတ်လုပ်ပြီး ရန်ကုန်ဈေးကွက်သို့ အဓိကထား တင်ပို့ရောင်းချလျက်ရှိကြောင်း၊ အဆိုပါ နေလှန်းဆား ၁၀ ပိဿာလျှင် ငွေကျပ် ၇၀၀၀ ထိ ပေါက်ဈေးရှိကြောင်း၊ အဆိုပါဒေသထွက် နေလှန်းဆားများကို ငါးပိ၊ ငါးခြောက်၊ ငံပြာရည် စသည့်လုပ်ငန်းများတွင် အဓိက အသုံးပြုကြကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကိုယ့်ပြည်ဂုဏ်ရည် ဝင့်ထည်ဖို့

- သွေးစည်းနှီးကြား ပြည်ထောင်ဖွားတို့
  တစ်သားတည်းတည် ဟန်ချက်ညီစွာ
  ကိုယ့်ပြည်ကြမ္မာ
  ကိုယ်သာဖန်တီး ကိုယ့်ခရီးတွက်
  ပေါင်းစည်းညီညာ လှမ်းဆက်ပါမှ
  ပြည်ရွာဂုဏ်ဒြပ် သမိုင်းမြတ်နှင့်
  ရပ်တည်မှန်စွာ ထွန်းပြောင်ပါလိမ့်
  "မြန်မာ"ဆိုတာ မမေ့နှင့်။

- သွေးစည်းနှီးကြား ပြည်ထောင်ဖွားတို့
  ဘိုးဘွားအမွေ အမြုတေကို
  မကြွေမညှိုး
  အမျိုးသားမူဟန် လမ်းကြောင်းမှန်တွက်
  ဆက်ခံညီညာ ကာကွယ်ပါမှ
  ပြည်ရွာဂုဏ်ဒြပ် သမိုင်းမြတ်နှင့်
  ရပ်တည်မှန်စွာ ခံ့ညားပါလိမ့်
  "မြန်မာ"ဆိုတာ မမေ့နှင့်။

- သွေးစည်းနှီးကြား ပြည်ထောင်ဖွားတို့
  ခါးသီးဖြတ်သန်း နှောင်းတိတ်လမ်းက
  သင်ခန်းစာဖွေ
  ကိုယ့်မြေပိုင်နက် ရပ်တည်ချက်တွက်
  တွဲလက်ညီညာ ဝန်းရံပါမှ
  ပြည်ရွာဂုဏ်ဒြပ် သမိုင်းမြတ်နှင့်
  ရပ်တည်မှန်စွာ ကြီးမြတ်ပါလိမ့်
  "မြန်မာ"ဆိုတာ မမေ့နှင့်။

- ဇာတိပုညဂုဏ်မာနနှင့်
  "မြန်မာ့နှုန်းစံ အောင်ပန်းပန်"ဖို့
  "မြန်မာ့မျိုးဂုဏ် စည်းရိုးလုံ"ဖို့
  ဟစ်ရုံကြွေးရုံ ချစ်ပြရုံနှင့်
  ပြည့်စုံနိုင်ပြီ လုံခြုံမည်လား
  ညီညွတ်မှသာ ပြည်သာယာအံ့
  ညီညွတ်မှသာ တိုးတက်ပါအံ့
  စဉ်လာညီညာ ဆက်ခံကာလျှင်
  မြန်မာဟန်ချီ မြန်မာပီစွာ
  ကိုယ့်ပြည်ဂုဏ်ရည် ဝင့်ထည်ဖို့...
  ကိုယ့်ပြည်အရေး ကိုယ့်အရေးမို့...
  သွေးစည်းလက်ယုက် လှမ်းချီစို့...။ ။

**မောင်မောင်ထွန်း(ပန်းပျိုးအိမ်)**

# ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- **Home Stay** နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏ ထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း စသည်တို့ကို **Alcohol** ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

# နိုင်ငံတကာ သတင်းများ



## မဟာဗျူဟာလက်နက်များ လေတပ်ကိုတပ်ဆင်မည်ဟု မြောက်ကိုရီးယားခေါင်းဆောင် ကင်ဂျုံအန် ပြောကြား

ပြုံယမ်း နိုဝင်ဘာ ၃၀

မြောက်ကိုရီးယား လေတပ်ကို မဟာဗျူဟာမြောက် စစ်လက်နက်ပစ္စည်းများ တပ်ဆင်ပေးမည် ဖြစ်ကြောင်း မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က နိုဝင်ဘာ ၂၈ ရက်တွင် ပြောကြားခဲ့သည်ဟု RT သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

နိုဝင်ဘာ ၂၈ ရက်တွင် ကျင်းပသည့် မြောက်ကိုရီးယားလေတပ်ဖွဲ့စည်းတည်ထောင်မှု နှစ် ၈၀ ပြည့် အခမ်းအနား၌ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က အဆိုပါအတိုင်း ပြောကြားခဲ့ခြင်း ဖြစ်သည်။

လေတပ်အတွက် မဟာဗျူဟာမြောက် စစ်လက်နက်ပစ္စည်းများ တပ်ဆင်ပေးမည်ဖြစ်ပြီး အရေးကြီးသည့် တာဝန်သစ်တစ်ရပ် အပ်နှင်းမည်ဖြစ်ကြောင်း လေတပ်ဖွဲ့စည်းတည်ထောင်မှု နှစ် ၈၀ ပြည့် အခမ်းအနားမိန့်ခွန်းတွင် မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ပြောကြားခဲ့သည်။

သို့ရာတွင် လေတပ်လက်နက် တပ်ဆင်ရေး အစီအစဉ်နှင့် ပတ်သက်၍ အသေးစိတ်အချက်အလက်များကို မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်က ထုတ်ဖော်ပြောကြားထားခြင်း မရှိကြောင်း သိရသည်။

လေတပ်ဖွဲ့စည်းတည်ထောင်မှု နှစ် ၈၀ ပြည့် အခမ်းအနားသို့ မြောက်ကိုရီးယား ခေါင်းဆောင် ကင်ဂျုံအန်နှင့်အတူ သမီးဖြစ်သူ ဂျူအေးလည်း တက်ရောက်ခဲ့သည်။

ဂျူအေးကို မြောက်ကိုရီးယား ခေါင်းဆောင်ကင်ဂျုံအန်၏ အရိုက်အရာဆက်ခံမည့်သူအဖြစ် လေ့လာစောင့်ကြည့်သူများက သတ်မှတ်ထားကြောင်း သိရသည်။

Ref : RT

Trs : KKO

## ကွန်ဂိုနိုင်ငံ၌ ရေယာဉ်တိမ်းမှောက်မှုကြောင့် ခရီးသည် ၁၉ ဦး သေဆုံး

ကင်ရှာဆာ နိုဝင်ဘာ ၃၀

ကွန်ဂိုနိုင်ငံ မိုင်အင်န်ဒမ်ဘီ မြစ်အတွင်း နိုဝင်ဘာ ၂၉ ရက်က လေပြင်းတိုက်ခတ်မှုကြောင့် ခရီးသည်တင် ကူးတို့သင်္ဘောတစ်စီး တိမ်းမှောက်ခဲ့ရာ အနည်းဆုံး လူ ၁၉ ဦး သေဆုံးခဲ့ကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

အဆိုပါ ကူးတို့သင်္ဘောသည် နိုဝင်ဘာ ၂၇ ရက် ညပိုင်းတွင် ကီရီ အမည်ရှိကျေးရွာမှ စတင်ထွက်ခွာလာပြီး ကင်ရှာဆာမြို့သို့ ဦးတည်မောင်းနှင်နေစဉ် မိုင်အင်န်ဒမ်ဘီ မြစ်အတွင်း တိမ်းမှောက်ခဲ့ခြင်း ဖြစ်သည်။

ရေယာဉ်တိမ်းမှောက်မှုကြောင့် လူ ၁၉ ဦး သေဆုံးခဲ့ပြီး ၈၂ ဦးကို ကယ်တင်နိုင်ခဲ့ကြောင်း ကွန်ဂိုနိုင်ငံတာဝန်ရှိသူများက ပြောကြားထားသည်။

တိမ်းမှောက်ခဲ့သည့် ကူးတို့သင်္ဘောပေါ်တွင် ခရီးသည် ဦးရေ ၂၀၀ ခန့် လိုက်ပါသွားခဲ့ရာ ပျောက်ဆုံးနေသူများကို ဆက်လက်ရှာဖွေနေဆဲဖြစ်သည်။

ကွန်ဂိုနိုင်ငံ ကျေးလက်ဒေသများတွင် သွားလာရေးအတွက် ရေလမ်းကြောင်းကို အဓိကအားပြုနေရသော်လည်း ရေယာဉ်များ သက်တမ်းကြာမြင့်မှု၊ ခရီးသည်နှင့် ကုန်စည်များ သတ်မှတ်ဝန်ထက် ပိုမို သယ်ဆောင်မှုတို့ကြောင့် ရေကြောင်း မတော်တဆမှုများ မကြာခဏ ဖြစ်ပွားလျက်ရှိသည်။

ထို့ပြင် ယခုနှစ် စက်တင်ဘာလအတွင်းမှာပင် ကွန်ဂိုနိုင်ငံ၏ ဒေသနှစ်ခု၌ ဖြစ်ပွားခဲ့သည့် ရေယာဉ်မတော်တဆမှုများကြောင့် လူဦးရေ ၂၀၀ ခန့် သေဆုံးခဲ့ရကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## အာဖဂန်နစ္စတန်နိုင်ငံသားများအတွက် ဗီဇာထုတ်ပေးမှုရပ်ထားရန် သံတမန်များကို အမေရိကန်အစိုးရ ညွှန်ကြား

ဝါရှင်တန် နိုဝင်ဘာ ၃၀



အာဖဂန်နစ္စတန် နိုင်ငံသားများအတွက် ပြည်ဝင်ခွင့်ဗီဇာများ ထုတ်ပေးမှုကို ရပ်ထားရန် ကမ္ဘာတစ်ဝန်းလုံးရှိ အမေရိကန် သံတမန်များကို အမေရိကန်အစိုးရက နိုဝင်ဘာ ၂၉ ရက်တွင် ညွှန်ကြားထားကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ဝါရှင်တန်ဒီစီရှိ အိမ်ဖြူတော်အနီးဖြစ်ပွားခဲ့သည့် သေနတ်ပစ်ခတ်မှုကြောင့် အမျိုးသားအစောင့်တပ်ဖွဲ့ဝင် တစ်ဦးသေဆုံး၍ တစ်ဦး ဒဏ်ရာရရှိခဲ့ပြီးနောက် အဆိုပါ ညွှန်ကြားချက်ကို ကမ္ဘာတစ်ဝန်းရှိ သံတမန်များထံ အမေရိကန်အစိုးရက နိုဝင်ဘာ ၂၈ ရက်တွင် ပေးပို့ထားခြင်းဖြစ်သည်။

အမေရိကန်အစိုးရ၏ ညွှန်ကြားချက်တွင် အထူးလူဝင်မှုဗီဇာ လျှောက်ထားသူများ အပါအဝင် အာဖဂန်နစ္စတန် နိုင်ငံသားများအတွက် ဗီဇာထုတ်ပေးရေး လုပ်ငန်းများကို ရပ်တန့်ထားရန် ကောင်စစ်ဝန်ရုံး တာဝန်ရှိသူများကို ညွှန်ကြားထားသည်။

အထူးလူဝင်မှု ဗီဇာအစီအစဉ်သည် နှစ် ၂၀ ကြာ အာဖဂန်ပဋိပက္ခအတွင်း အမေရိကန်နိုင်ငံကို ကူညီခဲ့သော အာဖဂန်လူမျိုးများအတွက် သမ္မတဟောင်း ဂျိုးဘိုင်ဒင် လက်ထက်တွင် ခွင့်ပြုပေးထားသော ဗီဇာအစီအစဉ်ဖြစ်သည်။

အမေရိကန်အစိုးရ၏ နိုဝင်ဘာ ၂၈ ရက် ညွှန်ကြားချက်အရ အဆိုပါ အထူးလူဝင်မှုဗီဇာ အစီအစဉ်မှာ ရပ်တန့်ခဲ့ရသည်။

အိမ်ဖြူတော်အနီး နိုဝင်ဘာ ၂၆ ရက်တွင် ဖြစ်ပွားခဲ့သော သေနတ်ပစ်ခတ်မှုကို ကျူးလွန်ခဲ့သူမှာ ၂၀၂၁ ခုနှစ်က အမေရိကန်နိုင်ငံသို့ ရောက်ရှိခဲ့သည့် အာဖဂန်နစ္စတန် နိုင်ငံသားတစ်ဦး ဖြစ်ကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## တရုတ်နိုင်ငံ၌ အထပ်မြင့်အဆောက်အအုံများ မီးဘေးလုံခြုံရေးစစ်ဆေးမှု တစ်နိုင်ငံလုံးတွင် စတင်

ပေကျင်း နိုဝင်ဘာ ၃၀

ဟောင်ကောင် အထူးကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အထပ်မြင့် အိမ်ရာ မီးလောင်မှုကြောင့် အနည်းဆုံး လူ ၁၂၈ ဦး သေဆုံးခဲ့ရပြီးနောက် တရုတ်အစိုးရက တစ်နိုင်ငံလုံး အတိုင်းအတာအရ အထပ်မြင့် အဆောက်အအုံများ မီးဘေးအန္တရာယ် လုံခြုံရေး စစ်ဆေးမှုများကို နိုဝင်ဘာ ၂၉ ရက်တွင် စတင်နေကြောင်း Xinhua သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

တစ်နိုင်ငံလုံး အတိုင်းအတာအရ အထပ်မြင့်အဆောက်အအုံများ၏ မီးဘေးအန္တရာယ်လုံခြုံရေး စနစ်များကို စစ်ဆေးရန် တရုတ်နိုင်ငံတော်ကောင်စီ အလုပ်ခွင်လုံခြုံရေးကော်မတီက ဒေသန္တရ အာဏာပိုင်များကို နိုဝင်ဘာ ၂၉ ရက်တွင် ညွှန်ကြားထားကြောင်း တရုတ်မီဒီယာများက သတင်းထုတ်ပြန်ထားသည်။

မိမိတို့အနေဖြင့် အများပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ထိထိရောက်ရောက် ကာကွယ်ရေးအတွက် အထပ်မြင့် အဆောက်အအုံများ၏ မီးဘေးအန္တရာယ် လုံခြုံရေးစနစ်များကို မြှင့်တင်ရလိမ့်မည်ဖြစ်ကြောင်း တရုတ်အစိုးရ အရေးပေါ်အခြေအနေ စီမံခန့်ခွဲရေး ဝန်ကြီးဌာနကလည်း ကြေညာထားသည်။



ဟောင်ကောင်ဒေသမှ ဝန်ဖက်ခ်် အထပ်မြင့် အိမ်ရာ၌ နိုဝင်ဘာ ၂၆ ရက်က မီးလောင်ကျွမ်းမှုဖြစ်ပွားခဲ့ရာအနည်းဆုံး လူ ၁၂၈ ဦး သေဆုံးခဲ့သည်။

ဝန်ဖက်ခ်် အထပ်မြင့်အိမ်ရာ မီးလောင်မှုသည် ၂၄ နာရီကြာမြင့်ခဲ့ပြီး မီးသတ်သမားဦးရေ ၁၀၀၀ ကျော်တို့က ဝိုင်းဝန်းငြိမ်းသတ်ခဲ့ကြရသည်။

ဝန်ဖက်ခ်် အထပ်မြင့်အိမ်ရာသည် အထပ် ၃၂ ထပ်ပါ အဆောက်အအုံ ရှစ်လုံးဖြင့် ဖွဲ့စည်းထားပြီး နေထိုင်သူဦးရေ ၄၈၀၀ ထိရှိကြောင်း သိရသည်။

Ref : Xinhua

Trs : KKO

## ပင်လယ်နက်ရေနံဆိပ်ကမ်းတိုက်ခိုက်မှုများ ရပ်တန့်ရန် ယူကရိန်းကို ကာဇက်စတန် တောင်းဆို

မော်စကို နိုဝင်ဘာ ၃၀

ကတ်စပီယံ ရေနံပိုက်လိုင်း လုပ်ငန်းစု၏ ပင်လယ်နက်ရေနံ ဆိပ်ကမ်းကို တိုက်ခိုက်မှုများ ရပ်တန့်ရန် ကာဇက်စတန်နိုင်ငံက ယူကရိန်းနိုင်ငံကို ယနေ့တွင် ပြောကြားထားကြောင်း RT သတင်းဌာနက ဖော်ပြထားသည်။

ယူကရိန်း တပ်မတော်က ရေပြင် မောင်းသူမဲ့ယာဉ်တစ်စီးဖြင့် တိုက်ခိုက်မှုကြောင့် ရေနံ ဆိပ်ကမ်းပျက်စီးမှုများ ဖြစ်ပေါ်ခဲ့ရပြီးနောက် ကာဇက်စတန်နိုင်ငံက အဆိုပါအတိုင်း တောင်းဆိုခဲ့ခြင်းဖြစ်သည်။

ယူကရိန်းတပ်မတော်က ပြုလုပ်ခဲ့သော မောင်းသူမဲ့ရေယာဉ် တိုက်ခိုက်မှုကြောင့် ပင်လယ်နက်ရေနံဆိပ်ကမ်းလုပ်ငန်း လည်ပတ်မှု ရပ်တန့်ထားရကြောင်း ကာဇက်စတန်အစိုးရ တာဝန်ရှိသူများက ပြောကြားသည်။

ကတ်စပီယံ ရေနံပိုက်လိုင်း လုပ်ငန်းစု(စီပီစီ)ကို ရုရှား၊ ကာဇက်စတန်၊ အမေရိကန် အစုရှယ်ယာရှင်များက ပိုင်ဆိုင်ကြောင်း သိရသည်။

စီပီစီကုမ္ပဏီ၏ ပင်လယ်နက် ရေနံဆိပ်ကမ်းသည် ကမ္ဘာ့ရေနံထုတ်လုပ်မှုပမာဏ၏ တစ်ရာခိုင်နှုန်းကို ကိုင်တွယ်နေသည့် ရေနံဆိပ်ကမ်းဖြစ်သည်။

ယူကရိန်းနိုင်ငံသည် ယခုနှစ်အတွင်း စီပီစီပင်လယ်နက် ရေနံဆိပ်ကမ်းကို မောင်းသူမဲ့ရေယာဉ်များဖြင့် အနည်းဆုံး သုံးကြိမ် တိုက်ခိုက်ခဲ့ကြောင်း ကာဇက်စတန် တာဝန်ရှိသူများက ပြောကြားထားကြောင်း သိရသည်။

Ref : RT

Trs : KKO

# SCIENCE AND TECHNOLOGY

## ဆိုယုဇ်အမ်အက်စ်- ၂၈ အာကာသလူသယ်ယာဉ်ကို အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သော်လည်း ဒုံးပစ်စင်ပျက်စီးခဲ့



**မော်စကို နိုဝင်ဘာ ၃၀**

ရုရှား အာကာသအေဂျင်စီသည် အာကာသယာဉ်မှူး သုံးဦး လိုက်ပါသည့်ဆိုယုဇ်အမ်အက်စ်-၂၈ အာကာသလူသယ်ယာဉ်ကို နိုဝင်ဘာ ၂၈ ရက်တွင် အောင်မြင်စွာ လွှတ်တင်နိုင်ခဲ့သော်လည်း ဒုံးပစ်စင်ပျက်စီးခဲ့ရကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

ရုရှား အာကာသအေဂျင်စီသည် ဆိုယုဇ်အမ်အက်စ်-၂၈ အာကာသ လူသယ်ယာဉ်ကို ဆိုယုဇ်-၂-၂ အေ ဒုံးပျံဖြင့် ကာဇက်စတန်နိုင်ငံ ဘိုင်ကိုနေ့အာကာသစခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

သို့ရာတွင် လွှတ်တင်မှုအောင်မြင်ခဲ့သော်လည်း ဘိုင်ကိုနေ့ အာကာသစခန်း ဒုံးပစ်စင်မှာ ပျက်စီးမှုများ ရှိခဲ့ရသည်ဟု ရုရှားအာကာသအေဂျင်စီက သတင်းထုတ်ပြန်ထားကြောင်း သိရသည်။

လက်ရှိအချိန်တွင် ဘိုင်ကိုနေ့အာကာသစခန်း ဒုံးပစ်စင်ပျက်စီးမှု အတိုင်းအဆကို ဆန်းစစ်နေဆဲဖြစ်သည်ဟု ရုရှားအာကာသအေဂျင်စီမှ တာဝန်ရှိသူများက ပြောကြားကြောင်း သိရသည်။

ဒုံးပစ်စင်ပျက်စီးမှုကို ပြန်လည် ပြင်ဆင်ရေးအတွက်လည်း စတင် ဆောင်ရွက်နေပြီဖြစ်သည်ဟု ရုရှားအာကာသအေဂျင်စီ သတင်းထုတ်ပြန်ချက်၌ ဖော်ပြထားကြောင်း သိရသည်။

ဆိုယုဇ်အမ်အက်စ်-၂၈ အာကာသလူသယ်ယာဉ်သည် လွှတ်တင်ပြီး ၃ နာရီခန့် အကြာတွင် နိုင်ငံတကာ အာကာသစခန်းနှင့် အောင်မြင်စွာ ချိတ်ဆက်နိုင်ခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## အမေရိကန်နိုင်ငံအခြေစိုက် စပေ့အိတ်ကုမ္ပဏီက Transporter-15 မစ်ရှင်ဖြင့် ဂြိုဟ်တုအစင်း ၁၄၀ ကို အောင်မြင်စွာ လွှတ်တင်ခဲ့

**ဝါရှင်တန် နိုဝင်ဘာ ၃၀**

အမေရိကန်နိုင်ငံ အခြေစိုက် စပေ့အိတ်ကုမ္ပဏီသည် Transporter-15 အမည်ရှိ မစ်ရှင်ဖြင့် ဂြိုဟ်တုအစင်း ၁၄၀ ကို နိုဝင်ဘာ ၂၉ ရက်တွင် အောင်မြင်စွာ လွှတ်တင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဂြိုဟ်တုအစင်း ၁၄၀ ကို သယ်ဆောင်ထားသည့် ဖယ်လ်ကွန်-၉ ဒုံးပျံအား ကယ်လီဖိုးနီးယားပြည်နယ် ဗင်ဒန်ဘာ့ဂ်လေတပ်စခန်းမှတစ်ဆင့် လွှတ်တင်ခဲ့ခြင်းဖြစ်သည်။

လွှတ်တင်ပြီးနောက် ဖယ်လ်ကွန်-၉ ဒုံးပျံသည် သယ်ဆောင်ထားသည့် ဂြိုဟ်တုအစင်း ၁၄၀ ကို ၂ ဒသမ ၅ နာရီကြာအချိန်ယူ၍ သတ်မှတ်ပတ်လမ်းပေါ်သို့ပို့ဆောင်ပေးခဲ့ကြောင်း စပေ့အိတ်ကုမ္ပဏီက သတင်းထုတ်ပြန်ထားသည်။

ဖယ်လ်ကွန်-၉ ဒုံးပျံ၏ ပထမအဆင့် ပင်မဒုံးယာဉ်ကမူ လွှတ်တင်ပြီး ရှစ်မိနစ်ကျော်အကြာတွင် ပစိဖိတ်သမုဒ္ဒရာအတွင်း စောင့်ဆိုင်းနေသော မောင်းသူမဲ့တွဲရေယာဉ်ပေါ်သို့ ပြန်လည်ဆင်းသက်နိုင်ခဲ့သည်။



စပေ့အိတ်ကုမ္ပဏီသည် မူလက Transporter-15 မစ်ရှင်ကို နိုဝင်ဘာ ၂၆ ရက်တွင် လွှတ်တင်ရန်စီစဉ်ထားသော်လည်း မလွှတ်တင်မီ ၁၅ မိနစ် အလိုတွင် အကြောင်းတစ်စုံတစ်ရာကြောင့် အစီအစဉ် ဖျက်သိမ်းခဲ့ရသည်။

စပေ့အိတ်ကုမ္ပဏီ၏ Transporter မစ်ရှင်များသည် ကမ္ဘာ့နိုင်ငံများ၊ အဖွဲ့အစည်းများ၏ ဂြိုဟ်တုများကို စုပေါင်းစပ်ပေါင်း လွှတ်တင်ပေးနေသည့် မစ်ရှင်များဖြစ်ကြသည်။

Ref : Sputnik News

Trs : KKO

## ဟင်းတစ်ခွက်၏ အပူအစပ်ကို တိုင်းတာပေးနိုင်သည့် ဇီဝလျှပ်တုတစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များက ဖန်တီးထား

**ပေကျင်း နိုဝင်ဘာ ၃၀**

ဟင်းတစ်ခွက်၏အပူအစပ်ကို တိုင်းတာပေးနိုင်သည့် ဇီဝလျှာတုတစ်မျိုးကို တရုတ်သိပ္ပံပညာရှင်များက ဖန်တီးထားကြောင်း နိုဝင်ဘာ ၂၉ ရက်သတင်းများအရ သိရသည်။

အဆိုပါ ဇီဝလျှာတုကို အသုံးပြုခြင်းဖြင့် လူသားများအနေဖြင့် ဟင်းတစ်ခွက်ကို လျှာအပူခံမြည်းရန်မလိုဘဲ ဟင်း၏အပူအစပ်အတိုင်းအဆကို ချက်ချင်းတိုင်းတာပေးနိုင်ကြောင်း သိရသည်။

အဆိုပါဇီဝလျှာတုကို အပူအစပ်လျှော့ချပေးနိုင်သည့် နွားနို့၏သတ္တိကိုအခြေခံ၍ တရုတ်နိုင်ငံ အရှေ့တရုတ်သိပ္ပံနှင့်နည်းပညာတက္ကသိုလ်မှ သိပ္ပံပညာရှင်များက ဖန်တီးထားခြင်းဖြစ်ကြောင်း သိရသည်။

နွားနို့ပရိုတင်းများသည် ငရုတ်သီး၏အပူအစပ်အတွက် တာဝန်ရှိသည့် Capsacin ခေါ် ဓာတုဒြပ်ပေါင်းတစ်မျိုးတွင်တွယ်ကပ်၍ အပူအစပ်ဂုဏ်သတ္တိကို လျှော့ချပေးနိုင်ကြောင်း တရုတ်သိပ္ပံပညာရှင်များက ပြောကြားသည်။

အထက်ပါသဘာဝကိုအခြေခံ ဖန်တီးထားသည့် ဇီဝလျှာတုကို အပူအစပ်အဆင့် အမျိုးမျိုးရှိသည့် ငရုတ်သီးရှစ်မျိုးဖြင့်စမ်းသပ်ခဲ့ရာ အပူအစပ်အဆင့်ကို တိကျစွာ တိုင်းတာပေးနိုင်သည်။

တရုတ် သိပ္ပံပညာရှင်များ၏ ဇီဝလျှာတုသည် စားသောက်ကုန်ထုတ်လုပ်မှုလုပ်ငန်း အရည်အသွေး ထိန်းချုပ်မှုစနစ်ကို ကျေးဇူး ပြုနိုင်ဖွယ်ရှိကြောင်း သိရသည်။

Ref : Xinhua News

Trs : KKO

# HEALTH

## တစ်ရက်လျှင် ကော်ဖီလေးခွက်ထိသောက်သုံးပါက စိတ်မကျန်းမာသူများ ဘဝသက်တမ်းပိုရှည်လာနိုင်

**လန်ဒန် နိုဝင်ဘာ ၃၀**

တစ်ရက်လျှင် ကော်ဖီကို လေးခွက်ထိသောက်သုံးပါက စိတ်မကျန်းမာသူများ ဘဝသက်တမ်း ပိုရှည်လာနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

ကော်ဖီ ပုံမှန်သောက်သုံးမှုသည် နှလုံးရောဂါဖြစ်နိုင်ခြေ၊ ဦးနှောက်စွမ်းဆောင်ရည် ထိခိုက်ပျက်စီးမှုရောဂါ (Dementia) ဖြစ်နိုင်ခြေများကို လျှော့ချပေးနိုင်ကြောင်း ဆေးပညာရှင်များက လက်ခံထားပြီးဖြစ်သည်။

သို့ရာတွင် ဗြိတိန်သုတေသနပညာရှင်များ၏ အဆိုအရ ကော်ဖီကို ပုံမှန်သောက်သုံးမှုသည် စိတ်ကျန်းမာရေး ပြဿနာရှိနေသူများ အသက်ရှည်ရှည် နေနိုင်ရေးအတွက်လည်း အထောက်အကူပြုနိုင်ကြောင်း သိရသည်။

မိမိတို့၏ လေ့လာတွေ့ရှိချက်အရ စိတ်ကျန်းမာရေးပြဿနာရှိနေသူများအနေဖြင့် ကော်ဖီကို နေ့စဉ်လေးခွက်ထိ သောက်သုံးပါက ကော်ဖီလုံးဝမသောက်သူလူနာများထက် ဘဝသက်တမ်း ငါးနှစ် ပိုရှည်လာနိုင်ကြောင်း ဗြိတိန်သုတေသန ပညာရှင်များက ပြောကြားသည်။

ပြင်းထန်သည့် စိတ်ကျန်းမာရေးပြဿနာများ ခံစားနေရသူများသည် စိတ်ကျန်းမာရေးပုံမှန်ရှိသူများထက် ဘဝသက်တမ်း ၁၅ နှစ်ထိ ပိုတိုတောင်းတတ်သည်။

ဗြိတိန် သုတေသနပညာရှင်များသည် စိတ်ဝေဒနာရှင် လူနာ ၄၃၆ ဦးတို့၏ သွေးနမူနာများကို လေ့လာပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO

## နေ့စဉ်ကယ်လိုရီစားသုံးမှု ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ပါက ဦးနှောက်ကျန်းမာရေးကို အထောက်အကူပြုနိုင်

**နယူးယောက် နိုဝင်ဘာ ၃၀**

နေ့စဉ်ကယ်လိုရီစားသုံးမှုကို ၃၀ ရာခိုင်နှုန်း လျှော့ချနိုင်ပါက ဦးနှောက် ကျန်းမာရေးကို အထောက်အကူပြုကြောင်း သုတေသနပညာရှင်များ၏ အဆိုကို ကိုးကား၍နိုဝင်ဘာ ၂၉ ရက်သတင်းများတွင် ဖော်ပြထားသည်။

နေ့စဉ် ကယ်လိုရီစားသုံးမှု လျှော့ချခြင်းသည် ကိုယ်အလေးချိန်ကို လျှော့ချရေးအတွက် အထောက်အကူ ပြုသည်ဟု အများသိရှိထားပြီး ဖြစ်ကြောင်း သိရသည်။

ထို့ပြင် ကယ်လိုရီ နေ့စဉ်စားသုံးမှုကို လျှော့ချခြင်းဖြင့် ဦးနှောက်၏ ဇီဝသက်တမ်းအိုမင်းမှုကိုလည်း လျှော့ချပေးနိုင်ကြောင်း အမေရိကန် သုတေသနပညာရှင်များက ပြောကြားသည်။

အမေရိကန် သုတေသနပညာရှင်များ၏ လေ့လာချက်အရ ကယ်လိုရီစားသုံးမှုကို ၃၀ ရာခိုင်နှုန်း လျှော့ချပေးခြင်းဖြင့် ဦးနှောက်ဇီဝသက်တမ်း အိုမင်းမှုအရှိန်ကို သိသိသာသာ လျှော့ချပေးနိုင်သည်ကို တွေ့ရကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

သို့ရာတွင် ကယ်လိုရီလျှော့ချစားသုံးမှုကို အချိန်ကာလကြာမြင့်စွာ မပြတ်တမ်းပြုလုပ်မှသာ အထက်ပါ အကျိုးကျေးဇူးကို ခံစားရယူနိုင်ဖွယ် ရှိကြောင်း သုတေသန ပညာရှင်များက ပြောကြားသည်။

Ref : Sputnik News

Trs : KKO



# နိုင်ငံတကာ အားကစားသတင်းများ

## နော်တင်ဟမ်ကွင်းလယ်ကစားသမား အန်ဒါဆန်ကို ယူရိုသန်း ၁၀၀ ဖြင့် မန်စီးတီးအသင်း ကမ်းလှမ်းရန်ပြင်ဆင်

**မန်ချက်စတာ နိုဝင်ဘာ ၃၀**

မန်စီးတီးအသင်းက နော်တင်ဟမ်အသင်းမှ လူငယ်ကွင်းလယ်ကစားသမား အန်ဒါဆန်ကို မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြစ်သည့် ယူရိုသန်း ၁၀၀ ဖြင့် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလတွင် ခေါ်ယူရန် ပြင်ဆင်နေကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ကွင်းလယ်ပိုင်းတွင် ရိုဒရီ၏ ဒူးအရွတ်စုတ်ပြဲဒဏ်ရာမှ ပြန်လည်ကောင်းမွန်လာသော်လည်း ပုံမှန်ခြေစွမ်းပြသနိုင်ခြင်း မရှိတော့သည့်အတွက် အသင်းကွင်းလယ်ပိုင်းတွင် ရုန်းကန်နေရသောကြောင့် လာမည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ ကာလတွင် အင်အားဖြည့်တင်းရန် ပြင်ဆင်နေခြင်းဖြစ်သည်။

အသက် ၂၃နှစ်သာ ရှိသေးသည့် အန်ဒါဆန်သည် ပြီးခဲ့သည့် ဘောလုံးရာသီတွင် နော်တင်ဟမ်အသင်းနှင့်အတူ အကောင်းဆုံးခြေစွမ်းပြသခဲ့ပြီး ယခုနှစ် ဘောလုံးရာသီတွင်လည်း အကောင်းဆုံးခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် ဥရောပ ထိပ်တန်းအသင်းကြီးအများစုက ခေါ်ယူလိုနေခြင်းဖြစ်သည်။

အန်ဒါဆန် ကိုယ်တိုင်ကလည်း လာမည့် ဇန်နဝါရီအပြောင်းအရွှေ့ကာလ သို့မဟုတ် နွေရာသီကစားသမား အပြောင်းအရွှေ့ကာလတွင် အသင်းမှ ထွက်ခွာဖွယ်ရှိနေသောကြောင့် မန်စီးတီးအသင်းက မြင့်မားသည့် ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းရန် ပြင်ဆင်နေပြီး နော်တင်ဟမ် အသင်းကလည်း အဆိုပါ ပြောင်းရွှေ့ကြေးဖြင့် ကမ်းလှမ်းလာမည်ဆိုပါက လက်ခံသွားဖွယ်ရှိကြောင်း သိရသည်။

Ref : Fotmob

Trs : STA



## ကိုပါလီဘာတာဒိုရက်စ်ဖလားကို ဖလာမင်ဂိုအသင်း လေးကြိမ်မြောက် ဆွတ်ခူး

**လီမာ နိုဝင်ဘာ ၃၀**




ကိုပါလီဘာတာဒိုရက်စ်ဖလား ဗိုလ်လုပွဲစဉ်အဖြစ် ဖလာမင်ဂိုအသင်းနှင့် ပါမီးယက်စ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့ရာ ဖလာမင်ဂိုအသင်းက တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး လေးကြိမ်မြောက်ချန်ပီယံဆု ဆွတ်ခူးခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပြိုင်ပွဲတွင် ဖလာမင်ဂိုအသင်းသည် ၁၉၈၁ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၁၉ ခုနှစ်တွင် တစ်ကြိမ်၊ ၂၀၂၂ ခုနှစ်တွင် တစ်ကြိမ် ရပြီးနောက် ယခုနှစ်တွင်လည်း ချန်ပီယံဆု ရခဲ့သောကြောင့် လေးကြိမ်ထိ ဆွတ်ခူးနိုင်ခဲ့သည်။

ကိုပါလီဘာတာဒိုရက်စ်ဖလားပြိုင်ပွဲတွင် ဘရာဇီးကလပ်အသင်းများက ဆုဖလား ၂၅ ကြိမ်ဖြင့် အောင်မြင်မှုအများဆုံးဖြစ်ပြီး ၎င်းအသင်းများတွင် ဖလာမင်ဂိုအသင်းက ဆုဖလားအများဆုံးဖြစ်သည်။

ပါမီးယက်စ်အသင်းနှင့် ပွဲစဉ်တွင် ဖလာမင်ဂိုအသင်းက ဘောလုံးပိုင်ဆိုင်မှုအသာ ဂိုးပေါက်ကန်သွင်းမှုအသာဖြင့် ကစားခဲ့ပြီး ပွဲကစားချိန် ၆၇ မိနစ်တွင် ဒန်နီလို၏ ခေါင်းတိုက်ဂိုးဖြင့် ဦးဆောင်နိုင်ခဲ့ကာ ပါမီးယက်စ်အသင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သောကြောင့် တစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရပြီး ချန်ပီယံဆုကို ဆွတ်ခူးခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : ML

## မေဂျာလိဂ်(အရှေ့ပိုင်းဇုန်)ပြိုင်ပွဲတွင် အင်တာမီယာမီအသင်း ဗိုလ်လုပွဲတက်ရောက်

**မီယာမီ နိုဝင်ဘာ ၃၀**

မေဂျာလိဂ် (အရှေ့ပိုင်းဇုန်) ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် အင်တာမီယာမီအသင်းနှင့် နယူးယောက်စီးတီးအသင်းတို့ ကစားခဲ့ရာ အင်တာမီယာမီအသင်းက ငါးဂိုး တစ်ဂိုးဖြင့် ဂိုးပြတ်အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ကြောင်း Fotmob သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါပွဲစဉ်တွင် အင်တာမီယာမီအသင်းက ခြေစွမ်းပိုင်းအသာဖြင့် ဖိအားပေးကစားခဲ့ကာ အင်တာမီယာမီအသင်းအတွက် သွင်းဂိုးများကို ပွဲချိန် ၁၄ မိနစ်၊ ၂၃ မိနစ်၊ ၈၉ မိနစ်တို့တွင် အယ်လန်ဒီ၊ ပွဲချိန် ၆၇ မိနစ်တွင် ဆယ်ဗက်တီ၊ ပွဲချိန် ၈၃ မိနစ်တွင် ဆီဂိုဗီယာတို့က သွင်းယူပေးခဲ့ခြင်း ဖြစ်ကြောင်း သိရသည်။

အင်တာမီယာမီ အသင်းသည် အသင်းမိုင်းတစ်လျှောက် မေဂျာလိဂ်(အရှေ့ပိုင်းဇုန်)တွင် ပထမဆုံးအကြိမ်ဖြစ် ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်ပြီး ချန်ပီယံဆုဆွတ်ခူးရန် ထိပ်ဆုံးမှရေပန်းစားလျက်ရှိသည်။

အလားတူ မေဂျာလိဂ်(အနောက်ပိုင်းဇုန်) ဆီမီးဖိုင်နယ်အဆင့်ပွဲစဉ်အဖြစ်ကစားခဲ့သည့် ဗန်ကူဗာအသင်းနှင့် ဆန်ဒီယေဂိုအသင်းတို့ ပွဲစဉ်တွင်လည်း ဗန်ကူဗာအသင်းက သုံးဂိုး တစ်ဂိုးဖြင့် အနိုင်ရပြီး ဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ခဲ့သည်။

ထို့ကြောင့် မေဂျာလိဂ်ပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် အင်တာမီယာမီအသင်းနှင့် ဗန်ကူဗာအသင်းတို့သည် လာမည့် ဒီဇင်ဘာ ၇ ရက်တွင် ကစားသွားမည်ဖြစ်ကြောင်း သိရသည်။

Ref : Fotmob

Trs : STA



## ဒေးဗစ်ဘက်ခမ်း၏ ပရီးမီးယားလိဂ်သွင်းဂိုးစံချိန်ကို မန်စီးတီးတိုက်စစ်ကစားသမား ဖိုဒန် ကျော်ဖြတ်

**မန်ချက်စတာ နိုဝင်ဘာ ၃၀**

မန်စီးတီးအသင်း တိုက်စစ်ကစားသမားဖိုဒန်သည် ပရီးမီးယားလိဂ်ပြိုင်ပွဲ၌ လိဒ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုး သွင်းယူပြီးနောက် မန်ယူအသင်း ကစားသမားဟောင်း ဒေဗစ်ဘက်ခမ်း၏ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်ခဲ့ကြောင်း Espn သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းက အိမ်ကွင်းတွင် လိဒ်အသင်းကို သုံးဂိုး နှစ်ဂိုးဖြင့် အနိုင်ရသည့်ပွဲစဉ်တွင် ဖိုဒန်သည် အသင်းနှင့်အတူ အကောင်းဆုံး ခြေစွမ်းပြသကာ ပွဲအစ ၅၉ စက္ကန့်တွင် အသင်းအတွက် ဦးဆောင်ဂိုး သွင်းယူပြီး ပွဲချိန် မိနစ် ၉၀ ပြည့်ပြီးနောက် အချိန်ပို တစ်မိနစ်တွင် ဒုတိယသွင်းဂိုး သွင်းယူကာ ဒေးဗစ်ဘက်ခမ်း၏ သွင်းဂိုးစံချိန်ကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။



မန်ယူအသင်း ကစားသမားဟောင်း ဒေးဗစ်ဘက်ခမ်းသည် ပရီးမီးယားလိဂ်ပြိုင်ပွဲတွင် ၂၆၁ ပွဲ ပါဝင်ကစားခဲ့ကာ ၆၂ ဂိုးသွင်းယူခဲ့သည်။

အစောပိုင်းတွင် ဖိုဒန်က ဒေးဗစ်ဘက်ခမ်းနှင့်အတူ ပရီးမီးယားလိဂ်သွင်းဂိုး ၆၂ ဂိုး သွင်းယူထားသော်လည်း လိဒ်အသင်းနှင့်ပွဲစဉ်တွင် နှစ်ဂိုးသွင်းယူကာ ပရီးမီးယားလိဂ်သွင်းဂိုး ၆၄ ဂိုးထိ ရှိလာပြီးနောက် ဒေးဗစ်ဘက်ခမ်း၏ သွင်းဂိုးစံချိန်ကို နှစ်ဂိုးအသာဖြင့် ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

ဖိုဒန်သည် ဒေးဗစ်ဘက်ခမ်း၏ ပရီးမီးယားလိဂ် သွင်းဂိုးစံချိန်ကို ကျော်ဖြတ်ခဲ့သည့်အပြင် လက်ရှိ မန်ယူအသင်းကွင်းလယ် ကစားသမား ဖာနန်ဒက်၏ ပရီးမီးယားလိဂ် သွင်းဂိုးစံချိန်ကို လိုက်မီနိုင်ခဲ့ကြောင်း သိရသည်။

Ref : Espn

Trs : STA

## အားကစားသတင်းအတိုအထွာများ

- ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)တွင် မန်ယူအသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့်အတွက် ပဲလေ့စ်အသင်း၏ အိမ်ကွင်း ၁၂ပွဲဆက်ရှုံးပွဲမရှိစံချိန် ရပ်တန့်ခဲ့ရကြောင်း သိရသည်။
- မန်စီးတီးအသင်းက ညာတောင်ပံခံစစ်ပိုင်း လိုအပ်ချက်အတွက် နယူးကာဆယ်အသင်းမှ လီဗရာမန်တိုကို ခေါ်ယူရန် ကြိုးပမ်းနေကြောင်း သိရသည်။
- ဝက်စ်ဟမ်းအသင်းကို နှစ်ဂိုး ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့ပြီးနောက် လီဗာပူးအသင်းအနေဖြင့် ပြိုင်ပွဲစုံ သုံးပွဲဆက်ရှုံးနိမ့်ခဲ့မှုကို ရပ်တန့်နိုင်ခဲ့ကြောင်း သိရသည်။
- အေစီလာအသင်းက တိုက်စစ်ပိုင်းတွင် အိုလီဝက်ကင်း၏ နေရာတွင် ကာလရှည်အစားထိုးနိုင်မည့် ဘရန့်ဖို့ဒ်အသင်း တိုက်စစ်မှူးအီဂေါ်သီယာဂိုကို ခေါ်ယူရန် အသင့်ရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့သည်။

ML

# မန်ယူအသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် ပေါလ်စခိုး၏စံချိန်ကို ဖာနန်ဒက် လိုက်မီ



**မန်ချက်စတာ နိုဝင်ဘာ ၃၀**

ပရီးမီးယားလိဂ်ပြိုင်ပွဲ ပွဲစဉ်(၁၃)အဖြစ်ကစားခဲ့သည့် မန်ယူအသင်းနှင့် ပဲလေ့စ်အသင်းတို့ပွဲစဉ်တွင် မန်ယူအသင်း ကွင်းလယ်ကစားသမားဖာနန်ဒက်သည် ဂိုးဖန်တီးမှု နှစ်ကြိမ် ပြုလုပ်ပြီးနောက် မန်ယူအသင်း သမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် ပေါလ်စခိုး၏ စံချိန်ကို လိုက်မီခဲ့ကြောင်း TNT Football သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။

မန်ယူအသင်းက ပဲလေ့စ်အသင်းကို နှစ်ဂိုး တစ်ဂိုးဖြင့် အနိုင်ရသည့် ပွဲစဉ်၌ ပွဲချိန် ၅၄ မိနစ်တွင် သွင်းယူခဲ့သည့် ဇက်ဇီး၏ သွင်းဂိုးနှင့် ၆၃ မိနစ်တွင် သွင်းယူခဲ့သည့် မေဆင်မောင့်တို့၏ သွင်းဂိုးများကို ဂိုးဖန်တီးမှု ပြုလုပ်ခဲ့ပြီးနောက် ဂိုးဖန်တီးမှုအကြိမ် ၅၅ ကြိမ်ထိ ရှိလာခဲ့သောကြောင့် ပေါလ်စခိုး၏ စံချိန်ကို လိုက်မီခဲ့ခြင်းဖြစ်သည်။

မန်ယူအသင်းသမိုင်းတစ်လျှောက် ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် ရိုင်ယန်ဂစ်က ၁၆၂ ကြိမ်ဖြင့် ထိပ်ဆုံးတွင် ရပ်တည်နေပြီး ရိုင်ယန်ဂစ်၏နောက်တွင် ဝိန်းရွန်းနီက ၉၃ ကြိမ်၊ ဒေးဗစ်ဘက်ခမ်းက ၈၈ ကြိမ်၊ ဖာနန်ဒက်နှင့် ပေါလ်စခိုးတို့က ၅၅ ကြိမ်စီဖြင့် ရပ်တည်လျက်ရှိနေသည်။

ဖာနန်ဒက်သည် ယခုနှစ်ဘောလုံးရာသီ ပရီးမီးယားလိဂ်ပြိုင်ပွဲ ၁၃ ပွဲတွင် ဂိုးဖန်တီးမှု ငါးကြိမ် ပြုလုပ်ထားပြီး ဂိုးဖန်တီးမှုအများဆုံး ကစားသမားစာရင်းတွင် ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိနေကြောင်း သိရသည်။

**Ref : TNT Football**

**Trs : STA**

# ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲယှဉ်ပြိုင်ရန် မြန်မာယူ-၂၂ အသင်း ထိုင်းနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် နိုဝင်ဘာ ၃၀**

မြန်မာယူ-၂၂ အသင်းသည် ထိုင်းနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပမည့် ဆီးဂိမ်းပြိုင်ပွဲ အမျိုးသား ဘောလုံးပြိုင်ပွဲ ဝင်ရောက်ယှဉ်ပြိုင်ရန် ယနေ့တွင် ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်မှတစ်ဆင့် ထိုင်းနိုင်ငံ ဗန်ကောက်မြို့သို့ ထွက်ခွာခဲ့ကြောင်း သိရသည်။

ဆီးဂိမ်းပြိုင်ပွဲ ယှဉ်ပြိုင်မည့် မြန်မာယူ- ၂၂ အသင်းကို နည်းပြအဖြစ် ဂျပန်လူမျိုး နည်းပြကူရိုဆာကီက တာဝန်ယူကိုင်တွယ်မည်ဖြစ်ပြီး ကစားသမားစာရင်းတွင် ဂိုးသမားများအဖြစ် ဟိန်းထက်စိုး၊ အောင်ပြည့်ဖြိုး၊ ခန့်မင်းသန့်၊ ခံစစ်ကစားသမားများအဖြစ် ဖြိုးပြည့်စုံ၊ ဆင်မြူရယ်နာဂီကွီး၊ ထူးဝေယံ၊ ကောင်းထက်ပိုင်၊ လတ်ဝေဖုန်း၊ မာတီနို၊ ကွင်းလယ်ကစားသမားများအဖြစ် ဇော်ဝင်းသိန်း၊ ရှိုင်းဝဏ္ဏအောင်၊ မြတ်ဖုန်းခန့်၊ စွမ်းထက်၊ ဥက္ကာနိုင်၊ ရဲရင့်ဖြိုး၊ မိုးဆွေ၊ အာကာကျော်၊ စခန့်ချော၊ အောင်သီဟ၊ တိုက်စစ်ကစားသမားများအဖြစ် သန်းတိုးအောင်၊ စောမျိုးဇော်၊ မင်းမော်ဦး၊ သူရိန်ထွန်းတို့ ပါဝင်ခဲ့ကြသည်။

ဆီးဂိမ်းပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာယူ-၂၂ အသင်းသည် အုပ်စု(C )တွင် ဖိလစ်ပိုင်အသင်း၊ အင်ဒိုနီးရှားအသင်းတို့နှင့် တစ်အုပ်စုတည်း ကျရောက်နေပြီး အုပ်စုပွဲစဉ်များအဖြစ် ဒီဇင်ဘာ ၅ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာ ၁၂ ရက် မြန်မာစံတော်ချိန် ညနေ ၅ နာရီခွဲတွင် အင်ဒိုနီးရှားအသင်းတို့နှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ကြောင်း သိရသည်။ **STA**



# ဖူလ်ဟမ်ကိုရှုံးနိမ့်ခဲ့သည့် စပါးအသင်း အိမ်ကွင်းခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံး

**လန်ဒန် နိုဝင်ဘာ ၃၀**

ပရီးမီးယားလိဂ် ပွဲစဉ်(၁၃)အဖြစ်ကစားခဲ့သည့် စပါးအသင်းနှင့် ဖူလ်ဟမ်အသင်းတို့ ပွဲစဉ်တွင် စပါးအသင်းက နှစ်ဂိုး တစ်ဂိုးဖြင့် ရှုံးနိမ့်သည့်အတွက် အိမ်ကွင်း ခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း Daily Mail သတင်းဌာနက ယနေ့တွင် ဖော်ပြထားသည်။

ယခုပွဲစဉ်တွင် စပါးအသင်းသည် ပွဲစကတည်းက ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ဖိအားပေးကစားသော်လည်း ဖူလ်ဟမ်အသင်း၏ ခံစစ်ကစားပုံကြောင့် ဂိုးရရန် ခက်ခဲခဲ့ပြီး တန်ပြန်တိုက်စစ်ဆင်မှုကို မထိန်းချုပ်နိုင်ခဲ့သဖြင့် ပွဲကစားချိန် လေးမိနစ်တွင် တီတီ၊ ပွဲကစားချိန် ခြောက်မိနစ်တွင် ဝယ်လ်ဆင်တို့၏ ဦးဆောင်ဂိုးများကို ခွင့်ပြုခဲ့ရပြီး ပထမပိုင်းတွင် နှစ်ဂိုးပြတ်ဖြင့် ရှုံးနိမ့်ခဲ့သည်။

ဒုတိယပိုင်းတွင် စပါးအသင်း ကစားအားမြှင့်တင်ခဲ့သောကြောင့် ပွဲကစားချိန် ၅၉ မိနစ်တွင် ကူဒက်က ချေပဂိုး တစ်ဂိုး သွင်းယူခဲ့ပြီး လက်ကျန်ပွဲချိန်များတွင် တစ်ဖက်နှင့်တစ်ဖက် ဂိုးမရရှိတော့ဘဲ နှစ်ဂိုး တစ်ဂိုးဖြင့် ပွဲပြီးဆုံးခဲ့ကြောင်း သိရသည်။

ထို့ကြောင့် စပါးအသင်းသည် ပြီးခဲ့သည့် ဩဂုတ်လက ကစားခဲ့သည့် ဘုန်းမောက်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိ၊ ဝုဗ်အသင်းနှင့်ပွဲစဉ်တွင် တစ်ဂိုးစီသရေ၊ အေဗီလာအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုး တစ်ဂိုး၊ ချဲလ်ဆီးအသင်းနှင့် ပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိ၊ မန်ယူအသင်းနှင့် ပွဲစဉ်တွင် နှစ်ဂိုးစီသရေ၊ ယခုပွဲစဉ်တွင် တစ်ဂိုး ဂိုးမရှိတို့ဖြင့် အိမ်ကွင်း ခြောက်ပွဲဆက် နိုင်ပွဲပျောက်ဆုံးခဲ့ကြောင်း သိရသည်။

**Ref : Daily mail**

**Trs : ML**

# Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲကို မန္တလေးမြို့တွင် ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်ထိ ကျင်းပမည်

**မန္တလေး နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်၏ကြီးကြပ်မှုဖြင့် အထက်မြန်မာပြည် ဂေါက်သီးအားကစားအဖွဲ့ချုပ်ဆပ်ကော်မတီက ကြီးမှူးကျင်းပမည့် Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲကို ဒီဇင်ဘာ ၂ ရက်မှ ၄ ရက်ထိ မန္တလေးမြို့ ရွှေမန်းတောင် ဂေါက်ကွင်း၌ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

Amateur Open 2025 ဂေါက်သီးရိုက်ပြိုင်ပွဲ ဝါသနာရှင်အဆင့် အမျိုးသားပြိုင်ပွဲတွင် ပထမဆုရသူကို မြန်မာနိုင်ငံဂေါက်သီးအားကစားအဖွဲ့ချုပ်က လာမည့် ၂၀၂၆ ခုနှစ် ဇန်နဝါရီ ၉ ရက်မှ ၁၁ ရက်ထိ တူရကီယဲနိုင်ငံ Kaya Palazao Golf Club တွင် ကျင်းပပြုလုပ်မည့် Turkish Amateur Open 2026 ဂေါက်သီးရိုက်ပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်နိုင်ရန် ပြိုင်ပွဲဝင်ကြေးကို စီစဉ်ပေးသွားမည်ဖြစ်သည်။

Turkish Amateur Open 2026 ပြိုင်ပွဲသည် EGA (European Golf Association)အောက်ရှိ အထင်ကရပြိုင်ပွဲတစ်ခုဖြစ်သည်။

အဆိုပါ Turkish Amateur Open 2026 ဆုဖလားဆွတ်ခူးနိုင်မည့်သူသည် DP World Tour Turkish Airlines Open ပြိုင်ပွဲတွင် ဆက်လက် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရမည်ဖြစ်ကြောင်း သိရသည်။

**STA**

# ချဲလ်ဆီးအသင်းက အာဆင်နယ်အသင်းမှ လူငယ်ခံစစ်ကစားသမား စကယ်လီကို ပွဲထွက်ခွင့်အာမခံချက်ပေးပြီး ကမ်းလှမ်းရန်ပြင်ဆင်နေ

**လန်ဒန် နိုဝင်ဘာ ၃၀**

ချဲလ်ဆီးအသင်းက လန်ဒန်မြို့ခံပြိုင်ဘက်အသင်း ဖြစ်သည့် အာဆင်နယ်အသင်းမှ လူငယ်ခံစစ်ကစားသမားစကယ်လီကို ပွဲထွက်ခွင့်ပေးမည့် အာမခံချက်ပေးပြီး ကမ်းလှမ်းရန် ပြင်ဆင်နေကြောင်း Goal.com သတင်းဝက်ဘ်ဆိုက်က ယနေ့တွင် ဖော်ပြခဲ့သည်။



အသက် ၁၉ နှစ်ရှိစကယ်လီသည် အာဆင်နယ်အသင်း အကယ်ဒမီထွက် ကစားသမားတစ်ဦးဖြစ်ပြီး ၂၀၂၂ ခုနှစ်က ပရော်ဖက်ရှင်နယ် စာချုပ်ချုပ်ဆိုကာ အသင်းနှင့် စတင်ပူးပေါင်းခဲ့ခြင်းဖြစ်သည်။

စကယ်လီသည် ပြီးခဲ့သည့် ဘောလုံးရာသီက အာဆင်နယ်အသင်းတွင် အဓိက ကစားသမားတစ်ဦးအဖြစ်ပါဝင်ခဲ့ပြီး အသင်းနှင့်အတူ ပြိုင်ပွဲစုံ ၃၉ ပွဲထိ ပါဝင်ကစားခွင့်ရခဲ့သူ ဖြစ်သော်လည်း ယခုနှစ်ဘောလုံးရာသီတွင် ပွဲထွက်ခွင့်နည်းပါးနေပြီး လူစားဝင်ကစားသမားအဖြစ်သာ ပါဝင်ကစားခွင့်ရနေသည့်အတွက် ၎င်းကိုယ်တိုင်က အသင်းမှ ထွက်ခွာလိုနေခြင်းဖြစ်သည်။

စကယ်လီသည် လာမည့် ၂၀၂၆ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အသင်း၌ ပါဝင်ကစားခွင့်ရရန် ယခုနှစ်ဘောလုံးရာသီတွင် ပွဲထွက်ခွင့်လိုအပ်နေသောကြောင့် အသင်းတစ်သင်းသို့ ပြောင်းရွှေ့လိုနေခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းက စကယ်လီကို ခေါ်ယူလိုနေသည့်အတွက် လာမည့် ဇန်နဝါရီကစားသမားအပြောင်းအရွှေ့ ကာလတွင် ပွဲထွက်ခွင့်ပေးမည့် အာမခံချက်ဖြင့် ကမ်းလှမ်းမှုများ လုပ်ဆောင်ရန် ပြင်ဆင်နေခြင်းဖြစ်ကြောင်း သိရသည်။

**Ref : Goal.com**

**Trs : STA**

# ရွေးကောက်ပွဲ၊ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေး

ပိုက်တင်

ဒီမိုကရေစီရဲ့ကျောရိုးဟာ ရွေးကောက်ပွဲ။ ရွေးကောက်ပွဲတွေနဲ့ပဲ ဒီမိုကရေစီကို တဖြည်းဖြည်း ပီပြင်လာအောင် ပုံဖော်ကြရတာ။ တစ်နည်းအားဖြင့် ဒီမိုကရေစီကို တစ်ဆင့်ချင်း ပီပြင်လာအောင် ခိုင်မာလာအောင် ရွေးကောက်ပွဲတွေ တစ်ခုပြီးတစ်ခုလုပ်ရင်းနဲ့ ပုံဖော်ရတာ။ ရွေးကောက်ပွဲမရှိရင် ဒီမိုကရေစီ ဘယ်ရှိမလဲ။

စစ်နဲ့ငြိမ်းချမ်းရေး ဘယ်ဟာကြိုက်လဲမေးရင် စစ်ကြောင့် အကျိုးစီးပွားရနေတဲ့ လူတွေနဲ့မှိုင်းမိနေတဲ့လူတွေကလွဲရင် ငြိမ်းချမ်းရေးကိုပဲ ရွေးကြမှာပဲ။

ငြိမ်းချမ်းရေးမှာပဲ သာယာဝပြောမှုရှိတာ။ ငြိမ်းချမ်းရေးမှာပဲ စည်းလုံးညီညွတ်ရေးရှိတာ။ ငြိမ်းချမ်းရေးမှာပဲ ကြွယ်ဝချမ်းသာရေးရှိတာ။ ငြိမ်းချမ်းရေးမှာပဲ ပညာရေးရှိတာ။ ငြိမ်းချမ်းရေးမှာပဲ တရားမျှတမှုရှိတာ။ ငြိမ်းချမ်းရေးမှာပဲ လွတ်လပ်ခြင်းရှိတာ။ ငြိမ်းချမ်းရေးမှာပဲ လူ့အဖွဲ့အစည်းနဲ့ နိုင်ငံရဲ့အနာဂတ်ရှိတာ။ ငြိမ်းချမ်းရေးကို ရွေးကောက်ပွဲနဲ့ပဲ တည်ဆောက်လို့ရမယ်။

ရွေးကောက်ပွဲကနေ လွှတ်တော်တွေပေါ်လာမှ အနာဂတ်ကို ဘယ်လိုပုံဖော်ကြမလဲ၊ အခွင့်အရေးတွေ တန်းတူညီမျှဖို့ ဘယ်လိုတည်ဆောက်ကြမလဲ၊ ခိုင်မာတည်ငြိမ်တဲ့ အရပ်ဘက်စစ်ဘက်ဆက်ဆံရေးကို ဘယ်လိုညှိနှိုင်းမလဲ၊ ဖက်ဒရယ်ကို ဘယ်လိုပြဋ္ဌာန်းမလဲ စတဲ့အရေးကြီးကိစ္စရပ်တွေကို လက်တွေ့အကျဆုံး၊ အထိရောက်ဆုံး အကောင်အထည်ဖော်နိုင်မယ်။

စစ်ဆိုတာ တိုင်းပြည်ထိခိုက်နစ်နာမှုကြီးတဲ့ နည်းလမ်းပါ။ လွှတ်တော်တွေက တိုင်းပြည်အေးချမ်းစွာနဲ့ ညှိနှိုင်းလို့ရတဲ့၊ ပြဿနာတွေကို ဖြေရှင်းလို့ရတဲ့၊ တိုင်းပြည် တည်တည်ငြိမ်ငြိမ်နဲ့ တိုးတက်ဖွံ့ဖြိုးအောင် တည်ဆောက်နိုင်တဲ့၊ အရပ်ဘက်စစ်ဘက် ဆက်ဆံရေးကို အကောင်းဆုံး အခိုင်မာဆုံး တည်ဆောက်နိုင်တဲ့၊ အဲဒီကတစ်ဆင့် အရပ်ဘက်စစ်ဘက် ယုံကြည်မှုကို တည်ဆောက်နိုင်တဲ့၊ ပစ္စုပ္ပန်ရော အနာဂတ်ပါ သာယာလှပနိုင်တဲ့ အရွေးချယ်သင့်ဆုံးနည်းလမ်းဖြစ်ပါတယ်။ နောင်တစ်ချိန်ထိ မစောင့်ရဘဲ ချက်ချင်းလက်ငင်း ငြိမ်းချမ်းရေးကို အကောင်အထည်ဖော်နိုင်တဲ့ နည်းလမ်းဖြစ်ပါတယ်။ လွှတ်တော်ထဲမှာ ငြင်းခုံဆွေးနွေးအဖြေရှာရင်း တိုင်းပြည်ကို တစ်ဆင့်ချင်း တည်ဆောက်တဲ့နည်းလမ်းဟာ အချင်းချင်းပဋိပက္ခတွေ အဆုံးအစမရှိဖြစ်နေပြီး နိုင်ငံရောလူထုပါ တဖြည်းဖြည်း လုံးပါးပါးရတာထက် အများကြီး ပိုကောင်းပါတယ်။ ခိုက်ရန်ဖြစ်ကြရင်း သူများတိုင်းပြည်တွေနဲ့ယှဉ်လိုက်ရင် အောက်တန်းနောက်တန်းကျသည်ထက်ကျရတာထက် အများကြီး ပိုကောင်းပါတယ်။

နိုင်ငံရေးသမားတွေ (လွှတ်တော်ကိုယ်စားလှယ်တွေ)နဲ့ တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်တွေဟာ လွှတ်တော်တွေထဲမှာ တိုင်းပြည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အတူတကွ ပူးပေါင်းဆောင်ရွက် အဖြေရှာလို့ရပါတယ်။ အမြင်မတူတာတွေကို ငြိမ်းချမ်းစွာဆွေးနွေးငြင်းခုံ အဖြေရှာလို့ရပါတယ်။ ငြိမ်းချမ်းရေးတည်ဆောက်ခြင်း၊ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ခြင်း စတဲ့အရေးကြီးကိစ္စတွေဆိုတာက အရပ်ဘက်စစ်ဘက် ဆက်ဆံရေးပိုမိုကောင်းမွန်လာလေ ခရီးတွင်လေဖြစ်ပါတယ်။ လွှတ်တော်တွေမှာ အတူတကွ လုပ်ကိုင်ဆောင်ရွက်ခြင်းအားဖြင့် အရပ်ဘက်စစ်ဘက်ဆက်ဆံရေးဟာ ပိုမိုတိုးတက်ကောင်းမွန်လာနိုင်သလို ပိုမိုပြီးတော့လည်း ခိုင်မာလာနိုင်မှာဖြစ်ပါတယ်။ နိုင်ငံရေးစိတ်ဆန္ဒအစစ်အမှန်သာရှိမယ်ဆိုရင် ရွေးကောက်ပွဲလမ်းကြောင်း၊

> ❖ ဒီမိုကရေစီဆိုတာ ပြည်သူ့ဗဟိုပြုနိုင်ငံရေးစနစ်ပါ။ ပြည်သူလူထုက နိုင်ငံရေးမှာ အရာရာကိုဆုံးဖြတ်ပြဋ္ဌာန်းပိုင်ခွင့်ရှိပါတယ်။ ပြည်သူလူထုရဲ့ ရွေးချယ်နိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်းဟာ တိုင်းပြည်ကံကြမ္မာကို အဆုံးအဖြတ်ပြုပါတယ်။ ပြည်သူလူထုရဲ့ရွေးချယ်နိုင်စွမ်းကို ပျိုးထောင်ရမဲ့ကာလဖြစ်ပါတယ်။ ချစ်ခြင်းမုန်းခြင်းထက် ဆင်ခြင်တုံတရား ဗဟိုပြုဆုံးဖြတ်နိုင်စွမ်းမြင့်မားတဲ့ ပြည်သူလူထုကသာ သန်စွမ်းခိုင်မာတဲ့ ဒီမိုကရေစီစနစ်ကို ကောင်းစွာတည်ဆောက်နိုင်မှာပါ။ ဒီဆုံးဖြတ်နိုင်စွမ်းနဲ့အတူ မတူကွဲပြားမှုကို ယဉ်ကျေးစွာလက်ခံတဲ့ ဒီမိုကရေစီအလေ့အထကိုလဲ လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ ဒီမိုကရေစီစနစ်အောင်မြင်နိုင်မှာပါ။ ❖

လွှတ်တော်လမ်းကြောင်းဟာ နိုင်ငံတော်နဲ့ နိုင်ငံသားများအတွက် ပန်းခင်းလမ်းပါ။ အေးချမ်းစွာအတူတကွ ပန်းတိုင်ရောက်မဲ့ တစ်ခုတည်းသော နည်းလမ်းဖြစ်ပါတယ်။

အခြားသော နိုင်ငံအသီးသီးက အခြေခံဥပဒေတွေလိုပဲ မြန်မာနိုင်ငံ လက်ရှိ အခြေခံဥပဒေဟာလဲ အားနည်းချက်၊ အားသာချက်ရှိတာပါပဲ။ နိုင်ငံတော်ကို တည်ဆောက်ရင်းနဲ့ အခြေခံဥပဒေကို တိုးတက်ပြောင်းလဲလာမဲ့ အခြေအနေနဲ့အညီ တဖြည်းဖြည်းပြင်ဆင်သွားလို့ရပါတယ်။ တပ်မတော်ကလဲ ဒီလိုပြင်ဆင်သွားဖို့ကို အစဉ်တစိုက် သဘောတူညီခဲ့ပါတယ်။ အပြုသဘော အတွေးအမြင်မရှိတဲ့ နိုင်ငံရေးသမားနဲ့ အုပ်စုများကလွဲရင် နိုင်ငံရေးကို နိုင်ငံရေးလိုလုပ်ကြတဲ့ နိုင်ငံရေးသမားတွေနဲ့ အင်အားစုအသီးသီးကလဲ ဒါကို ကောင်းစွာနားလည်လက်ခံထားပြီးဖြစ်ပါတယ်။

လက်ရှိကာလမှာ လက်ရှိအခြေခံဥပဒေအရ တပ်မတော်က နိုင်ငံရေးမှာ ပါဝင်ဆောင်ရွက်နေခြင်းဟာလည်း အခြေအနေအချိန်အခါအရ များစွာ အထောက်အကူဖြစ်တယ်ဆိုတာကို ကြုံတွေ့ခဲ့ရတဲ့သင်ခန်းစာများကို ကောင်းစွာသုံးသပ်ဆင်ခြင်နိုင်ကြရင် မြင်နိုင်သိနိုင်ပါတယ်။ အပျက်မြင်နိုင်ငံရေးသမားတွေ၊ အုပ်စုတွေရဲ့ရန်ကို ကာကွယ်နိုင်ဖို့၊ ဒီမိုကရေစီစနစ်ကို ကောင်းစွာဦးဆောင် အကောင်အထည်ဖော်နိုင်မဲ့ စွမ်းရည်ပြည့် နိုင်ငံရေးသမားတွေ၊ နိုင်ငံရေးပါတီတွေ ပေါ်ပေါက်လာနိုင်ရေး ကြိုးစားထူထောင်နေရဆဲကာလမှာ တပ်မတော်ရဲ့ နိုင်ငံရေးအင်အားဟာ အထိန်းအထောက်တစ်ရပ်၊ အားကောင်းခိုင်မာစိတ်ချရတဲ့ အစောင့်အရှောက်တစ်ရပ်အဖြစ် ရှိနေမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတစ်ခုဟာ စိတ်မချရဘဲ ဖောက်လွဲဖောက်ပြန်ပြုလာတဲ့အခါ ဒီမိုကရေစီ နောက်ပြန်လဲမကျဖို့၊ တိုင်းပြည်မပြိုကွဲဖို့၊ နိုင်ငံရေးစနစ်ကို ကျားကန်တောင့်ခံ ပြန်လည်တည့်မတ်နိုင်ဖို့ တပ်မတော်ဟာ အားထားရတဲ့ အင်အားဖြစ်တယ်ဆိုတာကို လက်ရှိကြုံတွေ့ဖြတ်သန်းခဲ့ရတဲ့ အတွေ့အကြုံတွေအရ ကောင်းစွာ သိမြင်ခဲ့ကြရပြီဖြစ်ပါတယ်။

နောက်ထပ် အရေးကြီးတဲ့အချက်ကတော့ ပြည်သူလူထုရဲ့ ဒီမိုကရေစီရေချိန်ဖြစ်ပါတယ်။ ဒီမိုကရေစီဆိုတာ ပြည်သူ့ဗဟိုပြုနိုင်ငံရေးစနစ်ပါ။ ပြည်သူလူထုက နိုင်ငံရေးမှာ အရာရာကိုဆုံးဖြတ်ပြဋ္ဌာန်းပိုင်ခွင့်ရှိပါတယ်။ ပြည်သူလူထုရဲ့ ရွေးချယ်နိုင်စွမ်း၊ ဆုံးဖြတ်နိုင်စွမ်းဟာ တိုင်းပြည်ကံကြမ္မာကို အဆုံးအဖြတ်ပြုပါတယ်။ ပြည်သူလူထုရဲ့ ရွေးချယ်နိုင်စွမ်းကို ပျိုးထောင်ရမဲ့ကာလဖြစ်ပါတယ်။ ချစ်ခြင်းမုန်းခြင်းထက် ဆင်ခြင်တုံတရား ဗဟိုပြုဆုံးဖြတ်နိုင်စွမ်းမြင့်မားတဲ့ ပြည်သူလူထုကသာ သန်စွမ်းခိုင်မာတဲ့ ဒီမိုကရေစီစနစ်ကို ကောင်းစွာ တည်ဆောက်နိုင်မှာပါ။ ဒီဆုံးဖြတ်နိုင်စွမ်းနဲ့အတူ မတူကွဲပြားမှုကို ယဉ်ကျေးစွာလက်ခံတဲ့ ဒီမိုကရေစီ အလေ့အထကိုလဲ လေ့ကျင့်ပျိုးထောင်ပေးနိုင်မှသာ ဒီမိုကရေစီစနစ် အောင်မြင်နိုင်မှာပါ။ ဒါကြောင့် ပြည်သူလူထုရဲ့ ပညာရေးအဆင့်၊ စီးပွားရေးအဆင့်၊ လူမှုရေးအဆင့်များ မြှင့်တင်နိုင်ရေးကို ရွေးကောက်ပွဲများ ပုံမှန်ကျင်းပပြီး ပေါ်ပေါက်လာတဲ့ အစိုးရများနဲ့ လွှတ်တော်များက တဖြည်းဖြည်းဆောင်ရွက်နိုင်ဖို့လိုပါတယ်။

နောက်တစ်ချက်ကတော့ နိုင်ငံရေးပါတီများနဲ့ နိုင်ငံရေးသမားများရဲ့ နိုင်ငံရေးရေချိန်ဖြစ်ပါတယ်။ ဖြတ်သန်းတွေ့ကြုံခဲ့ကြတဲ့ ကာလတွေကနေ နိုင်ငံရေးရေချိန် ဒီမိုကရေစီစနစ်နဲ့ လိုက်လျောညီထွေရှိမဲ့ မြှင့်တင်နိုင်ရေးဟာ ဘယ်လောက် အရေးကြီးသလဲဆိုတာ အထွေအထူးတင်ပြနေဖို့ လိုမယ်မထင်ပါ။ နိုင်ငံရေးပါတီတွေဟာ ခိုင်မာတောင့်တင်းတဲ့ အင်စတီကျူးရှင်းတွေဖြစ်လာရေးနဲ့ နိုင်ငံရေးသမားတွေဟာ ဒီမိုကရေစီစနစ်နဲ့အညီ ကောင်းစွာလုပ်ကိုင်ဆောင်ရွက်နိုင်တဲ့ အေးဂျင့်တွေအဖြစ် အရည်အသွေးပြည့်မီလာကြစေရေးကို အထူးဂရုပြု ဆောင်ရွက်နိုင်ကြရမယ်ဆိုတာ အခုဆိုရင် လူတိုင်းကောင်းစွာသိမြင် နားလည်ကြပြီလို့ ယူဆရပါတယ်။ ဒါကိုဆောင်ရွက်နိုင်ဖို့ ပုံမှန်ကျင်းပတဲ့ ရွေးကောက်ပွဲတွေနဲ့ ပုံမှန်ပေါ်ပေါက်နေမဲ့ လွှတ်တော်များသည်သာ အကောင်းဆုံး လေ့ကျင့်ကွင်းတွေဖြစ်ပါတယ်။

မြန်မာ့ဒီမိုကရေစီအရေး (မြန်မာနိုင်ငံမှာ ဒီမိုကရေစီကို အခိုင်အမာတည်ဆောက်နိုင်ရေး)ဟာ အပြောလွယ်သလောက် အင်မတန်မှ အလုပ်ခက်ပါတယ်။ ရှုပ်ထွေးပွေလီပါတယ်။ ခက်ခဲနက်နဲပါတယ်။ စိန်ခေါ်မှုတွေ အင်မတန်များပါတယ်။ ရွေးကောက်ပွဲတွေကနေ ပုံမှန်ပေါ်ထွက်လာမဲ့ လွှတ်တော်တွေဟာ အရပ်ဘက်စစ်ဘက်ဆက်ဆံရေးကို ပုံဖော်တည်ဆောက်ဖို့ အကောင်းဆုံးနေရာဖြစ်ပါတယ်။ ငြိမ်းချမ်းရေးခရီးကို အမြန်ဆုံးနှင်နိုင်မဲ့နေရာဖြစ်ပါတယ်။ ဖက်ဒရယ်ပြည်ထောင်စုကို လက်တွေ့ကျကျ ညှိနှိုင်းဆွေးနွေး အကောင်အထည်ဖော်နိုင်မဲ့နေရာဖြစ်ပါတယ်။ စည်းလုံးညီညွတ်ရေးကို ဆွေးနွေးငြင်းခုံ ယဉ်ကျေးစွာတည်ဆောက်ယူနိုင်မဲ့နေရာဖြစ်ပါတယ်။ လွတ်လပ်ခြင်း၊ ငြိမ်းချမ်းခြင်း၊ တန်းတူညီမျှခြင်းကို ပုံဖော်နိုင်မဲ့နေရာဖြစ်ပါတယ်။ နိုင်ငံရေးယဉ်ကျေးမှုကို အဆင့်မြင့်လာတဲ့ထိ ပျိုးထောင်နိုင်မဲ့နေရာလဲဖြစ်ပါတယ်။ နိုင်ငံစီးပွားရေးနဲ့ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို လက်တွေ့ကျကျ ကြိုးစားဆောင်ရွက်နိုင်မဲ့နေရာလဲဖြစ်ပါတယ်။

ရွေးကောက်ပွဲများဟာ ကောင်းမွန်ပြည့်စုံခိုင်မာတဲ့အနာဂတ်ဆီ တစ်ဆင့်ပြီးတစ်ဆင့် တည်ငြိမ်အေးချမ်းစွာ အားလုံးအတူတကွ လျှောက်လှမ်းကြဖို့ အသင့်တော်ဆုံးဖြစ်တဲ့ နိုင်ငံရေးနည်းလမ်း အမှန်မုချဖြစ်ပါကြောင်း ရေးသားလိုက်ရပါတယ်။

## မှတ်ပုံတင်မော်တော်ယာဉ်များအားလုံး ယာဉ်စစ်ဆေးပြီးမှသာ ယာဉ်မှတ်ပုံတင်လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာ

၁။ ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားသည့် မော်တော်ယာဉ်များအနက် Road Safety အရေးကြီးသည့် အများပြည်သူသယ်ယူပို့ဆောင်ရေးခရီးသည်တင်ယာဉ်များ၊ ယာဉ်မှန်၊မမှန် စစ်ဆေးခြင်း၊ ပြောင်းလဲခြင်းများအတွက် ယာဉ်စစ်ဆေးခြင်း၊ နယ်ဝင်ယာဉ်များကို စစ်ဆေးခြင်းတို့နှင့်အကျုံးဝင်သည့်ယာဉ်များ၊ Taxi အငှားယာဉ်များ၊ School Bus ယာဉ်များနှင့် နှစ်တန်နှင့်အထက် အငှားယာဉ်များကို ယာဉ်စစ်ဆေး၍ သက်တမ်းတိုးဆောင်ရွက်ပေးလျက်ရှိသည်။

၂။ ယခုအခါယာဉ်များကြံ့ခိုင်မှုကောင်းမွန်စေရေးနှင့် အများပြည်သူဆိုင်ရာလမ်းများပေါ်တွင် အန္တရာယ်ကင်းစွာသွားလာနိုင်ရေးအတွက် မှတ်ပုံတင်မော်တော်ယာဉ်များအားလုံးကို ၁-၁-၂၀၂၅ ရက်မှစ၍ ယာဉ်သက်တမ်းတိုးခြင်းအပါအဝင် ယာဉ်မှတ်ပုံတင်လုပ်ငန်းများအတွက် ယာဉ်စစ်ဆေးပြီးမှသာ ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန

# MRTV-4 ရုပ်သံလိုင်းမှ လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၃ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်




**ရန်ကုန် နိုဝင်ဘာ ၃၀**

MRTV-4 ရုပ်သံလိုင်းမှ လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲကို ဒီဇင်ဘာ ၃ ရက်မှစတင်ကာ ထုတ်လွှင့်သွားမည်ဖြစ်ကြောင်း အဆိုပါ ဇာတ်လမ်းတွဲတွင် အဓိကသရုပ်ဆောင်အဖြစ်ပါဝင်ထားသူ သရုပ်ဆောင် မြတ်သူသူက ပြောပြသည်။

အဆိုပါ လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲ၏ ဝတ္ထုဇာတ်လမ်းသည် စာရေးဆရာမ နီနီနိုင်(သထုံ)၏ စာပေဗိမာန်စာမူဆုရဝတ္ထုဖြစ်ကာ ဟေမာစန်း၊ မင်းမူပိုင်၊ နေမျိုးအောင်တို့က ဇာတ်ညွှန်းရေးသားထားပြီး ဒါရိုက်တာတိုးဝေယံလွင်က တာဝန်ယူရိုက်ကူးပုံဖော်ထားကာ Hey Play Application နှင့် Niyyayana Entertainment တို့ ပူးပေါင်းရိုက်ကူး ထုတ်လုပ်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီကားလေးက မြတ်သူရဲ့ လေးနှစ်ကြာမှ ပြန်ရိုက်ကူးဖြစ်တဲ့ ဇာတ်လမ်းတွဲလေးပါ။ ဒီကားရိုက်ဖို့အတွက် တစ်နှစ်လောက်အချိန်ယူခဲ့ရတယ်။ ဒီဇာတ်ကောင်ရဲ့ အဓိကကာရိုက်တာကို မြတ်သူဖို့ ရွေးချယ်ခံရတော့ အတိုင်းမသိဝမ်းသာမိပါတယ်"ဟု သရုပ်ဆောင် မြတ်သူသူက ပြောပြသည်။

အဆိုပါ လှိုင်းလေကြားက ပန်းရွှေကြာ ရုပ်သံဇာတ်လမ်းတွဲတွင် သရုပ်ဆောင်များအဖြစ် ကောင်းမြတ်စံ၊ ကောင်းဆက်နိုင်၊ မြတ်သူသူ၊ မေရီမောင်၊ မီကိုခန့်၊ မြတ်ကေသီအောင်၊ ဒေါ်သန်းနှင့် အနုပညာရှင်များစွာ ပါဝင်ထားပြီး ဒီဇင်ဘာ ၃ ရက်မှ စတင်ကာ အပတ်စဉ် တနင်္လာနေ့မှသောကြာနေ့ထိ ည ၇ နာရီအချိန်တိုင်း MRTV-4 ရုပ်သံလိုင်းတွင် ထုတ်လွှင့်ပြသသွားမည် ဖြစ်ကြောင်း သိရသည်။

ASH

# ဗီယက်နမ်နိုင်ငံ၌ ကျင်းပပြုလုပ်မည့် Miss Cosmo 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် မြင့်မြတ်မိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် နိုဝင်ဘာ ၃၀**

ဗီယက်နမ်နိုင်ငံ၌ လာမည့် ဒီဇင်ဘာလတွင် ကျင်းပပြုလုပ်မည့် Miss Cosmo 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် မြင့်မြတ်မိုး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်ကြောင်း Miss Cosmo Myanmar 2025 အလှမယ် မြင့်မြတ်မိုးက ပြောပြသည်။

အဆိုပါ Miss Cosmo 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံကိုယ်စားပြုအလှမယ် မြင့်မြတ်မိုးက မြန်မာနိုင်ငံအကြောင်း၊ ရိုးရာယဉ်ကျေးမှုအမွေအနှစ်များ၊ ယဉ်ကျေးမှုဓလေ့ထုံးတမ်းများနှင့်ပတ်သက်၍ တင်ပြသွားနိုင်ရန် ပြင်ဆင်မှုများပြုလုပ်ထားကြောင်း သိရသည်။

"မိုးအနေနဲ့ ဒီပြိုင်ပွဲသွားပြိုင်ရမှာမို့ တော်တော်လေးကို ရင်ခုန်မိပါတယ်။ Camp ကာလတစ်ခုလုံးလဲ ပြင်ဆင်ခဲ့တယ်။ ပြိုင်ပွဲအတွက် လိုအပ်တာတွေအားလုံး ပြင်ဆင်ထားပါတယ်။ နေ့တိုင်းကတော့ မတူညီတဲ့ Schedule သွားရမှာမို့ စိတ်ဝင်စားဖို့ကောင်းပါတယ်"ဟု Miss Cosmo Myanmar 2025 အလှမယ် မြင့်မြတ်မိုးက ပြောပြသည်။



အဆိုပါ Miss Cosmo 2025 ပြိုင်ပွဲတွင် မြန်မာနိုင်ငံအပါအဝင် ကင်မရွန်း၊ တရုတ်၊ ဘယ်လာရုစ်၊ ကိုလံဘီယာ၊ ကိုစတာရီကာ၊ ကွန်ဂို၊ ဒိန်းမတ်၊ ဂျာမနီ၊ ဖင်လန်၊ ဂျာမေကာ၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ တရုတ်(တိုင်ပေ)၊ တူကီယဲ စသည့်နိုင်ငံများမှ နိုင်ငံကိုယ်စားပြုအလှမယ်များ ဝင်ရောက်ယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

ASH

# ကျောက်တံတားမြို့နယ်ရှိ Kalasa Art Space Art Gallery တွင် Timeless Strokes Group Art Exhibition ပန်းချီပြပွဲ ပြုလုပ်လျက်ရှိ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ်ရှိ Kalasa Art Space Art Gallery တွင် Timeless Strokes အမည်ရှိ Group Art Exhibition ပန်းချီပြပွဲကို နိုဝင်ဘာ ၂၉ ရက်မှ စတင်ကျင်းပပြုလုပ်လျက်ရှိကြောင်း အဆိုပါ ပန်းချီပြပွဲတွင် ပါဝင်ပြသနေသည့် ပန်းချီမင်းဇော်က ပြောပြသည်။

အဆိုပါ ပန်းချီပြပွဲကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်ထိ ပြသသွားမည်ဖြစ်ပြီး ပန်းချီ အောင်ထူး၊ မောင်မြင့်အောင်၊ မင်းဇော်၊ မုတ်သုန်၊ အမ်ပီပီရဲမြင့်၊ မြသောင်း၊ မြင့်နိုင်၊ မျိုးသက်အောင်၊ အမ်စီအက်စ်၊ စန္ဒာခိုင်၊ သက်အောင်၊ တင်မောင်ဦး၊ ဝင်းဖေ၊ ဝင်းသိန်း၊ ဇော်လုမင်း၊ ဇော်ဝင်းဖေ၊ ရာဟုလာတို့၏ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ် စသည့်မီဒီယမ်မျိုးစုံဖြင့် ရေးဆွဲထားသည့်အကြောင်းအရာစုံပန်းချီကားများကို ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

"Kalasa Art Space Art Gallery မှာ Timeless Strokes လို့ အမည်ပေးထားတဲ့ Group Art Exhibition ပန်းချီပြပွဲကို ပြသလျက်ရှိပါတယ်။ ဒီပန်းချီပြပွဲမှာ ကျွန်တော်တို့ရဲ့ မတူညီတဲ့ အမျိုးအစား၊ ရေးဟန်တွေကို နိုဝင်ဘာ ၂၉ ရက်မှ ဒီဇင်ဘာ ၃ ရက်ထိ နံနက် ၁၀ နာရီကနေ ညနေ ၅ နာရီထိ ပြသနေတာဖြစ်လို့ လာရောက်ကြည့်ရှုအားပေးကြပါအုံးလို့ လေးစားစွာဖိတ်ကြားလိုက်ရပါတယ်ခင်ဗျာ"ဟု ပန်းချီမင်းဇော်က ပြောပြသည်။

အဆိုပါပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများ မှာ ၃၆ x ၂၄ လက်မ၊ ၂၄ x ၂၄ လက်မ၊ ၁၈ x ၂၄ လက်မ၊ ၁၈ x ၁၈ လက်မစသဖြင့် အရွယ်အစားအစုံပါဝင်ပြီး ဈေးနှုန်းအနေဖြင့်လည်း အနည်းဆုံး ငွေကျပ် ခုနစ်သိန်းမှ အများဆုံး ငွေကျပ် ၁၅ သိန်းထိရှိကြောင်း သိရသည်။

ASH

# Rush Hour-4 ဇာတ်ကားကို Paramount ကုမ္ပဏီက ဖြန့်ချိခွင့်ရရှိ

**နယူးယောက် နိုဝင်ဘာ ၃၀**

Rush Hour-4 ဇာတ်ကား ဖြန့်ချိပြသခွင့်ကို Paramount ကုမ္ပဏီကရရှိထားကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများတွင် ရေးသားဖော်ပြထားသည်။

Rush Hour-4 ဇာတ်ကားကို ဒါရိုက်တာ ဘရက် ရက်တနာ က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး မင်းသားကြီး ဂျက်ကီချန်းနှင့် ခရစ်တပ်ကာတို့ ပါဝင်သရုပ်ဆောင်မည် ဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဘရက် ရက်တနာသည် ယခင်ရုံတင်ပြသခဲ့ပြီးဖြစ်သည့် Rush Hour ဇာတ်ကားများကို ရိုက်ကူးပေးခဲ့သူဖြစ်ပြီး ၂၀၁၇ ခုနှစ်အတွင်း ရုပ်ရှင်ဇာတ်ကားရိုက်ကူးမှုများကို ရပ်နားထားခဲ့သည်။

Rush Hour-4 ဇာတ်ကားသည် ဒါရိုက်တာ ဘရက် ရက်တနာ၏ ၂၀၁၇ ခုနှစ်နောက်ပိုင်း ပထမဆုံး ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားဖြစ်ကြောင်း သိရသည်။

ဒါရိုက်တာ ဘရက် ရက်တနာ ရိုက်ကူးခဲ့သည့် Rush Hour ဇာတ်ကားသုံးကားတို့၏ စုစုပေါင်း ပြည်တွင်းဝင်ငွေမှာ အမေရိကန်ဒေါ်လာ သန်း ၅၀၀ ထိရှိခဲ့ကြောင်း သိရသည်။

Ref : Russia Today

Trs : KKO



# Crash Land ဟာသဇာတ်ကား ရိုက်ကူးထုတ်လုပ်မှုလုပ်ငန်း ပြီးဆုံး

**နယူးယောက် နိုဝင်ဘာ ၃၀**

Crash Land အမည်ရှိ စတန့်လောကနောက်ခံ ဟာသဇာတ်ကား ရိုက်ကူးရေးလုပ်ငန်းပြီးဆုံးသွားပြီဖြစ်ကြောင်း နိုဝင်ဘာ ၂၉ ရက် သတင်းများအရ သိရသည်။

Crash Land ဇာတ်ကားတွင် မင်းသား ဖင်းဝုဟာ့နှင့် ဂါဘရီရယ်လာဘဲတို့က အဓိကဇာတ်ကောင်များအဖြစ် ပါဝင်သရုပ်ဆောင်ထားကြောင်း သိရသည်။

Crash Land ဇာတ်ကားသည် မြို့လေးတစ်မြို့ရှိ အပျော်တမ်း စတန့်သမားအုပ်စု တစ်ခု၏ နေ့စဉ်ဘဝကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသည့် ဟာသဇာတ်ကားဖြစ်ကြောင်း သိရသည်။

အဆိုပါဇာတ်ကားကို စာရေးဆရာ ဒါရိုက်တာ ဒမ်းဆေးဘရိုက်က တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး ဝတ္ထုဇာတ်ညွှန်းကိုလည်း ၎င်းက ရေးသားထားသည်။

Crash Land ဇာတ်ကားသည် ဒမ်းဆေးဘရိုက်အတွက် ပွဲဦးထွက် ဒါရိုက်တာလက်ရာဖြစ်သည်။

လက်ရှိအချိန်တွင် Crash Land ဇာတ်ကားရုံတင်ပြသမည့် ရက်ကို ထုတ်လုပ်သူများက ကြေညာခြင်း မရှိသေးကြောင်း သိရသည်။

Ref : Sputnik News

Trs : KKO



# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing opens Space Museum (Yangon)


Senior General Min Aung Hlaing delivers a speech at the opening of the Space Museum (Yangon).

**Nay Pyi Taw November 30**

Acting President of the Republic of the Union of Myanmar and State Security and Peace Commission Chairman Senior General Min Aung Hlaing inaugurated the Space Museum (Yangon) at the People's Square in Yangon this morning.

Also present at the ceremony were Commission Secretary and Joint Executive Chief General Ye Win Oo, Union ministers, the Yangon Region Chief Minister, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, ambassadors and Charge's d'Affaires ad interim from the People's Republic of China, the Russian Federation, India and Belarus, the Yangon mayor, guests and students.

On arrival at the venue where the ceremony will take place, the Senior General was welcomed by diplomats, officials and students.

At the ceremony, Yangon Region Chief Minister U Soe Thein, Union Minister for Science and Technology Dr Myo Thein Kyaw, Chief Executive Officer of Myanmar Space Agency Dr Soe Myint Maung and Yangon Mayor U Bo Htay cut the ribbon to open the Space Museum (Yangon).

The Senior General and attendees unveiled the signboard of the planetarium and sprinkled scented water on the plaque.

The Senior General observed the GOTO Planetarium Analog Projection System used in the previous planetarium.

The Senior General and attendees had documentary photos taken in front of the museum.

The Senior General and party visited the Deep Space Exploration booth, the Space Station booth, scale models of satellites and spacecrafts launched by the Russian Federation, India and the United States into the space in successive eras, running of the scale model satellites in the orbit, launching of the satellies from the space station and demonstrations at the museum. Officials conducted the Senior General and party round the museum.

In his speech, the Senior General said: With the successful opening of the Space Museum (Yangon) today, students and young people in the country now have the opportunity to explore, in an organized manner within the museum, topics related to space knowledge they have read about in books or seen on television. This includes rockets launched into space, satellites orbiting in space, spacecraft and astronauts exploring space, planets, constellations, and other space-related subjects.


Senior General Min Aung Hlaing observes an exhibition booth.

The space museum was established with the aim of inspiring the next generation of young people in our country to develop an interest in space and science. It is intended to go beyond the lessons they learn in classrooms and serve as a place where new dreams related to space and scientific exploration can be born. In addition, as space science and its practical applications are becoming increasingly important in building a modern, developed nation, the museum also aims to ensure that space technologies in our country continue to advance in line with the times.

Due to the ideas and inspiration gained from the space museum regarding space technology, it is believed that future astronauts, scientists, engineers, and specialists in various fields who can contribute to Myanmar's modern development will also emerge.

This involves the upgrading and renovation of the planetarium, which was jointly established by the governments of Myanmar and Japan in 1987, into a space museum. The previously used equipment, such as the Analog Projection System, has been replaced with modern equipment, including Digital Projection Systems. Additionally, interesting exhibition areas related to space and astronomy, space stations, and other space technology displays have been added and showcased.

As a nation, Myanmar has established the Myanmar Space Agency with the responsibility of applying space technology for peaceful purposes in the socioeconomic development sectors. It has begun implementing short- and long-term projects in collaboration with international partner organizations. Opportunities will also be provided for young scientists of Myanmar to participate in such space technology initiatives together with partner organizations. For example, in September, as a concrete step, six young participants from Myanmar were sent to compete in the Open World Astronomy Olympiad (OWAO-25) held in Sirius, Russian Federation, and five young participants were sent to the International Olympiad on Climate Change and Environmental Issues (IOCE-2025), totaling 11 youths. They were able to compete appropriately according to the respective competitions and achieved success, winning awards and prizes for their accomplishments.

In today's era of technology, space and satellite technologies are rapidly advancing, and we can observe that countries are collaborating competitively in space research activities that can benefit humanity. The outcomes of such research—space science, applied technologies, and satellite technologies—are being effectively utilized across various national sectors, including defense, security, economy, transportation and communications, social services, healthcare, and education. Therefore, to enable the nation to keep pace internationally in these crucial fields of space science and technology, and to develop and apply them efficiently, it is essential to nurture, train, and educate the younger generation.


Senior General Min Aung Hlaing signs the guest book of the Space Museum (Yangon).

See Page 14

# Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing addresses 34th annual plenary session of Union of Myanmar Federation of Chambers of Commerce and Industry




Senior General Min Aung Hlaing addresses the 34th annual plenary session of the Union of Myanmar Federation of Chambers of Commerce and Industry.

**Nay Pyi Taw November 30**

Union of Myanmar Federation of Chambers of Commerce and Industry held its 34th annual plenary session at National Theatre in Yangon this afternoon, addressed by Acting President of the Republic of Union of Myanmar Chairman of State Security and Peace Commission Senior General Min Aung Hlaing.

Also present at the meeting were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from Office of Commander-in-Chief, the Yangon Region Chief Minister, the Yangon Command commander, deputy ministers, officials of UMFCCI, executive committee members, affiliated associations, diplomats, partners organizations, UMFCCI members and officials.

In his address, the Senior General expressed pleasure to meet all the UMFCCI members at the 34th annual plenary session of the federation, honouring and recognizing its ongoing efforts for the progress of private sector.

He said initially, it was founded in 1919 by patriotic nationality traders as the Burmese Chamber of Commerce, with the conviction that "only a robust economy can ensure national sustainability." In 1999, it was reformed as UMFCCI, with the participation of affiliated associations that represented the relevant sectors. In addition to its over 100 years of existence, it is a National Apex Organization, recognized by the successive governments as the main partner organization.

In realizing the objective of the National Defence and Security Council "To ensure development of the agriculture sector, which plays vital role in the national economy, the growth of socioeconomic life of the people will be achieved through the development of Agro-based industries" included in its four objectives, the efforts of private entrepreneurs in cooperation with the relevant ministries is important, and additionally, the involvement UMFCCI and its affiliated association also plays the pivotal role in this matter. The relevant organizations and associations are making collective efforts for national economic development through export promotion.

As the progress of the production industry is important in promoting the national economy, apart from trade, the government is providing support and encouragement to improve the quality and quantity of local products for export substitution. As the UMFCCI is formed not with entrepreneurs representing the trade sector, but also with involvement of the production entrepreneurs, it should exert more energy for production development.

The accomplishment of the UMFCCI in acquiring new friendly trade partners in the international business area is important for national economic development and the progress of the private sector, and this achievement is helpful for enhancing the entire private sector to reach the global level through the emergence of entrepreneurs with the ability to compete in the international markets. At the time when other countries are showing interest in Myanmar's geoeconomic opportunities, UMFCCI should strive to stand shoulder to shoulder with the international partner organizations and local associations.

Regarding the adoption of economic policies, the government is implementing them only after assessing the policies and guidelines that align with the prevailing changes. The understanding and cooperation of the private sector plays a vital role in successfully implementing the adopted policies and work programs. The government is always ready to overcome hardships and solve the problems private entrepreneurs face in practically materializing the policies and work programs. The private entrepreneurs should represent the majority in presenting their problems, policy suggestions sector wise. Only then will the government be able to look into the matter through necessary coordination.



Senior General Min Aung Hlaing visits an exhibition booth.

In providing encouragement and support for national prosperity, domestic food sufficiency, MSME development, the State will exert efforts for ensuring cooperation between the government and the private sector, market development, acquiring new markets and market extension in accord with the section 35, which states, "The economic system of the Union is market economy system," of the Chapter I of the Constitution. The role of private sector will increase and become more important in the future business environment. So, priority must be given to seek means to operate the national economy based on the basic facts of the country and to operate regional economy based on its specific situations through discussions as it was mentioned at the centenary of Myanmar economics.

He emphasized that the UMFCCI, as the national-level non-governmental leading organization representing the interests of private businesses, needs to actively cooperate and participate on behalf of the private sector in matters concerning the State's future policies, work processes, advice, technologies, current challenges, and priority issues, relevant to each sector and field. He urged that since the State-formed commissions and committees include executive members from the Federation; they should work towards the nation's economic development by offering beneficial suggestions and presentations from private sector entrepreneurs. Finally, he wished to convey that the affiliated associations representing various sectors and fields should also work together in unity and

*See Page 14*



The ribbon being cut to open the Space Museum (Yangon).

*From Page 12*

Today, with the successful opening of the large space museum, the younger generation will be able to participate and compete in the challenges and new opportunities of the modern space sector, nurturing their ideas and turning them into reality. It is also believed that, in the future, experts whom the nation can take pride in—research scientists, engineers, astronauts, specialists across various fields, and human resources—will emerge in the diverse areas of space utilization.

The Yangon Region Chief Minister presented commemorative gifts to the Senior General as well as diplomats.

The Senior General and attendees watched a dome video clip on the space and planetarium.

After the ceremony, the Senior General and diplomats signed the guest book of the museum.

The Space Museum (Yangon) is located at the People's Park in Yangon. The former planetarium was upgraded and renovated to meet modern standards and reopened as the Space Museum (Yangon). Inside the museum, visitors can explore the Deep Space Exploration exhibit, the Space Station exhibit, and displays on rockets launched into space, orbiting satellites, spacecraft and astronauts exploring space, planets, constellations, and other space-related topics. 100

*From Page 13*

harmony under the leadership of the Federation of Chambers of Commerce and Industry.

He stated that the government and the private sector are mutually dependent and are working together to realize the nation's economic interests, noting that the private sector is a key driving force in the economic development of any country. He emphasized that greater harmony between the government and the private sector can be achieved by effectively implementing work processes—starting from the existing dialogue forums that bridge the government and the private sector—until tangible results emerge in the nation's development and public service sectors.

He observed that the attendance of officials from the State Government, international embassies, and international partner organizations at today's Meeting of the Union of Myanmar Federation of Chambers of Commerce and Industry reflects the robustness and credibility of Myanmar's private sector. He affirmed that foreign investments play an essential and vital role in striving for Myanmar's long-term sustainable and inclusive economic development by strengthening domestic economic sectors, creating employment opportunities, and facilitating the transfer of new technologies and good international business practices. He concluded by expressing his belief that international friends and partner organizations will be able to continue intensifying their cooperation in establishing a mutually beneficial investment environment in Myanmar.

He concluded by urging the attendees to continue cooperating with the State and striving for the nation's economic progress and prosperity for many years to come, reaching its golden and diamond jubilees, and to contribute exponentially to the development of the nation by becoming a robust, stable, and developed private sector.

The Senior General then gave supplementary remarks, stating that a nation's wealth is measured by its GDP, which is calculated using the agricultural, industrial, and service sectors, and noted that Myanmar's GDP remains weak. He emphasized that the agricultural sector is fundamental in Myanmar, and through the development of this sector, industry and services will also progress; since approximately 50 percent of the nation's population earns its livelihood from agriculture, prioritizing and promoting the agricultural sector will lead to the advancement of other economic sectors.

Regarding trade, he mentioned the categories of manufactured goods, above ground and underground resources, and garment products, and emphasized that in utilizing resources, they should focus on those that are renewable, such as the production of timber and bamboo, and aquatic products. He pointed out that export goods are only possible when there are produced goods, and that one of the three slogans set by the State is "Let us encourage production for prosperity of the Nation." Therefore, he stressed the need to promote production to enhance the nation's economy.

He stated that the nation's agricultural production remains weak, and if the target goals for cultivation are met, there will be an additional $8 billion USD income annually, and through multiple cropping, there will be approximately $12 billion USD more in earnings. He emphasized that by increasing production and exporting the goods, the nation would secure sufficient foreign currency, and therefore, he urged all to collectively strive to increase productivity.

Regarding the garment industry, he stated that it also needs to be further developed, noting that a United Nations report indicates that 46 percent of the nation's population is on the poverty list, which is primarily calculated based on the economy of the rural population. Therefore, he stressed the need to increase the yield of agricultural products to boost the economy of the rural population, which would lead to an improved economy and higher living standards for rural residents, resulting in better supply and demand. He urged industrialists to collectively assist in elevating the rural economy and the living standards of the people there.

He observed that there are weaknesses in some areas regarding trade tax and affirmed that they are making every effort to optimize the trade tax system. He also stated that they have systematically managed foreign currency since they first took responsibility, and that there are plans to reduce tax rates soon. He assured that they are striving to achieve the best outcome for the nation's economy, while simultaneously urging the Union of Myanmar Federation of Chambers of Commerce and Industry to conduct their businesses with honesty and integrity.

He stated that there is a need to work toward further progress in agriculture and livestock, increase the per-acre yields, and cultivate high-value crops, noting that Paw San Hmwe rice and coffee already have international markets. He urged all to collectively strive to produce goods that can secure foreign markets, emphasizing that the UMFCCI represents the entire country and can drive national economic development. Therefore, he stressed the imperative to increase production and conduct business with integrity, asking that when producing and selling goods, they ensure correct pricing and guarantee the quality of the products. He highlighted that reducing poverty within the country is a matter of national dignity, and thus, all must cooperate to elevate the national economy to satisfy this requirement, primarily by increasing public purchasing power. He explained that by increasing the production of goods, supply and demand will become balanced, which will allow for the control of high commodity prices, and he stressed the need to sell essential goods for the public's livelihood at correct prices. He concluded by asserting that the nation will only develop when its economy is sound, and therefore, everyone must cooperate to enhance the economy by increasing productivity.

Subsequently, the President of the UMFCCI delivered a welcoming speech. Following that, the General Secretary read and presented the 2024-2025 Annual Report and Financial Statement.

Then, the Senior General, along with the guests and executive members of the UMFCCI, took a group commemorative photograph.

The report concluded that the Senior General and his delegation, then proceeded to tour and encourage each of the exhibition booths displayed at the 34th annual plenary session of the UMFCCI. 100

# Israel's Netanyahu requests pardon from president over corruption trial

**Jerusalem November 30**

Israeli Prime Minister Benjamin Netanyahu submitted a formal pardon request to President Isaac Herzog on Sunday, according to a statement from the president's office.

In a letter sent by Netanyahu and his lawyers, a copy of which was seen by Xinhua, Netanyahu stated that he submitted the request "out of public responsibility." He added that ending his trial "will help to reduce the intensity of the flames in the power debate surrounding it."

"Faced with the security challenges and political opportunities currently facing the State of Israel, I am committed to doing everything in my power to heal the rifts, achieve unity among the people, and restore trust in the state's systems," he said.

Herzog's office said the request was submitted to his office's legal department by Netanyahu's lawyers. Herzog said he would consider the rare request "in accordance with the guidelines and procedures."

"The Office of the President is aware that this is an extraordinary request which carries with it significant implications," the statement read. Xinhua

# 276 buildings used in online scams and gambling in KK Park area demolished, 119 illegal buildings in Shwe Kokko area sealed off, confiscated

A 2-story nightclub building illegally constructed in section (3) of KK Park area



Before demolition.



After demolition.

**Nay Pyi Taw November 30**

The Government of the Republic of the Union of Myanmar has continued to systematically raid and destroy seized online gambling and scamming devices and illegal buildings in the Shwe Kokko and KK Park areas with inter-departmental officials including local security forces, authorities and local departmental officials.

In doing so, three two-storey buildings and three four-storey buildings, totalling six buildings today in Myawaddy-Mehawthalay (KK Park-Part-3), and 128 out of 425 illegal buildings in the part-3 area and 276 out of 635 illegal buildings in the KK Park area have been demolished so far.

Similarly, clearance operations have been conducted since 18 November in the Shwe Kokko area and today, 98 buildings were inspected including four one-storey buildings, 63 two-storey buildings, 17 three-storey buildings, three four-storey buildings, four five-storey buildings, one six-storey building, two seven-storey buildings, two nine-storey buildings, one 16-storey building and one 19-storey building used as residential ones, warehouses, stadiums, generator rooms, shops, storage facilities and servant quarters but no online scammers were found and it was learnt that they had taken all their devices for online scams and gambling with them.

Furthermore, buildings used in online scams in the Shwe Kokko area have been investigated since 18 October and 140 of them have been investigated and 18 of them were sealed off today to prevent them for being used again, totalling 119 out of them have been sealed off and confiscated.

According to clearance operaions in the Shwe Kokko area, a total of 1,945 foreigners, who had entered Myanmar illegally, were detained, 3,310 computer sets, 21,870 mobile phones, 102 Starlink diches, 22 routers and a lot of accessories were seized and properly destroyed and plans are underway to continue to expose the cases.

From 30 January to 30 November, 2025, a total os 12,945 foreigners, who entered Myanmar illegally, were detained and all of them were investigated. A total of 10,029 of them have been handed over to their relevant countries through Thailand in accordance with the law, rules and regulations. The remaining 2,916 foreigners are underway to be handed over to their relevant countries and they are kept properly.

The government has continued to coordinate with domestic forces as well as neighbouring governments not to allow online scams and gambling to take root in Myanmar as a national responsibility.

100



Documentation photo of sealed and confiscated buildings used in conducting online scams.



Officials clearing out a 6-story building that could house illegal foreigners.



Officials clearing out a 7-story building that could house illegal foreigners

## Public Notice for Elimination of Violence

1. Declaring themselves to be “for the people”, the so-called CRPH, NUG and PDF terrorist groups are lawlessly killing Buddhist monks, civil servants including schoolteachers, and members of the general public, as well as looting and robbing.
2. Not encouraging, supporting, or assisting “CRPH”, “NUG”, and “PDF” terrorists, who are intimidating and killing people and committing destructive activities, is to protect the lives and property of the general public.
3. Giving information secretly to the authorities on terrorists and on possession and transport of weapons/ammunition is tantamount to protecting the lives and property of innocent people.



ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် အာကာသပြတိုက် (ရန်ကုန်) ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးစဉ်။

ရှေ့ဖုံးမှအဆက်

ယင်းနောက် အာကာသပြတိုက်ဖွင့်ပွဲ အခမ်းအနားကိုကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ Myanmar Space Agency အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်နှင့် ရန်ကုန်မြို့တော်ဝန် ဦးဘိုဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြတိုက်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းမော်ကွန်းကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယခင်နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarim Analog Projection System ကို ကြည့်ရှုလေ့လာကြသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသပြတိုက်(ရန်ကုန်)ရှေ့တွင် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည်ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသတွင်းသို့ ခေတ်အဆက်ဆက် လွှတ်တင်ခဲ့သည့်ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်း လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှုသရုပ်ပြသမှုများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာ၌ ယနေ့တွင် အာကာသပြတိုက်(ရန်ကုန်)ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်ရှိသည့် ကျောင်းသား၊ ကျောင်းသူ မျိုးဆက်သစ်လူငယ်များအနေဖြင့် စာအုပ်များတွင် ဖတ်ခဲ့ရသည့်၊ ရုပ်သံများတွင်မြင်တွေ့ခဲ့ရသည့် အာကာသတွင်းစေလွှတ်မည့်ဒုံးပျံများ၊ အာကာသတွင်လှည့်ပတ်သွားလာမည့်ဂြိုဟ်တုများ၊ အာကာသတွင်းစူးစမ်းလေ့လာမည့် အာကာသယာဉ်နှင့်ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများအစရှိသည့် အာကာသဆိုင်ရာဗဟုသုတအကြောင်းအရာများကို ယခုပြတိုက်အတွင်း၌ တစ်စုတစ်စည်းတည်း စူးစမ်းလေ့လာခွင့်ရနိုင်တော့မည်ဖြစ်ကြောင်း။

**အာကာသပြတိုက်ကို မိမိတို့နိုင်ငံ၏ အနာဂတ် မျိုးဆက်သစ်လူငယ်များ၏ အာကာသနှင့်သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများကို နိုးကြားစေမည့်၊ ၎င်းတို့သင်ကြားနေသည့် ကျောင်းသင်ခန်းစာများကို ကျော်လွန်ပြီး အာကာသနှင့်သိပ္ပံဆိုင်ရာအိပ်မက်အသစ်များကိုမွေးဖွားပေးမည့်နေရာတစ်ခုဖြစ်လာစေရေးအတွက်ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊** ထို့ပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်တည်ဆောက်ရာတွင် အာကာသသိပ္ပံပညာနှင့် အသုံးချနည်းပညာများသည် တစ်နေ့တခြား ပိုမိုအရေးပါလာသည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် အာကာသနည်းပညာများ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

**အာကာသပြတိုက်မှ ရရှိလာသည့် အာကာသနည်းပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့်ကဏ္ဍအလိုက် ပညာရှင်များလည်း ပေါ်ထွက်လာမည်ဟု ယုံကြည်မိကြောင်း။**

မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့် ဂျပန်နိုင်ငံအစိုးရတို့ ၁၉၈၇ ခုနှစ်က ပူးပေါင်းတည်ဆောက်ခဲ့သည့် နက္ခတ်တာရာပြခန်းကို ယခုကဲ့သို့ အာကာသပြတိုက်အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပြုပြင်ခဲ့ခြင်းဖြစ်ပြီး ယခင်အသုံးပြုခဲ့သည့် စက်ပစ္စည်း Analog Projection System များနေရာတွင် ခေတ်မီစက်ပစ္စည်းများဖြစ်သည့် Digital Projection System များဖြင့် အစားထိုးလဲလှယ်ခြင်း၊ အာကာသနှင့် နက္ခတ်တာရာဆိုင်ရာပြခန်းများ၊ အာကာသစခန်းများနှင့် အခြားအာကာသနည်းပညာဆိုင်ရာပြခန်းများ အစရှိသည့် စိတ်ဝင်စားဖွယ်ပြခန်းနေရာများကို ထပ်မံထည့်သွင်းပြသခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် အာကာသနည်းပညာများကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာ မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရေတိုရေရှည်စီမံကိန်းများ သတ်မှတ်ပြီး စတင်အကောင်ထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ ပညာရှင်လူငယ်များအနေဖြင့် ထိုကဲ့သို့ အာကာသနည်းပညာ လှုပ်ရှားမှုအစီအစဉ်များတွင်ပါဝင်နိုင်မည့် အခွင့်အလမ်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းနေရာတွင် သာဓကတစ်ခုအနေဖြင့် စက်တင်ဘာလက ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဆီးရီးယပ်မြို့တွင်ကျင်းပခဲ့သည့် Open World Astronomy Olympiad(OWAO–25) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ် ခြောက်ဦးနှင့် International Olympiad on Climate Change and Environmental Issues (IOCE–2025) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင် လူငယ်ငါးဦး စုစုပေါင်း လူငယ် ၁၁ ဦးကို စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ သက်ဆိုင်ရာပြိုင်ပွဲများအလိုက် ထိုက်တန်စွာယှဉ်ပြိုင်နိုင်ခဲ့ကြပြီး အောင်မြင်မှုအသီးသီးဖြင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

နည်းပညာခေတ်ဖြစ်သည့် ယနေ့မျက်မှောက်ကာလတွင် အာကာသနှင့် ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှတစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အပြိုင်အဆိုင် ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ သုတေသနလုပ်ငန်းများကရရှိလာသော အကျိုးရလဒ်များဖြစ်သည့် အာကာသသိပ္ပံနှင့်အသုံးချနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကို နိုင်ငံ၏ ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေး စသည့်နိုင်ငံ့စွမ်းအားကို ဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာအသုံးချနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့် **နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့်နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။**

ယနေ့တွင် အာကာသပြတိုက်ကြီးကို အောင်မြင်စွာ ဖွင့်လှစ်နိုင်ခဲ့သောကြောင့်

**အာကာသပြတိုက်ကို မိမိတို့နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အာကာသနှင့် သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများကိုနိုးကြားစေမည့်၊ ၎င်းတို့သင်ကြားနေသည့် ကျောင်းသင်ခန်းစာများကိုကျော်လွန်ပြီး အာကာသနှင့်သိပ္ပံဆိုင်ရာ အိပ်မက်အသစ်များကို မွေးဖွားပေးမည့်နေရာတစ်ခုဖြစ်လာစေရေးအတွက်ရည်ရွယ်ပြီး အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ် . . .**

**အာကာသပြတိုက်မှရရှိလာသည့် အာကာသနည်းပညာဆိုင်ရာ စိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက် ပညာရှင်များလည်း ပေါ်ထွက်လာမည်ဟုယုံကြည် . . .**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်အား အခမ်းအနားတက်ရောက်လာကြသည့် နိုင်ငံတကာမှသံတမန်များက ခရီးဦးကြိုဆိုနှုတ်ဆက်စဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသတွင်းသို့ ခေတ်အဆက်ဆက်လွှတ်တင်ခဲ့သည့် ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များကို လိုက်လံကြည့်ရှုစဉ်။


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးစဉ်။

**နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့ အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့် နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာအသုံးချနိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ် . . .**

မျိုးဆက်သစ်လူငယ်များ အနေဖြင့် မျက်မှောက်ခေတ် အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး စိတ်ကူးစိတ်သန်းများကိုမွေးဖွားကာ အကောင်အထည်ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ အာကာသအသုံးချ နယ်ပယ်အသီးသီးတွင် နိုင်ငံတော်က ဂုဏ်ယူအားထားရမည့် သုတေသနပညာရှင်များ၊ အင်ဂျင်နီယာများ၊ အာကာသယာဉ်မှူးများ၊ဘက်စုံကဏ္ဍအလိုက်ကျွမ်းကျင်ပညာရှင်များနှင့် လူ့စွမ်းအားအရင်းအမြစ်များပေါ်ထွက်လာမည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ၾင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်က တက်ရောက်လာကြသည့် နိုင်ငံတကာမှ သံတမန်များကို အမှတ်တရလက်ဆောင်ပစ္စည်းများ ပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသနှင့် နက္ခတ်တာရာဆိုင်ရာ Dome Video Clip ကို ကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် ဥက္ကဋ္ဌနှင့် သံတမန်များက အာကာသပြတိုက်(ရန်ကုန်) ဧည့်သည်တော် မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အဆိုပါ အာကာသပြတိုက်(ရန်ကုန်)သည် ရန်ကုန်မြို့ ပြည်သူ့ရင်ပြင်တွင်တည်ရှိပြီး ယခင်နက္ခတ်တာရာပြခန်းကို ခေတ်နှင့်အညီဖြစ်စေရေးအတွက် အဆင့်မြှင့်တင်ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ အာကာသပြတိုက်(ရန်ကုန်)အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်အတွင်း Deep Space Exploration ပြခန်း၊ Space Station ပြခန်းနှင့် အာကာသတွင်းစေလွှတ်ခဲ့သည့် ဒုံးပျံများ၊အာကာသတွင် လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုများ၊ အာကာသတွင်းစူးစမ်းလေ့လာသည့် အာကာသယာဉ်နှင့်ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများအစရှိသည့် အာကာသဆိုင်ရာများကို ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်ကို ဂါရဝပြုပေးအပ်စဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ၃၄ ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

☆ ကျောဖုံးမှအဆက်

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ နိုင်ငံတကာသံတမန်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းသား၊ အသင်းသူများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကုန်သည်စက်မှုအသင်းချုပ်၏ ၃၄ ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးတွင် အသင်းသားများနှင့် စုံလင်စွာတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍစီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အသင်းချုပ်အနေဖြင့် အစဉ်တစိုက် ဦးတည်ဆောင်ရွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြုဂုဏ်ယူသည်ကို ပြောကြားလိုကြောင်း။

ကုန်သည်စက်မှုအသင်းချုပ်ကို ၁၉၁၉ ခုနှစ်တွင် တိုင်းရင်းသား မျိုးချစ်ကုန်သည်ကြီးများက “စီးပွားရေးခိုင်ခံ့မှ အမျိုးသားရေးတည်တံ့ခိုင်မြဲနိုင်မည်” ဆိုသည့် ခံယူချက်ဖြင့် “ဗမာကုန်သည်အသင်း (Burmese Chamber of Commerce)” အဖြစ် စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ကဏ္ဍအသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းများ ပါဝင်စုဖွဲ့မှုဖြင့် “ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်”အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို သိရကြောင်း၊ နှစ်ပေါင်း ၁၀၀ ကျော် သက်တမ်းရှိ အဖွဲ့အစည်းဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရ အဆက်ဆက်က အဓိကမိတ်ဖက်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားခြင်းခံရသည့် ပုဂ္ဂလိကကဏ္ဍကိုယ်စားပြု အမျိုးသားအဆင့်အဖွဲ့အစည်းကြီး (National Apex Organization)လည်းဖြစ်ကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် “နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် စက်မှုကဏ္ဍ (Agro-Based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏ လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ် မြှင့်တင်ရေး”ဆိုသည့် ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုသည် အရေးကြီးသကဲ့သို့ ကုန်သည်စက်မှုအသင်းချုပ်အပါအဝင် ညီနောင်အသင်းများ၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည် အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ် လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်ဆောင်ရွက်ရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် မိတ်သစ်ဆွေသစ် ကုန်သွယ်ဖက်များရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အသင်းကြီး၏ လုပ်ဆောင်မှုများသည် နိုင်ငံ့စီးပွားတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍ ရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသကဲ့သို့ နိုင်ငံတကာဈေးကွက်တွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်မည့်မူဝါဒများ၊ လမ်းညွှန်မှုများကို လေ့လာသုံးသပ်ပြီးမှ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍ၏ နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်အခန်းကဏ္ဍမှရှိနေကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို မြေပြင်တွင်လက်တွေ့အကောင်အထည်ဖော် လုပ်ကိုင်သည့်အခါ

**လက်ရှိအစိုးရနှင့် ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးပေးနေသည့်ဆွေးနွေးမှုပုံစံများမှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာမြင်သာရှိသည့်ရလဒ်များပေါ်ထွက်သည်အထိ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကအကြားတွင် သဟဇာတ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်၊ မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ်ဖော်ဆောင်ရာတွင် နိုင်ငံတကာမှ မိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်အရှိန်အဟုန်မြှင့်တင် ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည် . . .**

လည်း အဓိကကျသည့် အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရေးတွင် အသင်းအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်း ဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့မြင်ရကြောင်း။

နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပသွင်းကုန် အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ ကုန်သည်စက်မှု အသင်းချုပ်ဖြစ်သည့် ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များ ပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို ကမ္ဘာ့အဆင့်မီမြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်ကို တွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်နေသည့် ပထဝီစီးပွားရေးအခွင့်အလမ်းများအပေါ် နိုင်ငံအသီးသီးက စိတ်ဝင်စားလာသည့် ယခုအချိန်တွင် အသင်းချုပ်ကြီးသည် နိုင်ငံတကာမှမိတ်ဖက်အသင်းများ၊ ဒေသတွင်း အသင်းအဖွဲ့များနှင့် ရင်ပေါင်တန်း ဆောင်ရွက်ထားနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့်စိန်ခေါ်မှု၊ အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲအသင့်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှလည်း အခက်အခဲများ၊ မူဝါဒဆိုင်ရာအကြံပြုတင်ပြချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အများကိုကိုယ်စားပြုပြီး အရှိအတိုင်းတင်ပြခြင်းဖြင့် နိုင်ငံတော်ဘက်က လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ညှိနှိုင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး အားပေးမြှင့်တင်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈) အခန်း(၁)၊ ပုဒ်မ ၃၅ ပါ “နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်”ဆိုသည့် ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့် ပုဂ္ဂလိကပူးပေါင်းဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြားအရေးပါလာမည်ဖြစ်သည့်အတွက် နိုင်ငံ၏အခြေခံအချက်အလက်များအပေါ်မူတည်ပြီး နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံဆောင်ရွက်သင့်သည်၊ မတူညီသည့်ဒေသအခြေအနေများအပေါ်မူတည်ပြီး ဒေသအလိုက်စီးပွားရေးကို မည်သို့ဆောင်ရွက်သင့်သည်စသည်များကို ဆွေးနွေးအဖြေရှာဖော်ထုတ်ပေးကြရန်ကိုလည်း မြန်မာနိုင်ငံ “စီးပွားရေးပညာ နှစ် ၁၀၀” ရာပြည့် အထိမ်းအမှတ် အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သကဲ့သို့ အလေးထား ဖော်ထုတ်သွားရန်လည်း မှာကြားလိုကြောင်း။

ပုဂ္ဂလိကစီးပွားရေး လုပ်ငန်းများ၏ အကျိုးကို ကိုယ်စားပြုသည့် အစိုးရမဟုတ်သော အမျိုးသားအဆင့် ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ ရှေ့ဆက်သွားမည့် မူဝါဒပိုင်းဆိုင်ရာများ၊ လုပ်ငန်းစဉ်များ၊ အကြံဉာဏ်များ၊ နည်းပညာများ၊ ကြုံတွေ့နေရသော အခက်အခဲများ၊ ဦးစားပေးဆောင်ရွက်နိုင်ရန် ကိစ္စရပ်များနှင့် ပတ်သက်ပြီး သက်ဆိုင်ရာ ကဏ္ဍအလိုက် နယ်ပယ်အလိုက် ပုဂ္ဂလိကကဏ္ဍကိုယ်စားပြုပြီး တက်ကြွစွာပူးပေါင်းပါဝင်ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်က ဖွဲ့စည်းထားသည့် ကော်မရှင်များ၊ ကော်မတီများသည်လည်း အသင်းချုပ်မှ အမှုဆောင်များ ထည့်သွင်းပါဝင်ဖွဲ့စည်းပေးထားသည့်အားလျော်စွာ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၏ ကောင်းမွန်သည့် အကြံပြုချက်များ၊ တင်ပြချက်များဖြင့် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားလိုကြောင်း၊ **စာမျက်နှာ ၁၉ သို့**



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

**ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသူများ ဖြစ်၊ ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး မဖြစ်မနေဆောင်ရွက်ရန်နှင့် လုပ်ငန်းများမှန်မှန်ကန်ကန်ဖြစ်စေရေး ဆောင်ရွက်ရန်လို၊ ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ဈေးနှုန်းများ မှန်မှန်ကန်ကန်ရှိစေရေးနှင့် ထုတ်ကုန်များ အရည်အသွေးပြည့်မီမှုရှိစေရေး ဆောင်ရွက်ပေးကြစေလို . . .**

**စာမျက်နှာ ၁၈ မှအဆက်**

ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းအဖွဲ့များအနေဖြင့်လည်း ကုန်သည်စက်မှုအသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် စုစုစည်းစည်း ညီညီညွတ်ညွတ်ဖြင့် လက်တွဲဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

အစိုးရနှင့် ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏ အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြသူများ ဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်အနေဖြင့် ပါဝင်နေကြောင်း၊ **လက်ရှိအစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအကြား ပေါင်းကူးပေးနေသည့်ဆွေးနွေးမှုပုံစံများမှ နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာမြင်သာရှိသည့်ရလဒ်များပေါ်ထွက်သည်အထိ လုပ်ငန်းစဉ်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့် ပုဂ္ဂလိကအကြားတွင် သဟဇာတ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်**ကြောင်း။

ယနေ့ ကုန်သည်စက်မှုအသင်းချုပ်ကကျင်းပသည့် ၁၄ ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာသံရုံးများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်လာကြသည်ကို တွေ့ရှိရခြင်းသည်လည်း မြန်မာ့ပုဂ္ဂလိကကဏ္ဍ၏ ခိုင်မာမှုနှင့် ယုံကြည်မှုတို့ကို ထင်ဟပ်စေကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သည့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင် ပြည်တွင်းစီးပွားရေးကဏ္ဍများ ပိုမိုသန်မာလာစေရေး၊ အလုပ်အကိုင်အခွင့်အလမ်းများ ဖန်တီးပေးနိုင်ရေး၊ နည်းပညာအသစ်များနှင့် နိုင်ငံတကာစီးပွားရေး အလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းသင်ယူနိုင်ရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မရှိမဖြစ်အရေးကြီးသည့်အခန်းကဏ္ဍမှ ပါဝင်နေကြောင်း၊ **မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့် ရင်းနှီးမြှုပ်နှံမှုဝန်းကျင်တစ်ရပ်ဖော်ဆောင်ရာတွင် နိုင်ငံတကာမှမိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက် အရှိန်အဟုန်မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်**ကြောင်း။

ယနေ့ကျင်းပသည့် ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များ အသင်းချုပ်၏ ၁၄ ကြိမ်မြောက် နှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတု၊ နှစ်ပေါင်းများစွာတိုင် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့အတွက် နိုင်ငံတော်နှင့်လက်တွဲပြီး ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပုဂ္ဂလိကကဏ္ဍ တောင့်တင်းခိုင်မာဖွံ့ဖြိုးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆတက်ထမ်းပိုး အထောက်အကူပြုဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့် ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတစ်ခု၏ ချမ်းသာကြွယ်ဝမှုကို GDP ဖြင့် တိုင်းတာကြကြောင်း၊ GDP ကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများဖြင့် တိုင်းတာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ အားနည်းနေသေးကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်ယာကဏ္ဍသည် အဓိကကျပြီး လယ်ယာကဏ္ဍမှတစ်ဆင့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်း ပြုကြသူများဖြစ်သဖြင့် လယ်ယာကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အခြားစီးပွားရေးကဏ္ဍများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ကုန်သွယ်ရေးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ၊ အထည်ချုပ်ဆိုင်ရာ ထုတ်ကုန်များရှိကြောင်း၊ သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲရာတွင်လည်း ပြန်လည်ဖြည့်တင်းနိုင်သည့် သယံဇာတများဖြစ်သော သစ်နှင့်ဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ပို့ကုန်ပစ္စည်းများရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် ဆောင်ပုဒ် သုံးခုတွင် **"နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့"**ဟု ပါဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေးကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍ အားနည်းနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တစ်နှစ်လျှင် အမေရိကန်ဒေါ်လာ ရှစ်ဘီလီယံ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး သီးထပ်များပါ စိုက်ပျိုးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများတိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

အထည်ချုပ် လုပ်ငန်းများနှင့်ပတ်သက်၍လည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် ဆင်းရဲမှုစာရင်းတွင် ပါဝင်သည်ကို ကုလသမဂ္ဂ၏ အစီအရင်ခံစာအရသိရှိရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကို တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်ရေး လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထွက်ရှိအောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏ စီးပွားရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများမြင့်မားကာ ဝယ်လိုအားနှင့် ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသစီးပွားရေးမြင့်မားလာစေရေးနှင့် လူနေမှုဘဝများမြင့်မားလာစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကုန်သွယ်မှုအခွန်နှင့် ပတ်သက်၍ အချို့နေရာများတွင် အားနည်းချက်များရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကုန်သွယ်ခွန်နှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေနှင့်ပတ်သက်၍ မိမိတို့စတင် တာဝန်ယူချိန်မှစတင်၍ စနစ်တကျဆောင်ရွက်ခဲ့ကြောင်း၊ အခွန်ငွေနှင့်ပတ်သက်၍ မကြာမီကာလအတွင်း လျှော့ချဆောင်ရွက်သွားရန်ရှိကြောင်း၊ နိုင်ငံ့စီးပွားရေးနှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် မိမိတို့အနေဖြင့် ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ငန်းများဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်မှုရှိစေရေး၊ တစ်ဧကချင်းအထွက်နှုန်းများတိုးတက်စေရေး၊ တန်ဖိုးကောင်းသည့် ကောက်ပဲသီးနှံများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးနှင့် ကော်ဖီသည်လည်း ပြည်ပဈေးကွက်ရှိပြီးဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ရရှိနိုင်သည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန် လိုကြောင်း၊ **ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသူများဖြစ်**ကြောင်း၊ ထို့ကြောင့် **ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး မဖြစ်မနေဆောင်ရွက်ရန်နှင့် လုပ်ငန်းများမှန်မှန်ကန်ကန်ဖြစ်စေရေး ဆောင်ရွက်ရန်လို**ကြောင်း၊ **ထုတ်ကုန်များ ထုတ်လုပ်ရောင်းချရာတွင် ဈေးနှုန်းများ မှန်မှန်ကန်ကန်ရှိစေရေးနှင့် ထုတ်ကုန်များ အရည်အသွေးပြည့်မီမှုရှိစေရေး ဆောင်ရွက်ပေးကြစေလို**ကြောင်း၊ **နိုင်ငံအတွင်း ဆင်းရဲမှုလျှော့ချရေးသည် နိုင်ငံ၏ ဂုဏ်သိက္ခာလိုအပ်ချက်ဖြစ်**ကြောင်း၊ထို့ကြောင့် **အဆိုပါဂုဏ်သိက္ခာကို ဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်လို**ကြောင်း၊ အဓိကအားဖြင့် ပြည်သူများ၏ ဝယ်လိုအားတက်လာစေရေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့်ပတ်သက်၍ ထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ရောင်းလိုအားနှင့်ဝယ်လိုအား မျှတလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေးအတွက် အဓိကလိုအပ်သည့်ကုန်ပစ္စည်းများကို ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချပေးကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အထွေထွေအတွင်းရေးမှူးက ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များ၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်အမှုဆောင်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် ၁၄ ကြိမ်မြောက် နှစ်ပတ်လည်အသင်းသား စုံညီအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် ပြခန်းများကို ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ (မဝ)






နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် တာဝန်ရှိသူများ၊ ဘောလုံးအားကစားဝါသနာရှင် ပရိသတ်များက မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။

❖ ဂုဏ်ပြုချီးမြှင့်မှုအဆက်

ပြိုင်ပွဲတွင် မြန်မာ U-17 အမျိုးသား ဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းတို့သည် ပထမပိုင်း ၄၅ မိနစ်တွင် ဂိုးရရှိရေးအတွက် အကြိတ်အနယ် ယှဉ်ပြိုင်ကစားခဲ့ကြရာ ၉ မိနစ် ၅၂ စက္ကန့်တွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ ကျောနံပါတ်(၁၀) ညီညီသန့်က မြန်မာအသင်းအတွက် ပထမအဖွင့်ဦးဆောင်ဂိုးကို သွင်းယူခဲ့ပြီး ၁၄ မိနစ် ၄၂ စက္ကန့်တွင် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းမှ ကျောနံပတ်(၉) AHMAD ALFARAJ က ချေပဂိုး ပြန်လည်သွင်းယူခဲ့ပြီးနောက် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ ကျောနံပါတ်(၈) လင်းရောင် အစား ကျောနံပါတ်(၆) ဝင်းမင်းသန့်ကို လူစားလဲလှယ်ကစားခဲ့ရာ ၃၄ မိနစ် ၀၄ စက္ကန့်တွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ ကျောနံပါတ်(၇) အန့်ထူးပိုင်က ဒုတိယအနိုင်ဂိုးကို ထပ်မံသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ၈၅ မိနစ် စက္ကန့် ၄၀ တွင် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းမှ ကျောနံပါတ်(၁၆) ODEY ALFASHTAKI က ချေပဂိုးကို ထပ်မံသွင်းယူခဲ့သည်။ မြန်မာ U-17 အမျိုးသားဘောလုံးအသင်းအနေဖြင့် ဂိုးထပ်မံရရှိရေးအတွက် အကြိတ်အနယ်တိုက်စစ်ဆင် ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့်သာ ကျေနပ်ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင် ပထမပိုင်း၌ ကျောနံပါတ်(၃) မြင့်မြတ်ကိုကို၊ ကျောနံပါတ်(၄) မျိုးခန့်ကျော်၊ ကျောနံပါတ်(၅) အသင်းခေါင်းဆောင် အောင်သီဟ၊ ကျောနံပါတ်(၇)အန့်ထူးပိုင်၊ကျောနံပါတ်(၈) လင်းရောင်၊ ကျောနံပါတ်(၁၀) ညီညီသန့်၊ ကျောနံပါတ်(၁၃) မြတ်မင်းသူ၊ ကျောနံပါတ်(၁၅) ဝင်းဇော်၊ ကျောနံပါတ်(၁၆) ချန်လန်တိန့်၊ ကျောနံပါတ်(၁၈) ထက်ဝေယံ၊ ကျောနံပါတ်(၁၉) ရဲနိုင်အောင်တို့က အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်း ၄၅ မိနစ်တွင် ကျောနံပါတ်(၁၉) ရဲနိုင်အောင် အစား ကျောနံပါတ်(၉) ဒီဝေယံ ကလည်းကောင်း၊ ကျောနံပါတ်(၁၆) ချန်လန်တိန့် အစား ကျောနံပါတ်(၂) ပိုင်စိုးကျော်ကလည်းကောင်း၊ ကျောနံပါတ်(၁၀) ညီညီသန့်အစား ကျောနံပါတ်(၂၃)ကောင်းခန့်တို့ကို လဲလှယ်ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် ခြေစစ်ပွဲအဆုံးအဖြတ်သည် အာရှဖလားဝင်ခွင့်ဖြင့် ၁၉ နှစ်ကြာဝေးကွာခဲ့ရသည့် မြန်မာ U-17 အသင်းအတွက် အာရှဖလားဝင်ခွင့်ကို ပြန်လည်ရယူနိုင်ခဲ့သည့် သမိုင်းဝင်နေ့ရက်တစ်ရက်ဖြစ်ခဲ့သည်။ မြန်မာ U-17 အသင်းသည် အုပ်စုပွဲစဉ်များတွင် အာဖဂန်နစ္စတန်အသင်းကို သုံးဂိုး တစ်ဂိုး၊ နီပေါအသင်းကို လေးဂိုး ဂိုးမရှိ၊ အိုမန်အသင်းကို နှစ်ဂိုး ဂိုးမရှိ၊ ဆီးရီးယားအသင်းကို နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ကာ အုပ်စုတွင်းရမှတ် ၁၀ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။ ၂၀၂၆ ခုနှစ် အာရှ U-17 ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေ ၇ ရက်မှ ၂၄ ရက်ထိ ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၅၀၁)



၂၀၂၆ ခုနှစ် အာရှဖလား ခြေစစ်ပွဲ အောင်မြင်ခဲ့သည့် မြန်မာ U-17 အသင်းကို တွေ့ရစဉ်။

---

## ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ” မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေမရှိသဖြင့် အဝါရောင်အဆင့် သတ်မှတ်

**နေပြည်တော် နိုဝင်ဘာ ၃၀**


ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးလ်နာဒူး-ပူဒူချယ်ရီကမ်းခြေတို့တွင် ဖြစ်ပေါ်နေသည့် ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ” (DIT-WAH)သည် မြောက်ဘက်သို့ ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့၏ အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့၏ အရှေ့တောင်ဘက်ရေမိုင် ၅၀ ခန့်နှင့် သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့၏ မြောက်-အနောက်မြောက်ဘက် ရေမိုင် ၁၈၀ ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့်အခြေအနေမရှိသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

အဆိုပါဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်း တစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ငါးပေမှ ခုနစ်ပေခန့်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏ အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် မိုးလေဝသနှင့်ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက အသိပေးနှိုးဆော်ထားကြောင်း သိရသည်။

၃၀-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ (DITWAH)” လမ်းကြောင်းပြမြေပုံ




---

## မှတ်ပုံတင်သက်တမ်းတိုး ဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးသော ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ပေးခြင်းဆိုင်ရာ အသိပေးကြေညာ

၁။ မြန်မာနိုင်ငံအနေဖြင့် ရှေးဟောင်း Classic မော်တော်ယာဉ်များကို တန်ဖိုးထားထိန်းသိမ်းနိုင်ရေး၊ သမိုင်းဝင်ယာဉ်များအဖြစ် တရားဝင်မှတ်တမ်းတင်ခွင့်ပြုနိုင်ရေးအတွက် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနတွင် ယခင်က မှတ်ပုံတင်ထားရှိပြီး သက်တမ်းတိုးဆက်လက်ဆောင်ရွက်ခြင်းမရှိသည့်အတွက် မှတ်ပုံတင်ဖျက်သိမ်းပြီးဖြစ်သည့် 1980 Model နှင့် ၎င်းမတိုင်မီယာဉ်များကို ရှေးဟောင်း Classic မော်တော်ယာဉ်အဖြစ် သတ်မှတ်ဒဏ်ကြေးဖြင့် ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပါသည်။

၂။ မှတ်ပုံတင်ဆောင်ရွက်ရာတွင် မူလမှတ်ပုံတင်ထားရှိခဲ့သော ယာဉ်များကိုသာ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ပေးမည်ဖြစ်ပြီး ယာဉ်အမှတ်ကို ရောက်ရှိယာဉ်အမှတ်အသစ်ဖြင့် သတ်မှတ်ပေးမည်ဖြစ်ပါသည်။ ယခင်မှတ်ပုံတင်ထားခြင်းမရှိသော ရှေးဟောင်းယာဉ်များကို မှတ်ပုံတင်ပေးမည်မဟုတ်ပါ။

၃။ ရှေးဟောင်း Classic မော်တော်ယာဉ်များ ပြန်လည်မှတ်ပုံတင်ဆောင်ရွက်ခြင်းကို သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင် ကုန်းလမ်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနရုံးများတွင် (၁-၁၂-၂၀၂၅) ရက်မှ (၃၁-၃-၂၀၂၆)ရက်ထိ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို www.motc.gov.mm, www.myanmarrtad.com တို့တွင် ဝင်ရောက်ကြည့်ရှုနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန

# မန္တလေးငလျင်ကြီးကြောင့် ပျက်စီးခဲ့သည့် ရှမ်းကလေးကျွန်းနှင့် ရွှေခဲကြားကမ်းနားလမ်းတစ်လျှောက်လမ်းပိုင်းပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင် ကြည့်ရှုစစ်ဆေး

မန္တလေး နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက မန္တလေးငလျင်ကြီးကြောင့်ပျက်စီးခဲ့သည့် အမရပူရမြို့နယ်နှင့်ချမ်းမြသာစည်မြို့နယ်ရှိ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ရေဆိုးစုပ်ထုတ်စက်ရုံအမှတ်(၂) (ရွှေခဲ)နှင့် ရှမ်းကလေးကျွန်းကြား မြို့ပတ်လမ်း (ကမ်းနားလမ်း) လမ်းပိုင်းပျက်စီးမှုကို ပြင်ဆင်နေမှု၊ လမ်းလယ်ကျွန်းများ ပြုပြင်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။



ထိုသို့ ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်ကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းလွှာတည်ဆောက်မည့် အောက်အနက် လေးပေ အတွင်း မြေလွှာလျှောပြတ်၍ ပပ်ကြား အက်ကွဲဖြစ်ပေါ်နေသည့် မြေများဖယ်ရှား၍ လမ်းအောက်ခံမြေသား သတ်မှတ်ရာခိုင်နှုန်းရရှိရန် အလွှာလိုက် ခင်းကြိတ်ခြင်း၊ Liquefaction၊ Sand Boil နှင့် Ground Crack ဖြစ်ပေါ်နေသော အပိုင်းများတွင် မြေသားအားဖြည့်လွှာအဖြစ် Geo Material များ အသုံးပြုခင်းခြင်း၊ လမ်းလယ်ကျွန်းဧရိယာအတွင်း မလွှတ်ကင်းသည့် သစ်ပင်များရွှေ့ပြောင်း၍ သတ်မှတ်ရေထုတ်မြောင်းစနစ် ထည့်သွင်းခြင်းနှင့် လမ်းလယ်ကျွန်း ပြန်လည်ပြုပြင်တည်ဆောက်ခြင်း စသည့်ဆောင်ရွက်နေသည့် ပြန်လည်ပြုပြင်တည်ဆောက်ခြင်း လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းအသုံးပြုသူများအခက်အခဲမရှိ ချောမွေ့စွာသွားလာနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့စေရန် လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန်လိုအပ်ကြောင်းဖြင့် ပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေး၍ လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

မျိုးကျော်

## ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူနေသူများကို ကြည့်ရှုအားပေး



အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူတစ်ဦးကို ရင်းရင်းနှီးနှီး မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများကို နိုဝင်ဘာ ၂၉ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးနှင့် တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေး တိုးတက်ကောင်းမွန်မှု အခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့် စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

(၅၀၁)

## ၂၀၂၅ ခုနှစ် နိုဝင်ဘာ ၃၀ ရက် ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်း ၅၉၈၀၀၀၀ကျပ်။

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## ထူးခြားသည့် ညအပူချိန်များ

(၃၀ - ၁၁ -၂၀၂၅)

| | | | | |
|---|---|---|---|---|
| နမ့်စန် | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်လင် | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| ဟဲဟိုး | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယပ် |
| ဟားခါး | ၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |
| ပင်လောင်း | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယပ် |
| တောင်ကြီး | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လားရှိုး | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယပ် |
| မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယပ် |
| လွိုင်ကော် | ၆ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယပ် |

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟုသုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDFအကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပြည်သူ့စစ်မှုထမ်းနည်းဥပဒေများကို ဖတ်ရှုနိုင်ရန် ဖော်ပြပေးထားသော Website နှင့် Webportal စာရင်း

၁။ ကာကွယ်ရေးဝန်ကြီးဌာန (https://www.mod.gov.mm)
၂။ ဥပဒေရေးရာဝန်ကြီးဌာန (https://www.mlis.gov.mm)
၃။ ပြန်ကြားရေးဝန်ကြီးဌာန (https://www.moi.gov.mm)
၄။ Myawady Webportal (https://myawady.net.mm)
၅။ Myanmar National Portal (https://myanmar.gov.mm)

## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှ ရွှေ့ဆိုင်းခွင့်ရသူများ

**ရွှေ့ဆိုင်းခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဥပဒေပုဒ်မ ၁၅(က)တွင် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့သည် ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေး တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အဖွဲ့မှ တင်ပြလာသော ဆင့်ခေါ်ခြင်းခံရသူများ၏ လျှောက်လွှာများကိုစိစစ်ရာတွင် အောက်ပါအချက်များနှင့် အကျုံးဝင်သောပုဂ္ဂိုလ်များအား ပြည်သူ့စစ်မှုထမ်းဆောင်ရမည့် တာဝန်မှ ယာယီရွှေ့ဆိုင်းနိုင်သည်ဟု ပြဋ္ဌာန်းထားပါသည်-

(က) ယာယီအားဖြင့် စစ်မှုထမ်းနိုင်မည့် ကျန်းမာရေးအဆင့်မမီကြောင်း သက်ဆိုင်ရာ တပ်မတော်ဆေးစစ်ရေးဘုတ်အဖွဲ့၏ ထောက်ခံချက်ရရှိထားသူများ။

(ခ) နိုင်ငံ့ဝန်ထမ်းများ။

(ဂ) ပညာသင်ကြားနေသူများ။

(ဃ) အခြားပြုစုစောင့်ရှောက်မည့်သူမရှိသော မိဘိုဖအိုများကို ပြုစုလုပ်ကျွေးနေသူများ။

(င) မူးယစ်ဆေးဝါးဖြတ်ရန် ဆေးကုသမှုခံယူနေသူများ။

(စ) ထောင်ဒဏ်ကျခံနေသူများ။

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ ရွှေ့ဆိုင်းခွင့်ပြုသူများ

(က) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့်နေ့ရက်အတိုင်း သတင်းပို့ခြင်း မပြုရသေးမီကာလအတွင်း မိဘတစ်ဦးဦးသော်လည်းကောင်း၊ အိမ်ထောင်သည် အမျိုးသားဖြစ်ပါက ဇနီးသော်လည်းကောင်း ရုတ်တရက်သေဆုံးသွားခြင်း။

(ခ) ဆင့်ခေါ်ရေးအမိန့်စာ လက်ခံရရှိသည့်နေ့မှ သတ်မှတ်ထားသည့် နေ့ရက်အတိုင်း သတင်းပို့ခြင်းမပြုရသေးမီကာလအတွင်း မတော်တဆဖြစ်ရပ် တစ်ခုခုကြောင့်ဖြစ်စေ၊ အခြားသူ၏ ပယောဂတစ်ခုခုကြောင့်ဖြစ်စေ ကိုယ်လက်အင်္ဂါအစိတ်အပိုင်းတစ်ခုခု အပြင်းအထန်ဒဏ်ရာရရှိသူဖြစ်ခြင်း။

(ဂ) ဥပဒေနှင့်အညီ ချုပ်နှောင်ခံနေရသူ သို့မဟုတ် တရားရုံးတစ်ခုခုတွင် အမှုရင်ဆိုင်နေရသူဖြစ်ခြင်း။

(ဃ) နိုင်ငံတော်၏ လိုအပ်ချက်အရ ပညာရပ်များကို လေ့လာသင်ယူနေသူဖြစ်ခြင်း။

(င) ပြည်သူ့စစ်မှုထမ်းရမည့်တာဝန်မှ ယာယီရွှေ့ဆိုင်းပေးရန် မဖြစ်မနေလိုအပ်နေသူဖြစ်ခြင်း။

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၅ ဦးကို ဆေးဝါးကုသမှုများဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့က ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃၀**

တပ်မတော်ပင်လယ်သွား ဆေးရုံရေယာဉ်(သံလွင်)ဖြင့် ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့သို့ရောက်ရှိနေသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ် ငရုတ်ကောင်းမြို့သို့ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြ ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ငရုတ်ကောင်းမြို့ တိုက်နယ်ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၁ ဦး၊ ခွဲစိတ်ရောဂါ ၅၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၂၂ ဦး၊ ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၉၃ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၃၁ ဦး၊ မျက်စိရောဂါ ဦးရေ ၈၀ နှင့် သွားနှင့်ခံတွင်းရောဂါ ၅၃ ဦး စုစုပေါင်း ၄၇၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ လေးဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက် လူနာ လေးဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများဆောင်ရွက်ပေးပြီး ဆေးရုံလွှဲပြောင်းကုသရန်လိုအပ်သည့် ဒေသခံပြည်သူ တစ်ဦးကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ လွှဲပြောင်းကုသပေးသည်။ ထိုသို့ ဆေးဝါးကုသမှုလာရောက်ခံယူကြသည့် ဒေသခံပြည်သူများကို တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်းဖြစ်သည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

“အဘိုးက ခါးတွေကိုက်တယ်၊ ကိုယ်တွေလက်တွေ ကိုက်တယ်ပေါ့။ မစားချင်မသောက်ချင် အဲ့ဒီလိုဖြစ်နေလို့ လာပြတာပါ။ တစ်နှစ်လောက်တော့ရှိပြီပေါ့။ အဲ့ဒီလိုမျိုးဖြစ်နေတာပဲ ပေါင်တွေကိုက်တယ်၊ ခါးတွေကိုက်တယ်ပေါ့ သိပ်သွားလာလို့မရဘူးပေါ့ ခြေထောက်ကညောင်းပြီးတော့ သွားလို့မရဘူး အဲ့ဒါ



ကြောင့်မို့လို့လာပြတာပါ။ ဆရာဝန်နဲ့တော့ မတွေ့ရသေးဘူး အခုမှ စာရင်းလာပေးတာပါ။ အခုလိုလာပြီးတော့ ကိုယ့်နေရာကိုယ့်ဒေသမှာ လာပြီးကုတယ်ဆိုတော့ အထူးဝမ်းသာပီတိ ဖြစ်ရပါတယ်”ဟု ပြောသည်။ (၅၀၁)

# တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်





တပ်မတော်မြစ်တွင်းသွား ဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့က လပွတ္တာမြို့နယ်နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။

**နေပြည်တော် နိုဝင်ဘာ ၃၀**

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် လပွတ္တာမြို့နယ် ထွန်းတံတားဆိပ်ခံ၌ အခြေပြု၍ အဆိုပါမြို့နယ်နှင့်ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများကို ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ ဆောင်ရွက်ပေးရာတွင် ဆေးကုသမှုဆိုင်ရာရောဂါ ၃၅၁ ဦး၊ ခွဲစိတ်ရောဂါ ၃၆ ဦး၊ သားဖွားမီးယပ်ရောဂါ ၅၁ ဦး၊ ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၁၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ဦးရေ ၈၀ နှင့် သွားနှင့်ခံတွင်း ရောဂါ ၄၆ ဦး စုစုပေါင်းဒေသခံပြည်သူ ၇၆၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ခြောက်ဦး၊ မျက်စိခွဲစိတ်လူနာ ငါးဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၃ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ ကြားသိရပါသည်-

“မျက်စိရောဂါခံစားနေရတာ တစ်နှစ်ကျော်လောက်ရှိပါပြီ။ အခုဆရာဝန်ကြီးတွေနဲ့ ကုသပေးတာကျေးဇူးတင်ပါတယ်။




လူနာတွေကိုလဲ အထူးဂရုစိုက်ပါတယ်။ အလွန့်အလွန်ကောင်းပါတယ်။ ကျန်တဲ့သူတွေလဲ ကုသမှုခံယူကြတယ်။ကိုယ်တွေလဲ ကုသမှုခံယူရတယ်။ ဒီလိုမျိုးနောက်နှစ်လဲ လာရောက်ပြီးတော့ ကုသပေးစေချင်သေးပါတယ်။ ကျန်တဲ့လူနာတွေလဲ ဒီလိုပဲ အဆင်ပြေပြေ ကုသနိုင်အောင် ဆရာဝန်တွေကို အထူးပဲဖိတ်ခေါ်ပါတယ်။ ကြိုဆိုပါတယ်။ ကုသပေးတဲ့ ဆရာဝန်ကြီးတွေလဲ ဒီထက်မက တိုးတက်ချမ်းသာပါစေ။ ဒီထက်မက ကုသနိုင်ပါစေလို့ မေတ္တာပို့သလိုက်ပါတယ်”ဟု ပြောသည်။

“ကျွန်မနာမည်ကတော့ ဒေါ်ခင်မာဦးလို့ခေါ်ပါတယ်။ လောလောဆယ်ခံစားနေရတာကတော့ ဆီးချိုသွေးချိုနဲ့အကြောကို လာပြီးတော့ ပြသတာပါ။ အကုန်လုံးလုပ်ထားကိုင်ထားတာတွေက အစပေါ့နော်။ စီစဉ်ထားတာတွေ အားလုံးကောင်းပါတယ်။ အရမ်းကျေးဇူးတင်ပါတယ်။ အရမ်းကိုကျေးဇူးတင်တာ အားရတယ်။



တပ်မတော်က လာရောက်ကုသတဲ့ ဆရာဝန်တွေရော အကုန်လုံးကို ကျေးဇူးအများကြီး တင်ပါတယ်”ဟု ပြောသည်။ (၅၀၁)

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင် အသုံးပြုသည့် အဆောက်အအုံ ၂၇၆ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်






အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို ချိပ်ပိတ်သိမ်းဆည်းမှု မှတ်တမ်းဓာတ်ပုံ။



KK Park နယ်မြေအပိုင်း (၃) တွင် တရားမဝင်ဆောက်လုပ်ထားသည့် နှစ်ထပ်ဈေးဝယ်စင်တာ အဆောက်အအုံမဖြိုဖျက်မီနှင့် ဖြိုဖျက်ပြီးစီးမှု မှတ်တမ်းဓာတ်ပုံ။

**နေပြည်တော် နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့် အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေတို့၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် ဒေသတွင်း တာဝန်ရှိသူများအပါအဝင် အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင် အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှု လုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင် အဆောက်အအုံများကို စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် တစ်ထပ်တိုက်အဆောက်အအုံ ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင်နိုင်ငံခြားသားများထားရှိနိုင်သည့် သုံးထပ်တိုက်အဆောက်အအုံ ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မယ်ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံများဖြစ်သော နှစ်ထပ် အဆောက်အအုံ သုံးလုံး၊ လေးထပ် အဆောက်အအုံ သုံးလုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ခြောက်လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃) နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့ထိ ၁၂၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင် အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံးအနက် ၂၇၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ အားကစားရုံများ၊ မီးစက်ရုံများ၊ ဈေးဆိုင်ခန်းများ၊ စတိုခန်းများနှင့် အလုပ်သမား တန်းလျားများဖြစ်သော တစ်ထပ်အဆောက်အအုံ လေးလုံး၊ နှစ်ထပ်အဆောက်အအုံ ၆၃ လုံး၊ သုံးထပ် အဆောက်အအုံ ၁၇ လုံး၊ လေးထပ် အဆောက်အအုံ သုံးလုံး၊ ငါးထပ် အဆောက်အအုံ လေးလုံး၊ ခြောက်ထပ် အဆောက်အအုံ တစ်လုံး၊ ခုနစ်ထပ် အဆောက်အအုံ နှစ်လုံး၊ ကိုးထပ် အဆောက်အအုံ နှစ်လုံး၊ ၁၆ ထပ် အဆောက်အအုံ တစ်လုံးနှင့် ၁၉ ထပ် အဆောက်အအုံ တစ်လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၉၈ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများ လုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုသည့် ပစ္စည်းများကိုလည်း တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများ လုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများကို နိုဝင်ဘာ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့ထိ တရားမဝင်အဆောက်အအုံ အလုံး ၁၄၀ ကို စစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကို ပြန်လည်အသုံးပြုမှုမရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင် အဆောက်အအုံ ၁၈ လုံးကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင် အဆောက်အအုံ စုစုပေါင်း ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီး ဖြစ်ကြောင်း သိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှု ကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာအလုံး ၃၃၁၀၊ မိုဘိုင်းဖုန်းအလုံး ၂၁၈၇၀၊ Star Link ဇန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများကို စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ နိုဝင်ဘာ ၃၀ ရက်ထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကိုကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှု ကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ်ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၅၀၁)

## ဝတ္ထုတိုကဏ္ဍ

# လရောင်ရိပ်ဝယ်

**မောင်ခြိမ့်**



( ၁ )

တပေါင်းရက်ဝယ် ရွက်သစ်လှယ်လို့
ရှစ်နယ်ပြည့်မှိန် သို့သည့်ချိန်ကို
ရွှေအိမ်ကွန်းနေ လွမ်းသူမေတို့
ကြွေကြွေဘနန်း ဘယ်ဖြေဆည်တည်တံ့နိုင်လိမ့်။

နွေရာသီကျောင်းပိတ်ရက်ပေမို့ စာသင်ကျောင်းတစ်ခုလုံး တိတ်ဆိတ်ငြိမ်သက်စွာရှိနေသည်။ ချစ်ချစ်တောက်ပူသောနေရောင်အောက်တွင် ရိတ်သိမ်းပြီးခါစ ရိုးပြတ်ငုတ်တိုတို့သည်လည်း တချို့ ထောင်တစ်လီ၊ ဟိုသည်ယိုင်လဲ၊ မွဲခြောက်ခြောက်အရောင်တို့ဖြင့် တန်ဆာဆင်လျက်ရှိသည်။

ဖြူရော်ရော် ရိုးပြတ်လယ်ကွက်များကြားမှာတော့ မြခဲကလေးများ ကြဲပက်ထားသလို ဟိုမှာတစ်ကွက်၊ သည်မှာတစ်ကွက် စိုက်လက်စ နွေစပါးခင်းကလေးများကိုလည်း တွေ့နေရသေး၏။ နွေလေပူများကြားမှာ လေးကိုင်းကြီးကဲ့သို့ ဝိုက်ဝိုက်ကွေ့ကွေ့ စီးဆင်းနေသည့် မြစ်မကြီး၏ ကမ်းစပ်ဆီမှ ရေစုပ်စက်သံ တဒိုင်းဒိုင်းက စည်းချက်ညီညီထွက်ပေါ်လာနေသည်။

နွေ၏လည်ဆွဲ၊ နွေ၏အဆင်တန်ဆာ၊ နွေ၏နှလုံးသည်းပွတ်၊ နွေ၏ဂီတသံဖြစ်သည့် ဥဩကလေးများကတော့ ဘယ်ဆီရောက်နေသည်မသိ၊ တစ်စွန်းတစ်စမျှ မကြားရ၊ လေပူများဝေ့ခနဲ တိုက်လိုက်တိုင်း ကျောင်းဝင်းအတွင်းရှိ သရက်ပင်၊ ခရေပင်တို့မှ ရွက်ခြောက်များ ကြွေကျလျက်ရှိသည်။

ကျောင်းကလေးသည် ရွာနှင့်တစ်ခေါ်သာသာ လှမ်းသော လယ်ကွင်းများကြားတွင် တည်ရှိ၏။ ထိုစာသင်ကျောင်းကလေး၏ဘေး ခနိမိုး၊ ဝါးထရံကာ၊ ပျဉ်ခင်းအိမ်ကလေးထဲမှာတော့ ဆရာလေး ခန့်မင်းလွင်တစ်ယောက် အိပ်ရာခုတင်ကလေးဘေးရှိ ပြတင်းပေါက်မှာ တံတောင်ကလေးထောက်ရင်း လယ်ကွင်းပြင်များဆီတစ်လှည့်၊ ခပ်လှမ်းလှမ်းရှိ နေရောင်အောက်မှ တိတ်ဆိတ်စွာစီးဆင်းလျက်ရှိသော မြစ်မကြီးဆီတစ်လှည့်၊ သရက်ပင်အုပ်၊ ကုက္ကိုပင်အုပ်များကြားမှာ ခနိမိုးအိမ်ကလေးများ ဟိုတစ်စုသည်တစ်စုတည်ရှိနေသော ရွာကလေးဆီတစ်လှည့် ငေးရင်း ဘယ်ဆီဘယ်ဝယ် ဘယ်သူဘယ်ဝါရယ် အမည်မတပ်နိုင်ဘဲ လွမ်းသလိုလို ဆွေးသလိုလိုကြီးဖြစ်နေလေ၏။

( ၂ )

တကယ်တော့ ဆရာလေးခန့်မင်းလွင်သည် အညာသားဖြစ်၏။ ပညာရေးဌာနတွင် အလုပ်စဝင်ကတည်းက မြစ်ဝကျွန်းပေါ်ဒေသရှိ သည့်ရွာကလေးသို့ရောက်ရှိလာကာ ယခုဆိုလျှင် ငါးနှစ်တာကာလကိုပင် ရောက်ရှိနေပြီ။ အနီးဆုံးမြို့ကလေးသို့ နှစ်ထပ်ခွဲ သင်္ဘောကြီးစီးလာပြီး သည့်ရွာကလေးရောက်အောင် နောက်ထပ်လိုင်းမော်တော်ကလေး တစ်နာရီခန့်စီးလာမှ ရောက်သည့်ရွာကလေးဖြစ်သည်။ အိမ်ခြေကလည်း ပေါင်းနိုင်ပါမှ ၅၀ မကျော်သည့် ရွာကလေး၊ လယ်ကလေး လေး၊ ငါး ဧကခန့် လုပ်ကိုင်သူ လေး၊ ငါးယောက်သာရှိပြီး တစ်ရွာလုံး တံငါအလုပ်နှင့် အသက်မွေးသည့် ရွာကလေး၊ သွပ်မိုးနိုင်သည်ဆိုလို့ ရွာ၏ စာသင်ကျောင်းရယ်၊ ဘုန်းကြီးကျောင်းရယ်ပဲရှိသည့် ရွာကလေး၊ ရွာကလေးဆီ နီးကပ်လာပြီဆိုမှဖြင့် ငါးပိနံ့၊ ငါးညှီနံ့၊ ငံပြာရည် (ငါးငံပြာရည်) အနံ့များ တလှိုင်လှိုင်က အရင်ဆုံး ဆီးကြိုတတ်သည့် ရွာကလေး၊ ရွာတည်ခဲ့သည်မှာ နှစ်ပေါင်း မရေတွက်နိုင်တော့အောင် ကြာညောင်းခဲ့သော်လည်း ဘွဲ့ရပညာတတ်တစ်ယောက်မျှမရှိသည့် ရွာကလေး၊ ကျောင်းဆရာဆိုတာ အားလုံးသိ အားလုံးတတ်၊ ရွာ၏ခေါင်းဆောင်၊ ကိစ္စအဝဝကို ဖြေရှင်းနိုင်စွမ်းရှိသူ၊ အရိုအသေကန်တော့ခံ လူတန်းစားဟုသတ်မှတ်ပြီး အင်မတန်ရိုသေလေးစား တန်ဖိုးထားတတ်သည့် ရွာကလေး၊ ရွာလယ်လမ်းမကလည်း သတ်သတ်မှတ်မှတ်မရှိသည့် ရွာကလေး၊ အိမ်သာနှင့်တူသည်ဆိုလို့ လက်တစ်ဖက်ချိုးရေလို့တောင် မပြည့်ရှာသည့်ရွာကလေး၊ အဲသည်ရွာကလေးကို ဆရာလေးခန့်မင်းလွင် ရောက်လာခဲ့သည်မှာ ငါးနှစ်ငါးမိုးတောင်ရှိပြီဖြစ်သည်။

ရွာကို ရောက်ကတည်းက ဆရာလေးအတွက် တစ်နေ့ကို တစ်အိမ်ကျ ထမင်းကျွေးထားမည်၊ ဆရာလေးနေရန် ရွာထိပ်မှာရှိသည့် ဆရာတော်ကျောင်းတွင် နေရာပေးမည် စသည်ဖြင့် ဆရာလေးအတွက် လူမှုရေးကိစ္စများကိုပါ တာဝန်ယူပါမည်ပြောသော်လည်း အင်မတန်ရိုးလည်းရိုး၊ အလွန်လည်း အားနာတတ်သည့်ဆရာလေးက အတင်းငြင်းပယ်ပြီး ကျောင်းကလေးဘေးကပ်ရှိနေသည့်အိမ်ကလေးမှာပဲ နေလိုက်သည့်အခါ ရွာထဲက လူတချို့က ဆရာလေးကိုစိတ်ဆိုးပြီး တစ်မျိုးမြင်ကြကာ ဆရာလေးနှင့် ခပ်တန်းတန်းဖြစ်နေကြသေးသည်။ ဆရာလေး၏သဘောထားကိုမသိသဖြင့် "သူတို့ရွာက ဆင်းရဲလို့၊ ဆရာလေးက မပတ်သက်ချင်လို့၊ အထင်သေးလို့၊ ပြောရရင် သူတို့ကျွေးတဲ့ထမင်းဟင်းကို မသတီလို့" ဟု စသည်ဖြင့် အထင်လွဲကြပါသေးသည်။

ဒါတွေကိုသိသော ဆရာလေးက ပြုံးမိသေးသည်။ ဘယ့်နှယ် သူလည်း လူချမ်းသာမဟုတ်။ ဆွေကြီးမျိုးကြီးထဲက မဟုတ်။ သွေးကြီးမွေးကြီးနိုင်ရမည့် လူတန်းစားမှ မဟုတ်တာ။ အဲဒါတွေကို ခင်မင်ရင်းနှီးလာသည့် တစ်နေ့မှာ သည်ရွာသားတွေ သိလာကြပါလိမ့်မည်။

ယခုတော့ မြစ်မကြီး ရေကြည်ကြည်ကို ဆရာလေးချိုးဖို့ သုံးဖို့ ခပ်ပေးမယ့်သူတွေ၊ သူတို့ရှာလို့ဖွေလို့၊ ပိုက်ချလို့၊ ဘဝန်းပိတ်လို့၊ ချံဖော်လို့၊ အိုင်ပက်လို့ ရလာတဲ့ ငါးကလေးတွေ၊ ပုစွန်ကလေးတွေ လာပို့ပေးသူတွေ၊ လပြည့်လကွယ် အခါကြီးရက်ကြီးတွေမှာ ရွာထိပ်ဘုန်းကြီးကျောင်းမှာ သီလယူသွားဖို့ သူတို့အိမ်မှာလုပ်တဲ့ မုန့်ပဲသရေစာတွေကို တကူးတက လာပို့ ပေးသူတွေနဲ့ မပြတ်တော့ပါဘူး။ ယုတ်စွအဆုံး ရွာထဲက လူငယ်တွေ ညအခါ ကာလသားဟင်း ချက်စားတဲ့ ကြက်သားဘူးသီးဟင်းတောင် ဆရာလေးဆီရောက်အောင် လာပို့ကြတော့သည်။ စာသင်ကျောင်းနှင့် ရွာကလေးကို ဆက်ထားသော မြေဖို့လမ်းကလေးသည် မျဉ်းဖြောင့်တစ်ကြောင်းလို ဖြောင့်တန်းစွာရှိနေ၏။ ထိုလမ်းကလေး၏ ဝဲယာတွင်မူ လယ်ကွင်းပြင်ရှိပြီး အရှေ့ဘက်တွင် ရေကြည်ကြည် မြစ်မကြီးကလည်း အနားသတ်ပေးထားကာ တောရိပ်ရေရိပ်များနှင့် သာယာလှပ၍ နေတော့သည်။

ဆရာလေးသည် ရွာကိုရောက်တော့မှ မြို့က စိုက်ပျိုးရေးဌာနသို့ ဆက်သွယ်မှာယူစိုက်ပျိုးထားသော မလေးရှားပိတောက်ပင်ကလေးများကတော့ ငါးနှစ်သက်တမ်းအတွင်းမှာပင် ဖို့မြေလမ်းကလေးကို သစ်ရိပ်များဝေအောင် ပေးနေလေပြီ။

အညာသားပီပီ အညာဓလေ့အတိုင်း စိုက်ပျိုးထားသော မလေးရှားပိတောက်ပင်များကြားက မန်ကျည်းပင်ကလေးများကတော့ စိုက်ရက်သက်တမ်းတူသော်လည်း တစ်တောင်သာသာကလေးသာ မြင့်တက်နေသေး၏။

သစ်ပင်မြင့်လျှင် ထင်းခုတ်ဖို့သာ တွေးတတ်သော ရွာသားများကို သစ်တောသစ်ပင်များ ချစ်တတ်လာစေရန် သစ်တောသစ်ပင်များ၏ အကျိုးတရားများ၊ သစ်တောသစ်ပင်မရှိလျှင် ဖြစ်ပေါ်လာမည့် အကျိုးဆက်ဒုက္ခများကို အစည်းအဝေးများ၊ ဘုန်းကြီးကျောင်းအလှူပွဲများ၊ ရပ်ရေးရွာရေး၊ သာရေး၊ နာရေးများတွင် ဆရာလေးဆွေးနွေးထား၍ ရွာသားများ သဘောပေါက်လာကြပြီ။

မန်းကျည်းပင်နှင့်ပတ်သက်၍ ထီးလှိုင်ရှင်ကျန်စစ်သားမင်းလက်ထက် အနော်ရထာမင်းတည်လက်စ စည်းခုံဘုရားကို ဆက်လက်တည်တော်မူရာတွင် တူရွင်းတောင်မှ ကျောက်တို့သယ်ယူရာ၌ လူအများ နေအပူကြောင့် ပင်ပန်းသည်ကိုတွေ့ရ၍ ကျန်စစ်သားမင်းကြီးသစ္စာပြုပြီးစိုက်သော မန်ကျည်းပင်သည် ညတွင်းချင်း အပင်အစည်၊ အကိုင်းအခက်တို့ဖြင့် ကြီးထွားလာကာ လူအများ အရိပ်ခိုရလေသည့် အကြောင်း ပြောပြလေလျှင် ရွာသားတစ်စုတို့ အလွန်သဘောကျကာ မန်ကျည်းပင်များကို အားတက်သရော စိုက်ပျိုးပေးကြလေ၏။

ထိုမန်ကျည်းပင်ပေါက်တို့ တစ်ညတာကာလကို မပြောနှင့်၊ နှစ်နှင့်ချီ၍ ကြာလာသည့်တိုင် တစ်ထွာတစ်တောင်ကနေ မတက်သောအခါ "ဆရာလေးစိုက်တုန်းက သစ္စာမဆိုဘူးထင်တယ်။ မန်ကျည်းပင်တွေ မသန်ဘူးဗျ"ဟု ရွာသားများက နောက်တတ်ကြ၏။

ထိုအခါ "သစ္စာဆိုလဲ ချက်ချင်းတော့ ကြီးလာမှာမဟုတ်ပါဘူးဗျာ။ ဘာဖြစ်လို့လဲဆိုတော့ ကျုပ်က ကျန်စစ်သားမင်းမှ မဟုတ်တာဘဲကိုး"ဟုဆိုလျှင် ရွာသားများသဘောကျစွာ ဝိုင်းရယ်လေ့ရှိသည်။

( ၃ )

ကျောင်းကလေးရှေ့က မြေဖို့လမ်းကလေးကို ငေးရင်း မိုးတွင်းကာလများကို သွား၍သတိရပြန်၏။ ဝါဆိုဝါခေါင် ရေဖောင်ဖောင် ကာလတုန်းကဆို မြစ်ဝကျွန်းပေါ်ဒေသပီပီ ကျောင်းကလေး၏ ဝန်းကျင်တစ်ခွင်လုံး ရေများက ဖွေးဖွေးလှုပ်၍ ကျောင်းဘေးက အိုင်ကြီးထဲတွင် ကြာဖြူ၊ ကြာနီ၊ ကြာပြာများက ပွင့်ပြီး ရွာနှင့်ဆက်ထားသော လမ်းကလေးကို ရေများက ကျော်တက်တော့မလို ဖြစ်နေသည်။ ထိပ်ဖျားကလေးများသာ ရေပေါ်ပေါ်နေသည့် ကောက်ပင်ကလေးများကတော့ ကွင်းလေအဝိုက်၊ မြစ်လေအတိုက်မှာ ယိမ်းကမနေနိုင်ရှာဘဲ ခေါင်းကလေးကို အတင်းမော့ပြီး ကြိုးစားအသက်ရှူနေရသလိုမျိုး ခံစားနေရသည်။

ယခုလို တပေါင်း၊ တန်ခူးလများ ရောက်ပြီဆိုရင်ဖြင့် တစ်မိုးတွင်းလုံး ပေါင်းလန်အောင် ဖွေးဖွေးလှုပ်နေသည့် ရေများခန်းပြီး စိမ်းမြမြမှိုင်းရီခဲ့သည့် ကောက်ပင်ကလေးများလည်း ရိုးပြတ်ငုတ်တိုဘဝ ရောက်ကုန်ကြပြီ။ မိုးတွင်းဆို မိုးတွင်းအလိုက်၊ နွေဆိုနွေစရိုက်၊ လယ်ထွန်ထယ်ထိုး၊ မြေဆွေးချပျိုးနုတ်ကောက်စိုက်၊ စပါးရိတ်၊ ကောက်လှိုင်းစည်းစသည့်လုပ်ငန်းကိုင်ငန်းကလေးများကနေ သဲ့သဲ့အုတ်အုတ်၊ လှုပ်လှုပ်ရှားရှား၊ စီစီညံနေကျ ထွန်တုံးကိုခြေတော်တင်သည့် လယ်သမား၏ နွားငေါက်သံများ၊ အဖော်အသင်းနှင့်ပျော်ခင်းဖွဲ့ ရယ်မောသံများက အတိတ်တွင် အရိပ်ပမာကျန်ခဲ့ကြပြီ။ ယခုလို နွေရာသီမှာ အညာတွင် အမဲခြောက်ကလေးကို ခရမ်းချဉ်သီးကလေးနှင့်ချက်ပြီး ပဲကြီးကို ဆူးပုပ်ကလေးခတ်ကာ ငရုတ်သီးထောင်း စပ်စပ်ကလေးနှင့် တမာချဉ်ကလေးတို့၍ စားရသည်ကို တွေးရင်းတွေးရင်း တံတွေးတွေဆို့ဆို့တက်ပြီး ထမင်းတောင်ဆာလာသည်။

"အင်း... အခုအချိန်လောက်ဆို ဖိုးသံခဲတစ်ယောက် ဘာလုပ်နေမှာပါလိမ့်"

ရွာကလေးတောင်ဘက်ဖျားမှာနေသည့် ဖိုးသံခဲဆိုသည့် မုဆိုးဖိုကြီးဖြစ်သည်။ အသက်ကလည်း ၇၀ နီးပါးရှိနေပြီ။ မွေးထားသည့် သားသမီးလေးယောက်စလုံးက ရေကြည်ရာမြက်နုရာ တစ်ရွာတစ်ကျေးတွင် အခြေချနေကြပြီဖြစ်သည်။ ယခုသည်ရွာကလေးတွင် ဖိုးသံခဲသည် ခနိမိုး၊ ထရံကာတဲကလေးတစ်လုံးရယ်၊ ငှက်ပျောတစ်ခင်းရယ်၊ တံငါလှေကလေး တစ်စီးရယ်နှင့် တစ်ယောက်တည်း အဖော်မပါ အသက်မွေးနေရသူဖြစ်သည်။

စာမျက်နှာ ၂၅ သို့ ➢

# ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၆၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ရွှေဘို နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲဧက ၆၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ရွှေဘိုမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၇၃၂၃ ဧက စိုက်ပျိုးရန်လျာထားပြီး အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ဧက ၆၄၃၀ ထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ရွှေဘိုမြို့နယ်အတွင်း မြေပဲဧက ၇၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၆၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧက ပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ အောင်မြင်ဖြစ်ထွန်းကြပါတယ်။ ဆီထွက်သီးနှံအနေနဲ့ကတော့ အောင်မြင်တဲ့ အနေအထားမှာရှိပါတယ်။ မြေပဲစိုက်ပျိုးမှုအနေနဲ့ တစ်နှစ်ထက် တစ်နှစ် တိုးချဲ့စိုက်ပျိုးနိုင်တဲ့ အနေအထားမှာ ရှိပါတယ်"ဟု ရွှေဘိုမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။

ရွှေဘိုမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းရေး၊ ပိုးမွှားရောဂါ ကျရောက်မှုမရှိစေရေး၊ ပေါင်းမြက်ကင်းစင်စေရေးအတွက် စိုက်ခင်းများအတွင်း ကွင်းဆင်းစစ်ဆေးပြီး ကင်းထောက်မှတ်တမ်းယူခြင်းလုပ်ငန်းများကို မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေသည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းသင့်ကြောင်း မြို့နယ်ဦးစီးမှူး ဦးဆန်းဦးက ပြောပြသည်။ (၂၀၆)

# ရေကြည်မြို့နယ်တွင် ဒေသထွက် ငရုတ်သီးခြောက်များ အရောင်းအဝယ် ကောင်းမွန်နေ

**ရေကြည် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ရေကြည်မြို့နယ်တွင် ဒေသထွက် ငရုတ်သီးခြောက်များ ဝယ်ယူမှုအားကောင်းလာသဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်က ပြောပြ၍ သိရသည်။

ရေကြည်မြို့နယ်မှ ထွက်ရှိသည့် ငရုတ်သီးခြောက်များကို နိုဝင်ဘာလ တတိယပတ်မှ ယနေ့တိုင် ဝယ်ယူမှုအားကောင်းလာဖြင့် အရောင်းအဝယ် ကောင်းမွန်နေကြောင်း၊ အဆိုပါ ဒေသတွင် ငရုတ်သီးခြောက်များ ပေါ်နေချိန်ဖြစ်ပြီး ငရုတ်သီးခြောက် တစ်ပိဿာလျှင် ငွေကျပ် ၁၆၅၀၀ ထိ ဈေးပေါက်နေကြောင်း သိရသည်။

"ရေကြည်မြို့နယ်က ထွက်ရှိတဲ့ ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေပါတယ်။ လက်ရှိ အရောင်းအဝယ်ဖြစ်နေတဲ့ ငရုတ်သီးခြောက်တွေက နွေကာလက ဝယ်ယူသိုလှောင်ထားတဲ့ ငရုတ်သီးခြောက်တွေ ဖြစ်ပါတယ်။ အခုလို ငရုတ်သီးခြောက်တွေ အရောင်းအဝယ် ကောင်းမွန်နေတော့ ငရုတ်စိုက်တဲ့ တောင်သူတွေ၊ လုပ်သားတွေ အလုပ်အကိုင် အဆင်ပြေလာပါတယ်။ ဒေသထွက် ငရုတ်သီးခြောက်ကို ဒေသဈေးကွက်အပြင် ရန်ကုန်ဈေးကွက်ကပါ အဝယ်လိုက်နေလို့ အရောင်းအဝယ်တွေ ကောင်းနေတာပါ"ဟု ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင်ဒေါ် ညိုမြင့်က ပြောပြသည်။



ရေကြည်မြို့နယ်မှ တောင်သူများ စိုက်ပျိုးထုတ်လုပ်သည့် ငရုတ်သီးခြောက်များသည် အရည်အသွေးကောင်းမွန်ပြီး ပိုးမွှားရောဂါ ကင်းရှင်းကြောင်း၊ အဆိုပါ ဒေသထွက်ငရုတ်သီးများ အရောင်းအဝယ်ကောင်းလာသည့်အတွက် ငရုတ်စိုက်တောင်သူများ၊ ပွဲရုံပိုင်ရှင်များ၊ လုပ်သားများ အလုပ်အကိုင် အခွင့်အလမ်းများ ရရှိနေကြောင်း ရေကြည်မြို့နယ် လယ်ယာထွက်ကုန်ပစ္စည်းများ ရောင်းဝယ်ရေးပွဲရုံပိုင်ရှင် ဒေါ်ညိုမြင့်ထံမှ သိရသည်။ **ကျော်ကျော်လင်း**

➢**စာမျက်နှာ ၂၄ မှ အဆက်**

သားသမီးများကလည်း ဘယ်သူကမှအတူထားပြီး ပြုစုကျွေးမွေးရန် လာမခေါ်သလို ဖိုးသံခဲကလည်း သူ့အဘွားကြီး ခေါင်းချရာ သည်ရွာကလေးကနေ ဘယ်မှသွားရန်စိတ်မကူး။

မကြာမကြာ သူ့ဆီလာလည်တတ်သည့် ယဉ်ကျေးဖော်ရွေသော ဆရာကလေးကိုတော့ အလွန်တွယ်တာလေသည်။ သူ့တဲထဲမှာရှိသမျှ ချကျွေးတတ်သည်။ ဆရာလေးစားရန်အတွက် ရွာနှင့်အတော်လှမ်းသည့် ဗျိုက်တောကြီးဆီသွား၍ ဖားချိတ်လားချိတ်ရဲ့။ ငါးရှဉ့်ထိုးလားထိုးရဲ့။ လိပ်ရှာမလားရှာရဲ့။ အဲဒါတွေ တစ်ခုမှ အဆင်မပြေဘူးဆိုရင်တော့ သူ့ငှက်ပျောခြံထဲမှာ တူးထားသည့် မြောင်းကြီးများရှိသည်။ အနည်းဆုံး လက်ခုပ်တစ်ဖောင်လောက်ရှိသည့် ရေများထဲတွင် တစ်မိုးတွင်းလုံး ကွင်းရေကလျှံ ကန်ရေကတိုးသဖြင့် လျှံကျဖိတ်ကျလာသည့် ငါးပြေမ၊ ငါးခူ၊ ငါးကျည်း၊ ငါးရံ့ စသည့်ငါးများ ပေါက်ဖွားချင်တိုင်း ပေါက်ဖွားနေသည့်အထဲက ငါးပြေမ လက်ဝါးလောက် အကောင်ကြီးကြီး နှစ်ကောင်လောက်ဖမ်းသည်။

"ဆရာလေးကိုတော့ အထူးအဆန်းကျွေးရသေးတာပဲ့"ဟု ဆိုပြီး ဝါးတံစို့နှင့်ပါးစပ်ကနေ အမြီးပေါက်အောင်ထိုးကာ ကောက်ရိုးမီးတွင် ကင်လေ၏။ ငါးကြေးခွံများ နီရဲလာပြီဆိုမှ၊ ငါးပြေမကြီးများ ကွပ်ရွမွှေးကြိုင်လာပြီဆိုမှ ရှောက်ရည်ကလေးရယ်၊ ကုလားအော်သီးရယ်၊ ကြက်သွန်ဖြူရယ် ရောထားသည့် အချဉ်ကလေးနှင့် ဆားကလေး တို့ပြီး ဆရာလေးကို ကျွေးတော့၏။

စား၍လည်းပြီးရော ဆရာလေးတစ်ယောက် ဗိုက်ကလည်းလေး၊ ငါးပြေမမီးကင်ကလည်း တဖိန်းဖိန်းအဆီယစ်ပြီး ဖိုးသံခဲ၏ ဘူးစင်အောက် ဝါးကွပ်ပျစ်ကလေးပေါ်၌ကျောခင်းပြီး အိပ်သွားလိုက်သည်မှာ ညနေစောင်းမှ နိုးတော့သည်။

**ဆက်လက်ဖော်ပြပါမည်။**

# နောင်တ

- ငယ်ရွယ်စဉ်မှာ မြတ်ပညာကို
  လေ့လာသင်ကြား စိတ်ဝယ်ထားကာ
  မှတ်သားသင်ယူ နည်းနာထူ၍
  ကြည်ဖြူမပျင်း ရင်အတွင်းမှာ
  မှတ်ခြင်းသညာ စွဲမြဲစွာဖြင့်
  ပမာပျားကောင် ဝတ်ရည်လှောင်သို့
  အမှောင်ခွင်းဖို့ စာသင်လို့ဖြင့်
  ရှေ့သို့မျှော်ရည် ပန်းတိုင်ဆီကို
  ဦးတည်လှမ်းလျှောက် လိုရာရောက်ဖို့
  ထိုးဖောက်ရွှေကြာ ရှုံ့ညွန်ခွာသို့
  သင်ကာမနွေး ပညာရေး။

- လယ်လတ်အရွယ် လူ့နယ်ပယ်တွင်
  ကြံရွယ်စီးပွား ရှာကြံထားကာ
  ပွားများလုပ်ဆောင် တိုးပွားအောင်လို့
  တည်ထောင်ပြုလုပ် ရင်းနှီးမြှုပ်ကာ
  ကြိုးကုတ်သေချာ စီးပွားရှာလို့
  သမာသမတ် စိတ်ဝယ်မှတ်ကာ
  ကျိုးမြတ်ဖွေရှာ တည်ထောင်ကာဖြင့်
  ပြည်ရွာအကျိုး ရွက်သယ်ပိုးမှ
  တန်ဖိုးလည်းရှိ တာဝန်သိ။

- မအိုခင်မှာ ဝိပဿနာကို
  ဖွေရှာရှုကြည့် တရားအသိကို
  သတိမြဲစွာ ကိုယ်ခန္ဓာတွင်
  မနာခင်လေး ဆင်ခြင်တွေးလို့
  အရေးတယူ ဝိကိုထူ၍
  အပူငြိမ်းအေး ဘုရားဆေး။

- ပညာ စီးပွား မြတ်တရားကို
  ပွားများအစဉ် နေ့တိုင်းပင်လျှင်
  ဖယ်ကြဉ်မကျင့် ဇရာမြင့်သော်
  အဆင့်ကျော်လွန် ဗွက်ရွှံ့နွံထဲ
  နစ်ကျွံကျွဲနွား ပမာလားသို့
  ကိုယ်အားမနိုင် နာကျင်ယိုင်လဲ
  မပိုင်အလှ ရှိလေမှဖြင့်
  နောင်တရကာ မှားလေစွာဟု
  အိုနာသေရေး အစဉ်တွေး
  ပျိုမျစ်ချိန်လေး ပြုကျင့်ပေးလော့။ ။

**ရွှေတိုး(ထုံးဘို)**


ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ အပူဓာတ်သည် သွေးလည်ပတ်စီးဆင်းမှုကိုအားကောင်းစေပြီး အသက်ရှူလမ်းကြောင်းအတွင်း ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။



# အမျိုးသမီးများ၏အခွင့်အရေးကို ခြိမ်းခြောက်နေသည့် ဒစ်ဂျစ်တယ်အကြမ်းဖက်မှု

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများကို ကာကွယ်တားဆီးနိုင်ရန်အတွက် နှစ်စဉ် နိုဝင်ဘာ ၂၅ ရက်မှ ဒီဇင်ဘာ ၁၀ ရက်ထိ အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု ကာလအဖြစ် သတ်မှတ်ပြီး အမျိုးသမီးများကို အကြမ်းဖက်မှုများပပျောက်ရေးအတွက် ရည်ရွယ် ဆောင်ရွက်လျက်ရှိသည်။ ကုလသမဂ္ဂအနေဖြင့် နှစ်စဉ်ဆောင်ပုဒ်များ ချမှတ်ဆောင်ရွက်လျက်ရှိရာ ယခုနှစ်တွင် **"UNITE to End Digital Violence against All Women and Girls" "အမျိုးသမီးများအပေါ် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုပပျောက်ရေး အားလုံးပူးပေါင်းဆောင်ရွက်ပေး"** ဟု ဆောင်ပုဒ် သတ်မှတ်ထားပြီး ဒစ်ဂျစ်တယ်ကဏ္ဍတွင် အမျိုးသမီးများနှင့်မိန်းကလေးငယ်များ၏ အခွင့်အရေးများကိုကာကွယ်ခြင်းဖြင့် အွန်လိုင်းနှင့်နည်းပညာဆိုင်ရာ ကျား၊ မ အခြေပြုအကြမ်းဖက်မှုများ ကိုင်တွယ်ဖြေရှင်းခြင်းတို့၏ အရေးပါမှုကို မီးမောင်းထိုးပြထားခြင်းပင်ဖြစ်သည်။

ယနေ့ကာလတွင် ကမ္ဘာလုံးဆိုင်ရာ အကျပ်အတည်းများ၊ ပဋိပက္ခများနှင့် ရာသီဥတုပြောင်းလဲမှုများသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် ထိခိုက်နစ်နာမှုများ ဖြစ်စေသလို အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိုလည်း ပိုမိုမြင့်တက်လာစေသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုများသည် အကြမ်းဖက်ခံရသော အမျိုးသမီးတစ်ဦးချင်းအပေါ်သာမက မိသားစုများ၊ လူမှုအသိုင်းအဝိုင်းနှင့် လူ့အဖွဲ့အစည်းအတွက် ထိခိုက်မှု၊ နစ်နာဆုံးရှုံးမှုများကို ဖြစ်ပေါ်စေသည်။ ယနေ့ကမ္ဘာပေါ်တွင် ခန့်မှန်းခြေအားဖြင့် အမျိုးသမီး ဦးရေ သန်း ၇၃၀ ခန့် ရှိသည့်အနက်မှ အမျိုးသမီး သုံးဦးတွင် တစ်ဦးသည် ၎င်းတို့၏ ဘဝတစ်လျှောက်တွင် အနည်းဆုံးတစ်ကြိမ် အကြမ်းဖက်မှုကို ကြုံတွေ့ခဲ့ရသည်ဟု ကုလသမဂ္ဂ၏ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။

အမျိုးသမီးများအပေါ် အကြမ်းဖက်မှုဆိုင်ရာ ကုလသမဂ္ဂကြေညာစာတမ်းတွင် "အမျိုးသမီးများအပေါ်အကြမ်းဖက်မှုဟူသောဝေါဟာရသည် အမျိုးသမီးများကို ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း သို့မဟုတ် လွတ်လပ်ခွင့်များ မတရားဆုံးရှုံးခြင်း အပါအဝင် ရုပ်ပိုင်းဆိုင်ရာ၊ လိင်ပိုင်းဆိုင်ရာ သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်မှု သို့မဟုတ် စိတ်ပိုင်းဆိုင်ရာ ထိခိုက်ဖွယ်ရှိသော သို့မဟုတ် ဖြစ်ပေါ်လာနိုင်သည့် ကျား၊ မ ကွဲပြားမှုကိုအရင်းခံသည့် အကြမ်းဖက်မှုကို ဆိုလိုသည်" ဟု ဖော်ပြပါရှိသည်။ လူသားတို့သည် လူ့လောကသို့ မွေးဖွားလာရာတွင် မိမိကိုယ်ကို ယောကျာ်းလေးအဖြစ် မွေးဖွားချင်သည် (သို့မဟုတ်) မိန်းကလေးအဖြစ် မွေးဖွားချင်သည်ဟူ၍ ရွေးချယ်ပိုင်ခွင့်မရှိသည့်အတွက် လူသားတိုင်းသည် တူညီသည့်လူ့ဂုဏ်သိက္ခာများနှင့် တန်းတူအခွင့်အရေးများ ရရှိသင့်ပေသည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်မှုသည် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုဖြစ်ပြီး လူ့ဘောင်အဖွဲ့အစည်းအားလုံးက လက်ခံနိုင်ဖွယ်ရာ မရှိသော၊ လက်သင့်မခံနိုင်သော၊ ခွင့်လွှတ်နိုင်ဖွယ် မရှိသော အကြမ်းဖက်မှုပင်ဖြစ်သည်။ အမျိုးသမီးများအပေါ် အကြမ်းဖက်ခြင်းသည် လူ့အခွင့်အရေး ချိုးဖောက်မှုဖြစ်သကဲ့သို့ ဥပဒေအရအရေးယူနိုင်သည့် ရာဇဝတ်မှုလည်းဖြစ်သည်။

**❖ ယနေ့ခေတ်ကာလတွင် လူမှုမီဒီယာသုံးစွဲမှုများ လျင်မြန်စွာ ပျံ့နှံ့လာမှုနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု ပုံစံအသစ်များလည်း ပေါ်ပေါက်လျက်ရှိသည်။ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့်လက်လှမ်းမီလာကြခြင်း၊ သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာပျံ့နှံ့လာခြင်း၊ လူမှုကွန်ရက်မီဒီယာသုံးစွဲမှု များပြားလာခြင်းတို့သည် အမျိုးသမီးများအပေါ် ဆိုက်ဘာအကြမ်းဖက်မှုကို ကြီးထွားလာနေသည့် ကမ္ဘာလုံးဆိုင်ရာ ပြဿနာတစ်ခုအဖြစ်ပေါ်ပေါက်လာစေသည်။ ဉာဏ်ရည်တုနည်းပညာ (AI)နှင့် ဥပဒေအကာအကွယ်ပေးမှုအားနည်းချက်များက ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများကို ပိုမိုမြင့်တက်စေသည်။ ❖**

ယနေ့ခေတ်ကာလတွင် လူမှုမီဒီယာသုံးစွဲမှုများ လျင်မြန်စွာ ပျံ့နှံ့လာမှုနှင့်အတူ အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကြမ်းဖက်မှု ပုံစံအသစ်များလည်း ပေါ်ပေါက်လျက်ရှိသည်။ အင်တာနက်ကို ကျယ်ကျယ်ပြန့်ပြန့် လက်လှမ်းမီလာကြခြင်း၊ သတင်းအချက်အလက်များ လွယ်ကူလျင်မြန်စွာပျံ့နှံ့လာခြင်း၊ လူမှုကွန်ရက်မီဒီယာသုံးစွဲမှု များပြားလာခြင်းတို့သည် အမျိုးသမီးများအပေါ် ဆိုက်ဘာအကြမ်းဖက်မှုကို ကြီးထွားလာနေသည့် ကမ္ဘာလုံးဆိုင်ရာပြဿနာတစ်ခုအဖြစ်ပေါ်ပေါက်လာစေသည်။ ဉာဏ်ရည်တုနည်းပညာ (AI) နှင့် ဥပဒေအကာအကွယ်ပေးမှုအားနည်းချက်များက ဒစ်ဂျစ်တယ် အကြမ်းဖက်မှုများကို ပိုမိုမြင့်တက်စေသည်။ မသမာသူများသည် အမျိုးသမီးများအပေါ် နည်းပညာဆိုင်ရာ အကြမ်းဖက်မှုအဖြစ် ကွန်ပျူတာနှင့် ဆော့ဖ်ဝဲများကို အသုံးပြု၍သော်လည်းကောင်း၊ အီလက်ထရွန်နစ်ဆက်သွယ်ရေး ပစ္စည်းကိရိယာ တစ်ခုခုကို အသုံးပြု၍သော်လည်းကောင်း အွန်လိုင်းအကြမ်းဖက်ခြင်းများကို ပြုလုပ်လာကြသည်။

အမျိုးသမီးများနေ့စဉ်သုံးစွဲနေသည့် ဖေ့စ်ဘွတ်ခ်၊ ဗိုက်ဘာအပါအဝင် အင်တာနက်လူမှုကွန်ရက်ပေါ်မှတစ်ဆင့် ချစ်သူအမျိုးသားမှဖြစ်စေ၊ သူစိမ်းအမျိုးသားမှဖြစ်စေ လိင်ပိုင်းဆိုင်ရာ ခြိမ်းခြောက်ခြင်းနှင့် ငွေညှစ်တောင်းခံခြင်းများကို ကြုံတွေ့နေရသည်။ တစ်ဦးနှင့်တစ်ဦး အကြောင်း မသိဘဲ အွန်လိုင်းမှတစ်ဆင့် ချစ်ကြိုက်ကြပြီး အပြင်တွင်တွေ့ဆုံကြရာမှတစ်ဆင့် မိန်းကလေးကို သတ်ဖြတ်ကာ ငွေကြေးနှင့်ရတနာများ ယူဆောင်ထွက်ပြေးခြင်းနှင့် လူကုန်ကူးခြင်းဖြစ်စဉ်သတင်းများကိုလည်း မကြာမကြာ ဖတ်ရှုနေရသည်။ ထို့ပြင် အမျိုးသမီးငယ်အများစု၏ ဓာတ်ပုံများကို ခွင့်ပြုချက်မရှိဘဲရယူကာ မူရင်းအတိုင်းဖြစ်စေ၊ အေအိုင်နှင့်ပြုပြင်၍ဖြစ်စေ ညစ်ညမ်းဝက်ဘ်ဆိုက်များ၌ ဖုန်းနံပါတ်များနှင့် အတူတင်ထားသည့်အတွက် မိန်းကလေးများ၏ ဂုဏ်သိက္ခာကျဆင်းရလျက်ရှိသည်။ အွန်လိုင်းမှတစ်ဆင့် ဟန်ဆောင်လိမ်ညာ ဖမ်းဆီးခေါ်ဆောင်ပြီး အလုပ်သမားများအဖြစ် ခေါင်းပုံဖြတ်စေခိုင်းခြင်း၊ ပြည်ပနိုင်ငံများသို့ ဇနီးမယားအဖြစ်ရောင်းစားခြင်းကဲ့သို့သော အကြမ်းဖက်မှုများကိုလည်း တွေ့ရှိနေရပေသည်။ ကမ္ဘာလုံးဆိုင်ရာ လေ့လာမှုစစ်တမ်းတစ်ခုအရ အမျိုးသမီး ၃၈ ရာခိုင်နှုန်းသည် အွန်လိုင်းမှတစ်ဆင့် အကြမ်းဖက်ခံရမှုကို ကိုယ်တိုင်တွေ့ကြုံခံစားနေကြရပြီး အွန်လိုင်းအသုံးပြုသည့် အမျိုးသမီး ၈၅ ရာခိုင်နှုန်းသည် ဒစ်ဂျစ်တယ်နည်းပညာသုံးပြီး အခြားအမျိုးသမီးများ အကြမ်းဖက်ခံနေရမှုများကို မျက်မြင်ကြုံတွေ့နေကြရသည်ဟုဆိုသည်။

အမျိုးသမီးများသည် နည်းပညာလက်လှမ်းမီရရှိပြီး ဒစ်ဂျစ်တယ်နည်းပညာကို ကျွမ်းကျင်စွာ အသုံးပြုနိုင်ပါက မိုခိုမှုကင်းစွာဖြင့် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ ပိုမိုလုပ်ကိုင်လာနိုင်မည်ဖြစ်သကဲ့သို့ နိုင်ငံ၏လူမှုစီးပွားဘဝလည်းဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်သည်။ သို့ရာတွင် ကျောင်းနေအရွယ်မှစပြီး ကလေးတိုင်းလက်ကိုင်ဖုန်းကို ကိုင်တွယ်ရင်းနှီးနေသည့်အတွက် အမျိုးသမီးငယ်အများစုသည် ဒစ်ဂျစ်တယ်ပစ္စည်းများ အသုံးပြုရာတွင် ကောင်းမွန်သည့်အကျိုးရလဒ်များ ရရှိနိုင်သကဲ့သို့ အန္တရာယ်လည်းရှိနိုင်သည်ကို သတိပြုရမည်ဖြစ်သည်။

အမျိုးသမီးများကို ဒစ်ဂျစ်တယ်အကြမ်းဖက်မှုမှကာကွယ်နိုင်ရေးအတွက် သက်ဆိုင်ရာအဖွဲ့အစည်းများအနေဖြင့် ခိုင်မာသည့်ဥပဒေများ ပြဋ္ဌာန်းနိုင်ရေး၊ ကျူးလွန်သူများ ထိုက်သင့်သည့်ပြစ်ဒဏ်ရရှိရေး၊ ကျူးလွန်ခံရသူများအတွက် ကူညီပံ့ပိုးမှုများရရှိရေး၊ အွန်လိုင်းပေါ်ရှိ အန္တရာယ်ဖြစ်စေသည့် အကြောင်းအရာများကို ဖယ်ရှားရေးတို့အတွက် အလေးအနက်ဆောင်ရွက်သွားကြရန်လိုသည်။ မြန်မာနိုင်ငံအနေဖြင့် ကုလသမဂ္ဂကချမှတ်ထားသည့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု ရည်မှန်းချက်ပန်းတိုင်များ၊ ကမ္ဘာ့အမျိုးသမီးညီလာခံနှင့် အမျိုးသမီးများကို နည်းမျိုးစုံဖြင့် ခွဲခြားမှုပပျောက်ရေးဆိုင်ရာ ကွန်ဗင်းရှင်း ပါပြဋ္ဌာန်းချက်များ၊ လုပ်ငန်းအစီအစဉ်များကို နိုင်ငံတော်၏ မူဝါဒနှင့်အညီ အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ အကြမ်းဖက်ခံရသည့်သူများအနေဖြင့် တိုင်ကြားလာပါက ဥပဒေအရ စိစစ်အရေးယူဆောင်ရွက်နိုင်ရေးအတွက် လိုအပ်ချက်ပေါ်မူတည်၍ လူမှုရေးရာဖြစ်ရပ်စီမံခန့်ခွဲမှုစနစ်ကို အသုံးပြုကာ လူမှုရေးရာဖြစ်ရပ် စီမံခန့်ခွဲသူများက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ အကြမ်းဖက်ခံရသူ အမျိုးသမီးများကို တစ်နေရာတည်းတွင် ဝန်ဆောင်မှုပေးသည့် စင်တာ (OSWSC) နှင့် ကျား၊ မ အခြေပြုအကြမ်းဖက်ခံရသူများကို တစ်နေရာတည်းတွင် ပြီးပြည့်စုံသော ပြုစုစောင့်ရှောက်မှုပေးနိုင်သည့် စင်တာ (OSCC) တို့ကို ဖွင့်လှစ်ကာဝန်ဆောင်မှုပေးလျက်ရှိသည်။

ယနေ့ခေတ်သည် အသိပညာအခြေပြုသည့် ခေတ်ဖြစ်သကဲ့သို့ နိုင်ငံတစ်နိုင်ငံဖွံ့ဖြိုးတိုးတက်ရန်အတွက် အသိပညာကြွယ်ဝသည့် လူသားအရင်းအမြစ်များ၏ အခန်းကဏ္ဍသည်လည်း အဓိကကျပေသည်။ ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့်ပြည်ထောင်စုတည်ဆောက်ရေးသည် နိုင်ငံအတွက် အလွန်အဖိုးတန်သော လူသားအရင်းအမြစ်များဖြစ်သည့် အမျိုးသမီးများ ကိုယ်၊ စိတ်ကျန်းမာလုံခြုံစွာဖြင့် တာဝန်များ ထမ်းဆောင်နိုင်ရန်သည် အလွန်အရေးကြီးပေသည်။ ထို့ကြောင့် မြန်မာ့လူ့ဘောင်အဖွဲ့အစည်းမှ မြန်မာအမျိုးသမီးများနှင့် မိန်းကလေးငယ်များကို အွန်လိုင်းမှတစ်ဆင့် ဒစ်ဂျစ်တယ်အကြမ်းဖက်မှုများနှင့် ဆိုက်ဘာအကြမ်းဖက်မှု ပုံစံအမျိုးမျိုးမှ ကာကွယ်ပေးနိုင်ရေးအတွက် မြန်မာ့လူ့အဖွဲ့အစည်းတစ်ရပ်လုံးက အလေးထားဆောင်ရွက်သွားကြပါစို့ဟု တိုက်တွန်းလိုက်ရပါသည်။

**ကိုးကား**

**- နေ့စဉ်ထုတ်သတင်းစာများ**

**စိုးကျော်ခ**

## ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်း စုစုပေါင်း ၄၃၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်

ကလေး နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး ကလေးခရိုင် ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်း စုစုပေါင်း ၄၃၆၈ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ကလေးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ အစေ့ထုတ်ပြောင်း ၁၅၂၅ ဧကနှင့် ဖူးစားပြောင်း ၈၃၆၈ ဧက စုစုပေါင်း ၉၈၉၃ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ အစေ့ထုတ်ပြောင်းဧက ၇၆၀ နှင့်ဖူးစားပြောင်း ၃၆၀၈ ဧက စုစုပေါင်း ၄၃၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ကလေးမြို့နယ်မှာ အစေ့ထုတ်ပြောင်းနဲ့ ဖူးစားပြောင်း စုစုပေါင်း ဧက ၉၀၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၄၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ ပြောင်းသီးနှံတွေ ဖြစ်ထွန်းအောင်မြင်ဖို့အတွက် အသိပညာပေးလုပ်ငန်းတွေ ဆောင်ရွက်ပေးနေပါတယ်"ဟု ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြသည်။

ယခုနှစ် ကလေးမြို့နယ်တွင် အစေ့ထုတ်ပြောင်းနှင့် ဖူးစားပြောင်းစိုက်တောင်သူများကို မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုးကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးအသုံးပြုရေးစသည့် စိုက်ပျိုးရေးဆိုင်ရာ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိပြီးလူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ အစေ့ထုတ်ပြောင်းနှင့်ဖူးစားပြောင်းကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း ကလေးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မာန်အေးက ပြောပြ၍ သိရသည်။ (၂၀၆)

# ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



ပွင့်ဖြူ နိုဝင်ဘာ ၃၀

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၁၀၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ပွင့်ဖြူမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ စားဖိုဆောင်သီးနှံစုံ ၉၃၉ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် စားဖိုဆောင်သီးနှံစုံ ၁၀၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ပွင့်ဖြူမြို့နယ်အတွင်း ဒီနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီမှာ စားဖိုဆောင်သီးနှံစုံ ၉၃၉ ဧက စိုက်ပျိုးဖို့ လျာထားပါတယ်။ အဲဒီ စားဖိုဆောင်သီးနှံ စိုက်ပျိုးခြင်းကို လက်ရှိမှာ ၁၀၃၄ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ စားဖိုဆောင်သီးနှံတွေ စိုက်ပျိုးတာနဲ့ပတ်သက်ပြီး အောင်မြင်ဖြစ်ထွန်းဖို့နဲ့ထွက်ရှိလာတဲ့သီးနှံတွေ ကျန်းမာရေးနဲ့ ညီညွတ်စေဖို့ တောင်သူတွေကို GAP နည်းစနစ်နဲ့အညီ စိုက်ပျိုးနိုင်အောင် စိုက်ပျိုးရေးနည်းပညာ ပေးတာတွေကို ဆောင်ရွက်နေပါတယ်" ဟု ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြသည်။

စားဖိုဆောင်သီးနှံစုံကို အထွက်နှုန်းတိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်းစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ရာ စားဖိုဆောင်သီးနှံစုံကို တိုးချဲ့စိုက်ပျိုးနိုင်ရေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေက ပြောပြ၍ သိရသည်။

ရဲဝင်းနိုင်(ညောင်ဦး)

# ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ၌ ဆိုလာစနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုစစ်ဆေး

ဘားအံ နိုဝင်ဘာ ၃၀

ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဘားအံခရိုင် ဘားအံမြို့နယ် နောင်ခရိုင်ကျေးရွာ၌ ဆိုလာစနစ် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့်နှင့် ခရိုင်၊ မြို့နယ် တာဝန်ခံအင်ဂျင်နီယာ ဝန်ထမ်းများက နောင်ခရိုင်ကျေးရွာ၌ စိုက်ပျိုးရေရရှိရေးကော်မတီဝင်များနှင့် တွေ့ဆုံ၍ ဆိုလာစနစ် စိုက်ပျိုးရေရရှိရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ပြီး လုပ်ငန်းများကို ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်း ဆောင်ရွက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများအား ဆွေးနွေးမှာကြားသည်။

ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စု ခွင့်ပြုရန်ပုံငွေကျပ် ၁၈ ဒသမ ၉၁၉ သန်းဖြင့် နောင်ခရိုင်ကျေးရွာ၌ ဆိုလာ 590 W 6 ချက်တပ်ဆင်ခြင်း လုပ်ငန်းများကို ဌာနကော်မတီက ယခုနှစ် အောက်တိုဘာလ ဒုတိယပတ်က စတင် တာဝန်ယူဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါကျေးရွာရှိ စိုက်ပျိုးလယ်ယာ ဧကများအတွက် စိုက်ပျိုးရေများလုံလောက်စွာ ရရှိနေပြီဖြစ်ကြောင်း ကရင်ပြည်နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဒေါ်ခင်ဇာဝင့် ထံမှ သိရသည်။

ကိုသက်

# မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သောမြေပဲဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီး

စစ်ကိုင်း နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီက စိုက်ပျိုးခဲ့သော မြေပဲဧကအားလုံး ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

မြင်းမူမြို့နယ်တွင် ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီ၌ မြေပဲ ၂၆၂၅၅ ဧကထိ စိုက်ပျိုးနိုင်ခဲ့ကြောင်းနှင့် အဆိုပါစိုက်ပျိုးထားသော မြေပဲစိုက်ခင်းများကို ယခုနှစ်အောက်တိုဘာလမှ စတင်နုတ်သိမ်းခဲ့ရာ ယနေ့တွင် ရာနှုန်းပြည့် နုတ်သိမ်းပြီးစီးပြီဖြစ်ပြီး တစ်ဧကလျှင် ၅၂ ဒသမ ၉၈ တင်းထွက်ရှိကြောင်း သိရသည်။

"ဒီနှစ် မိုးသီးနှံစိုက်ပျိုးရာသီ မြင်းမူမြို့နယ်မှာ မြေပဲ ၂၆၂၅၅ ဧကထိစိုက်ပျိုးထားပါတယ်။ အဲဒီ စိုက်ပျိုးထားတဲ့ မြေပဲခင်းတွေ လက်ရှိအချိန်မှာတော့ ဧကအားလုံး ရာနှုန်းပြည့်နုတ်သိမ်းပြီးစီးပြီဖြစ်ပါတယ်။ ဆီထွက်သီးနှံ အနေနဲ့ကော မြေပဲစိုက်ပျိုးမှု အနေနဲ့ကော တစ်နှစ်ထက်တစ်နှစ် တိုးတက်လာပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြသည်။



မြင်းမူမြို့နယ်တွင် မြေပဲစိုက်ခင်းများ အောင်မြင်ဖြစ်ထွန်းနိုင်ရန်၊ ပိုးမွှားရောဂါကျရောက်မှုမရှိစေရန်၊ ပေါင်းမြက်ကင်းစင်စေရန်အတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းများက စိုက်ခင်းများအတွင်း ကွင်းဆင်း၍ အသိပညာပေးလုပ်ငန်းများဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

မြေပဲကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက ဒေသတွင်း ဆီစားသုံးမှု ဖူလုံစေမည့်အပြင် ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်သောကြောင့် မြေပဲကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေး ကြိုးပမ်းကြရမည်ဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြတ်မိုးဝင်းက ပြောပြ၍ သိရသည်။

(၂၀၆)

# ပဲခူးမြို့နယ် ကင်းပွန်းခြံ(ဘုတာစု)ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေး

ပဲခူး နိုဝင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီး ပဲခူးခရိုင် ပဲခူးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကင်းပွန်းခြံ (ဘုတာစု) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးခြင်းကို နိုဝင်ဘာ ၂၉ ရက်နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းက မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကို ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင်စိုက်ပျိုးရေး၊ မွေးမြူရေး၊ ရေလုပ်ငန်းနှင့် အခြားမိသားစုဝင်ငွေတိုး စီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် ရည်ရွယ်၍ ထုတ်ချေးပေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ပဲခူးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လှဲ့လှဲ့ဝင်းက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဥပဒေ၊ နည်းဥပဒေပါ ကျေးလက်နေပြည်သူများ လိုက်နာရမည့်တာဝန်များ၊ ရပိုင်ခွင့်များ၊ ပြစ်မှုနှင့်ပြစ်ဒဏ်များကို အသေးစိတ် ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

ထို့နောက် ကင်းပွန်းခြံ (ဘုတာစု) ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၈၆ ဦးကို ငွေကျပ် ၃၄ ဒသမ ၂၆ သန်း၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ၁၂၈ ဦးကို ငွေကျပ် ၂၂ ဒသမ ၅၄ သန်း စုစုပေါင်း အသင်းသား၊ အသင်းသူ ၂၁၄ ဦး အတွက် ငွေကျပ် ၅၆ ဒသမ ၈ သန်း ထုတ်ချေးပေးခဲ့ကြောင်း ပဲခူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမင်းမင်းသိမ်းထံမှ သိရသည်။

သုတ

# မိတ္ထီလာမြို့နယ် ရေင်(အနောက်)ကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း စစ်ဆေး

မိတ္ထီလာ နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ပြည်ထောင်စုခွင့်ပြုရန်ပုံငွေဖြင့် ရေင် (အနောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို နိုဝင်ဘာ ၂၉ ရက် နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မိတ္ထီလာခရိုင် မိတ္ထီလာမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်မြင့်ဝင်း၊ မြို့နယ်ဦးစီးမှူး ဦးထိုက်နှင့်ဝန်ထမ်းများက ကျေးရွာကုန်ထုတ်လမ်း ဖြစ်မြောက်ရေးကော်မတီဝင်များနှင့်အတူ ရေင်(အနောက်)ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါကုမ္ပဏီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံပြီး လိုအပ်သည်များကို လမ်းညွှန်မှာကြားခဲ့ကြောင်း သိရသည်။

မိတ္ထီလာမြို့နယ် ရေင် (အနောက်) ကျေးရွာ၌ အရှည် နှစ်မိုင်၊ အကျယ် ၁၂ ပေ၊ အမြင့် ၉ လက်မရှိသော ကျေးလက်ကုန်ထုတ်လမ်း ချင်းမြေခင်းခြင်း လုပ်ငန်းကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၁၅၁ ဒသမ ၇၁၈ သန်းဖြင့် ရွှေခြံမြင့်မိုရ်ကုမ္ပဏီမှတာဝန်ယူ၍ ယခုနှစ် မေလ ၃၀ ရက်မှ စတင် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါလုပ်ငန်းများ ၈၅ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ကိုညီ

**ဗလငါးတန်ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေဖတ်ကြစို့**

ခရီးသွားဆောင်းပါး

# ရွှေ့ဆက်ထွက်ခွာခရီးနှင့် ရန်ကုန်မြို့ကိုဝင်

သက်နိုင်(ပြင်ဦးလွင်)

သီတင်းကျွတ် ကျောင်းပိတ်ရက်ရှည်အတွင်း ပြင်ဦးလွင်မြို့ကနေ စတင်ထွက်ရှိလာကြတဲ့ခရီးစဉ်မှာ တောင်ငူမြို့အနီးက အင်တိုင်းရွာကို ဝင်ရောက်လာခဲ့ကြပါပြီ။ အချိန်က ညနေပိုင်းနေဝင်ပြီးချိန် အလင်းရောင်ဖျော့ဖျော့သာ ကျန်ရှိနေပါတော့တယ်။ ရွာအလယ်လောက်မှာရှိနေတဲ့၊ တစ်ညတာတည်းခိုအိပ်စက်နားနေကြမဲ့ နှစ်ထပ်အိမ်ကြီးရှိရာကိုလဲ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ရှိလာခဲ့ကြပါပြီ။ ဒီနေ့တစ်နေ့တာအတွက် ခရီးစဉ်ပြီးဆုံးသွားပြီလို့လဲ ပြောလို့ရမှာပါ။ နောက်တစ်နေ့မနက်စောစော အိပ်ရာထကြပြီးမှ ရွှေ့ခရီးကို ဆက်ကြတော့မှာဖြစ်ပါတယ်။

တည်းခိုအိမ်ကိုရောက်တာနဲ့ပစ္စည်းတွေချ၊ အိမ်ရှင်မိတ်ဆွေတွေနဲ့ နှုတ်ဆက်စကားစမြည်ပြောဆိုကြရင်း ရေမိုးချိုးကြဖို့ပြင်ဆင်ကြရတယ်။ ရေချိုးကြရမဲ့နေရာက အိမ်အနောက်မှာရှိနေတဲ့ ရေအပြည့်နဲ့ အုတ်ကန်ကြီးပါ။ တစ်နေ့တာ ပင်ပန်းလာသမျှတွေ အားလုံးပျောက်ကွယ်၊ လန်းဆန်းသွားစေဖို့အတွက် ရေကန်ထဲကရေတွေကို အားရပါးရခပ်ချိုးကြရတော့မှာပါ။ ဒီလိုအားရပါးရခပ်ချိုးရတာက အလွန်အရသာရှိပါတယ်။ ရေချိုးကြတဲ့အခါမှာလဲ ချိုးလို့ကောင်းလွန်းတာကြောင့် တော်တော်နဲ့မပြီးတော့ပါဘူး။ ဒါပေမဲ့ ညစာစားသောက်ကြဖို့အတွက်နဲ့ အိပ်စက်နားနေကြဖို့အတွက် အချိန်မီအောင်လုပ်နေကြရတယ်။

ရေချိုး၊ အဝတ်အစားလဲပြီးတာနဲ့ အိမ်ရှင်တွေ အသင့်ပြင်ဆင်ပေးထားတဲ့ ထမင်းစားပွဲဝိုင်းမှာ ဝင်ရောက်စားသောက်ကြရတယ်။ စားပွဲပေါ်မှာ တွေ့မြင်နေရတဲ့ဟင်းတွေက ဟင်းပန်းကန်အပြည့် အမောက်နဲ့ငါးကလေးကြော်တွေ၊ အငွေ့တထောင်းထောင်းထနေတဲ့ချဉ်ရည်ဟင်းပန်းကန်တွေ၊ ငံပြာရည်ကြော်၊ ငါးပိရည်မွှေးမွှေးနဲ့အတို့အမြှုပ်မျိုးစုံတွေအပြင် ငရုတ်သီးဆားထောင်း၊ မိမိတို့ပါလာတဲ့ ဝက်စတူးတွေ၊ စားလို့မကုန်နိုင်သေးတဲ့ စွန်ရဲအင်းက ကြာရွက်လိပ်သုပ်တွေကို တွေ့မြင်နေရတယ်။ ပထမဆုံးငါးကလေးကြော် တစ်ကောင်၊ နှစ်ကောင်ကို မြည်းစမ်းစားကြည့်လိုက်တဲ့အခါ ကြွပ်ရွချိုမြနေတာကို သတိထားမိလိုက်တယ်။ ထမင်းစတင်စားသောက်နေရင်း ငါးကလေးကြော်တွေက လယ်ကွင်း၊ လယ်ကွက်တွေထဲက ရရှိထားတာဖြစ်ကြောင်း၊ လယ်ကွင်းထဲမှာနေတဲ့ငါးတွေက မြစ်တွေ၊ ချောင်းတွေထဲမှာနေတဲ့ငါးတွေထက် အရိုးပျော့ပြီး ပိုမိုချိုကြောင်းတွေကို အိမ်ရှင်မိသားစုက ရှင်းပြနေတယ်။ ငါးကလေးကြော်တွေက အိမ်ရှင်တွေရှင်းပြသလို နူးညံ့ပြီးချိုနေပါတယ်။

ငါးကလေးကြော်တွေနဲ့ထမင်းတစ်လုပ်၊ နှစ်လုပ်ကို စားအပြီး အငွေ့တထောင်းထောင်းထနေတဲ့ ပူပူလောင်လောင်ချဉ်ရည်ဟင်းကို သောက်ကြည့်လိုက်တဲ့အခါ ချဉ်ရည်ဟင်းကလဲ အလွန်ချိုနေတာကိုတွေ့ရပြန်တယ်။ ချဉ်ရည်ဟင်းက လယ်ကန်စွန်းရွက်ချဉ်ရည်ဟင်းပါ။ ဒါပေမဲ့ ဟင်းရည်ထဲမှာ ငါးရံ့ပေါက်လေးတွေအများအပြားပါဝင်နေတာကြောင့် ကန်စွန်းရွက်ချဉ်ရည်ဆိုပေမဲ့ အလွန်ချိုနေရတာပါ။ ထမင်းကို ငရုတ်သီးဆားထောင်းနဲ့အတူ ငါးကလေးကြော်လေးတွေဝါးလိုက်၊ အတို့အမြှုပ်ပန်းကန်ထဲက တညင်းသီးလေးတွေကို ကိုက်လိုက်၊ ဟင်းရည်ပူပူချိုချိုကို တစ်ဇွန်းပြီးတစ်ဇွန်းသောက်လိုက်နဲ့ စားကောင်း၊ စားမြိန်နေပါတယ်။ ထမင်းစားပြီးခါနီးမှာလဲ ချဉ်ရည်ပန်းကန်ထဲက ငါးရံ့ပေါက်ဖြူဖြူလုံးလုံးလေးတွေကို တစ်ကောင်ပြီးတစ်ကောင်အရသာခံစားနေလိုက်တာ စားပွဲအလယ်မှာရှိနေတဲ့ ဝက်စတူးဟင်းကိုတောင် မစားဖြစ်တော့ပါဘူး။

တည်းခိုအိမ်မှာ ယောကျ်ားသားမရှိ၊ အပျိုကြီးညီအစ်မတွေသာ စုပေါင်းနေထိုင်ကြတာကြောင့် ညစာထမင်းစားသောက်ပြီးကြတာနဲ့ မိမိနဲ့အတူညီဖြစ်သူတွေ၊ တူလေးတွေက အိမ်အပေါ်ထပ်မှာ ခင်းကျင်းပြင်ဆင်ပေးထားတဲ့အိပ်ရာတွေအသီးသီးကို ဝင်ရောက် အိပ်စက်လိုက်ကြတော့တယ်။ အိမ်အပေါ်ထပ်တစ်ခုလုံးကို မိမိတို့ဧည့်သည်မောင်နှမတွေအတွက် သီးသန့်ပြင်ဆင်ပေးထားကြတာပါ။ မိမိတို့ညီအစ်ကိုတွေ အိမ်အပေါ်ထပ်ကို တက်လာခဲ့ပြီး အိပ်ရာအသီးသီးကို ဝင်ရောက်သွားချိန်မှာ ထမင်းပန်းကန်တွေ၊ ဟင်းပန်းကန်တွေ ကူညီသိမ်းဆည်းပေးရင်း၊ အိမ်ရှင်အပျိုကြီးညီအစ်မတွေနဲ့စကားပြောရင်း ကျန်နေခဲ့ကြတဲ့ မိမိရဲ့အစ်မနဲ့ညီမတွေက ဘယ်အချိန်မှာ အိပ်စက်ခဲ့ကြသလဲဆိုတာကို မသိရတော့ပါဘူး။ ခရီးကပန်းပန်း၊ ထမင်းကစားကောင်းကောင်းနဲ့အိပ်လိုက်တာ တစ်ခဏအတွင်း နှစ်နှစ်ခြိုက်ခြိုက်အိပ်ပျော်သွားခဲ့ရတယ်။




ခရီးစဉ်အရ အင်တိုင်းရွာကနေ ရန်ကုန်မြို့ကို ဆက်လက်သွားရောက်မှာမို့ နောက်တစ်နေ့မနက်မှာ အိပ်ရာကနေ စောစောထခဲ့ကြရတယ်။ မနက်အိပ်ရာနိုးတဲ့အချိန်ကစပြီး မျက်နှာသစ်၊ အဝတ်အစားလဲပြီးတဲ့အချိန်ထိ စိတ်တထင့်ထင့်ဖြစ်နေရတဲ့ အကြောင်းတစ်ခုရှိနေပါတယ်။ အိမ်ရှင်အပျိုကြီးညီအစ်မတွေက မိမိတို့အတွက် မနက်စာကို ဘာတွေပြင်ဆင်ကျွေးမွေးဧည့်ခံကြမလဲဆိုတာပါ။ တောင်ငူမြို့ကို ရောက်ရှိလာခဲ့ပြီး ညအိပ်တည်းခိုခဲ့တဲ့ အကြိမ်တိုင်း မြို့ခံအိမ်ရှင်တွေက မနက်စာကို တောင်ငူမုန့်ဟင်းခါးလို့ခေါ်တဲ့ ငါးဟင်းရည်ဖြူဖြူတွေနဲ့သာ ဧည့်ခံကျွေးမွေးလေ့ရှိကြပါတယ်။ မောင်နှမတွေကတော့ တောင်ငူမုန့်ဟင်းခါးကို နှစ်နှစ်သက်သက် စားသောက်နေကြတယ်။

မနက်စာ စားသောက်ပြီးကြတာနဲ့ ရွှေ့ခရီးကို ဆက်လက်ထွက်ခွာဖို့ပြင်ဆင်ကြရတယ်။ ကားပေါ်ကို ပစ္စည်းတွေတင်၊ လူတွေတက်၊ ကားစက်နှိုးပြီး စတင်ထွက်ခွာတော့မဲ့အချိန်မှာ အစ်မဖြစ်သူက အုန်းသီးစိမ်းတွေ ဝယ်ချင်သေးတယ်ဆိုတာနဲ့ စောင့်ဆိုင်းပေးနေရတယ်။ အင်တိုင်းရွာမှာ အုန်းသီးစိမ်းတစ်လုံးကို ငွေနှစ်ထောင်ကျပ်ပါ။ ခရီးစဉ်အရ မိမိတို့ဆက်လက်သွားရောက်ကြရမဲ့ နေရာတွေက အုန်းသီးတွေအလွန်ပေါတဲ့ ရန်ကုန်၊ ငွေဆောင်၊ ချောင်းသာပင်လယ်ကမ်းခြေဒေသတွေဖြစ်ပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် အုန်းသီးပေါတဲ့နေရာဒေသတွေကို မရောက်ခင် ကားပေါ်မှာအုန်းသီးစိမ်းတွေပါလာခဲ့ရပါပြီ။ အုန်းသီးတွေကို ကားပေါ်တင်ပြီး ရွှေ့ခရီးကို ထွက်ခွာလာခဲ့ရတယ်။

ခရီးလမ်းကြောင်းအရ ရန်ကုန်-မန္တလေးအမြန်လမ်းပေါ်ကို အဆင်ပြေတိုတောင်းတဲ့ အုတ်တွင်းမြို့လမ်းခွဲကနေ မောင်းနှင်လာခဲ့ရတယ်။ အုတ်တွင်းမြို့နဲ့အမြန်လမ်းက သုံးမိုင်သာဝေးကွာနေပါတယ်။ အုတ်တွင်းမြို့ကို ရောက်လာတဲ့အချိန်က မနက်စောစောဖြစ်နေသေးတာကြောင့် လမ်းတွေပေါ်မှာ စည်စည်ကားကားဖြစ်မနေသေးဘဲ ရှင်းလင်းနေပါတယ်။ ဒါပေမဲ့ ရန်ကုန်-မန္တလေးအမြန်လမ်းကို ရောက်တာနဲ့ ကားအသွားအလာတွေများပြားနေတာကို တွေ့မြင်နေရတယ်။ နေ့ရက်က သီတင်းကျွတ်လပြည့်နေ့ပါ။ အမြန်လမ်းပေါ်ကို ရောက်တာနဲ့ ရန်ကုန်မြို့မှာ တစ်ညတာအနားယူအိပ်စက်ကြဖို့အတွက် ဟိုတယ်ရှိရာကို ဖုန်းနဲ့ဆက်သွယ်ကြရတယ်။ ဟိုတယ်ရဲ့အကြောင်းပြန်ကြားချက်အရ မွန်းတည့် ၁၂ နာရီကျော်မှ အခန်းတွေရရှိနိုင်မှာဖြစ်ကြောင်း သိလိုက်ရလို့ ခရီးသွားလာနေရင်းနဲ့ နောက်ထပ်ခရီးစဉ်အသစ်တစ်ခုကို ထပ်မံစဉ်းစားရေးဆွဲရပြန်တယ်။ မိမိတို့ရဲ့မူလအစီအစဉ်က ရန်ကုန်မြို့ကို ရောက်တာနဲ့ ဟိုတယ်ကို အရင်သွား၊ အခန်းတွေယူ၊ ပစ္စည်းတွေချပြီးမှ ရန်ကုန်မြို့တွင်းကို အေးအေးဆေးဆေးဘုရားတွေဖူး၊ လေ့လာလည်ပတ်ကြဖို့ပါ။

အခု ဟိုတယ်ရဲ့ အကြောင်းပြန်ကြားချက်အရ မွန်းတည့် ၁၂ နာရီမထိုးခင်ထိ အချိန်တွေဖြုန်းကြရပါအုံးမယ်။ မိမိတို့မောင်နှမတစ်တွေ အမြန်လမ်းပေါ်ကို ရောက်ရှိလာတဲ့အချိန်က မနက် ၇ နာရီတောင် မထိုးသေးတာကြောင့် ရန်ကုန်မြို့ကို မနက်စောစော ဝင်ရောက်သွားကြမှာဖြစ်ပါတယ်။ အုတ်တွင်းလမ်းခွဲကနေ ရန်ကုန်မြို့ကို မိုင်တစ်ရာကျော်သာ ဆက်လက်မောင်းနှင်ရတော့မှာပါ။ အခြေအနေအရ အချိန်တွေ ပိုနေကြပြီဖြစ်လို့ ၁၁၅ မိုင် ဖြူးမြို့ကို ရောက်တာနဲ့ ကားထဲကို ဆီအပြည့်ဝင်ဖြည့်ရင်း၊ သန့်စင်ခန်းကိုသွားကြရင်း အေးအေးလူလူနေခဲ့ကြရတယ်။ နောက်ထပ်တစ်ခါ ဖြူးမြို့ကနေထွက်လာပြီး ၃၆ မိုင်ကိုရောက်တာနဲ့ အစ်မဖြစ်သူရဲ့မိတ်ဆွေခြံကြီးမှာ ဝင်ရောက်နားကြရပြန်တယ်။ ကားပေါ်မှာပါရှိလာကြတဲ့ စားစရာ၊ သောက်စရာတွေကို စားကြ၊ သောက်ကြရင်း တကယ့်ကို အေးအေးဆေးဆေးနားနေကြရလို့ ခရီးမပန်းကြတော့ပါဘူး။ စားကြ၊ နားကြပြီးမှ ရွှေ့ခရီးကိုဆက်ထွက်လာခဲ့ကြရတယ်။

ခရီးမိုင်အရ ရန်ကုန်မြို့နဲ့ နီးကပ်လာပြီဖြစ်လို့ အမြန်လမ်းပေါ်မှာ သွားလာနေကြတဲ့ကားတွေ ပိုမိုများပြားလာတယ်။ အထူးသဖြင့် ပုံမှန်သွားလာနေကြတဲ့ကားတွေမဟုတ်ဘဲ ဘုရားသွား၊ ကျောင်းတက်ကားတွေကို တွေ့မြင်လာရတယ်။ ကားတွေပေါ်မှာလဲ ဘုရားသွားကျောင်းတက်တဲ့ ပုံစံမျိုးဝတ်ကောင်းစားလှတွေနဲ့ ပျော်ပျော်ရွှင်ရွှင်ရယ်ရယ်မောမောဖြစ်နေကြတယ်။ နေ့ရက်အချိန်က သီတင်းကျွတ်လပြည့်နေ့မနက်ဖြစ်နေတာကြောင့် ဒီလိုမြင်ကွင်းမျိုးကို မြန်မာနိုင်ငံအနှံ့အပြားမှာ တွေ့မြင်နေကြရမှာပါ။ ဒါ့ပြင် လမ်းတစ်လျှောက်မှာရှိနေကြတဲ့ ဘုရားစေတီ ကျောင်းကန်တွေမှာလဲ သာသနာ့အလံတွေတလူလူ၊ ဓမ္မတေးသံတွေတကျော်ကျော်၊ ဘုရားသွားကျောင်းလာဧည့်သည်တွေ စည်စည်ကားကားနဲ့ဖြစ်နေတာကို ကြားသိမြင်တွေ့နေရပြန်တယ်။ အချို့နေရာတွေမှာ အိုးစည်ဗုံမောင်းတွေရှိနေကြတယ်။

မိမိတို့မောင်နှမတွေ လတ်တလောစဉ်းစားဆုံးဖြတ်လိုက်ကြတဲ့ခရီးစဉ်သစ်အရ ရန်ကုန်မြို့တွင်းကို မဝင်ခင် မှော်ဘီမြို့ကို သွားရောက်ကြဖို့ပါ။ မှော်ဘီမြို့မှာ ငယ်စဉ်အခါကလေးဘဝက နေထိုင်ခဲ့၊ ကျောင်းတက်ခဲ့ရတဲ့အတွက်ကြောင့် နေခဲ့ရတဲ့အိမ်လေးတွေနဲ့ တက်ရောက်ပညာသင်ကြားခဲ့ရတဲ့ ကျောင်းဆောင်လေးတွေကို အလွမ်းပြေသွားရောက်ကြည့်ရှုကြဖို့ ဆန္ဒတွေရှိနေကြတယ်။ လွန်ခဲ့တဲ့နှစ်ပေါင်း ၅၀ လောက်တုန်းက မြင်ကွင်းတွေနဲ့ အခုလက်ရှိ မြင်ကွင်းအခြေအနေကွာခြားပြောင်းလဲမှုတွေကိုလဲ သိမြင်နေကြတယ်။

ဒါကြောင့် မကြာခင်မှာရောက်ရှိလာတဲ့ အမြန်လမ်းမကြီးရဲ့အစ တိုးဂိတ် သုညမိုင်ကို ကျော်လွန်ပြီးတာနဲ့ အမှတ် (၃) လမ်းမကြီးအတိုင်း ဆက်လက်မသွားရောက်တော့ဘဲ မင်္ဂလာဒုံ၊ ထောက်ကြန့်ရှိရာဘက်ကို ဦးတည်မောင်းနှင်လာခဲ့လိုက်တယ်။ ဒီနေ့ ဒုတိယနေ့ခရီးစဉ်အဖြစ် တောင်ငူမြို့ရှိရာကနေ ရန်ကုန်မြို့အဝင်ကို ရောက်ရှိလာခဲ့ကြပါပြီ။ ငယ်ရွယ်စဉ်ကလေးဘဝက နေထိုင်သွားလာကျောင်းတက်ခဲ့တဲ့ နေရာဟောင်းလေးတွေရှိရာကို အလွမ်းပြေသွားရောက်ကြည့်လိုက်ပါအုံးမယ်။


## ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်မည့်သူများအနေဖြင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေး သတ်မှတ်ချက်များနှင့်အညီဆောင်ရွက်ရန် တိုက်တွန်းနှိုးဆော်ခြင်း

၁။ ပြည်ပတွင် သွားရောက်လုပ်ကိုင်မည့်သူများအနေဖြင့် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ် (Passport for Job-PJ) လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC) လျှောက်ထားရယူခြင်းတို့မရှိဘဲ ပြည်ပအလည်အပတ်နိုင်ငံကူးလက်မှတ်(Passport for Visit-PV)ကိုသာ လျှောက်ထားရယူထားပြီး ပြည်ပအလုပ်အကိုင်ဗီဇာများရယူကာ လေကြောင်းခရီးဖြင့် ပြည်ပထွက်ခွာရန်ဆောင်ရွက်လျက်ရှိကြသဖြင့် သက်ဆိုင်ရာက လေဆိပ်တွင်စိစစ်သည့်အခါ သတ်မှတ်ချက်များနှင့်မကိုက်ညီသည့်အတွက် ပြည်ပသို့ထွက်ခွာခွင့်မရခြင်းများကြောင့် လေယာဉ်လက်မှတ်ခအပါအဝင် အခြားသောကုန်ကျစရိတ်များ ဆုံးရှုံးရသည့်ဖြစ်စဉ်များ ဖြစ်ပေါ်လျက်ရှိပါသည်။

၂။ သို့ပါ၍ ပြည်ပတွင် သွားရောက်အလုပ်လုပ်ကိုင်လိုသူများအနေဖြင့် မလိုလားအပ်သည့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးအတွက် ဥပဒေနှင့်အညီမှတ်ပုံတင်ခြင်း၊ ပြည်ပအလုပ်အကိုင်အတွက် နိုင်ငံကူးလက်မှတ်(Passport for Job-PJ)လျှောက်ထားရယူခြင်း၊ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ်(OWIC)လျှောက်ထားရယူခြင်းတို့အား ဆောင်ရွက်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

**အလုပ်သမားဝန်ကြီးဌာန**

ပေါက်ပေါက်

# သက်ကြီးရွယ်အို နှလုံးစောင့်ရှောက်မှု အထူးဂရုပြု



လူ့ခန္ဓာကိုယ်အတွင်းရှိနှလုံးသည် တစ်ပေါင်ခန့် အလေးချိန်ရှိသည်။ အမျိုးသားတို့၏ နှလုံးက အမျိုးသမီးတို့ထက် ပျမ်းမျှ နှစ်အောင်စခန့်ပိုလေးသည်။ ပုံမှန် ကျန်းမာရေးကောင်းနေသူ၏ နှလုံးသည် တစ်ရက်လျှင် အကြိမ် ၁၁၅၀၀၀ ခန့် ခုန်သည်။ အမျိုးသမီးတို့သည် အမျိုးသားများထက် နှလုံးခုန်နှုန်း အနည်းငယ်ပိုမြန်သည်။ အကယ်၍ နှလုံးကို ခန္ဓာကိုယ်ထဲက ထုတ်လိုက်လျှင်ပင် နှလုံးသည် ဆက်၍ခုန်နိုင်ပါသေးသည်။

နှလုံးကွဲကြေရောဂါကမူ စိတ်ပိုင်းဆိုင်ရာ၊ ရုပ်ပိုင်းဆိုင်ရာ အလွန်အမင်းထိခိုက်ပင်ပန်းမှုများကြောင့် ထွက်လာသည့် စိတ်ဖိစီးမှုဟော်မုန်းများကြောင့် ဖြစ်ပွားရခြင်းဖြစ်သည်။ အသက်ကြီးလာချိန်တွင် အထီးကျန်ဆန်ခြင်းနှင့် စိတ်ဓာတ်ကျခြင်းတို့ကို မကြာခဏဖြစ်ပေါ်ခံစားရလေ့ရှိသူများသည် ပြင်ပတွင် စိတ်မချမ်းမသာစရာ ကိစ္စတစ်ခုကို ရုတ်တရက်ကြုံတွေ့ရသည့်အခါ နှလုံးထိခိုက်ပြီး နှလုံးကွဲကြေရောဂါဖြစ်ပေါ်လာတတ်သဖြင့် စိုးရိမ်ရသည်။

အထူးသဖြင့် အသက် ၇၀ ကျော်လာလျှင် လူကြီးများသည် သွားလာလှုပ်ရှားမှု နည်းပါးလာရာမှ နှလုံး၏ ကျန်းမာရေးကျဆင်းလာတတ်သည်။ ထိုသို့ နှလုံးကျန်းမာရေးဆုတ်ယုတ်လာကာ နောက်ပိုင်းတွင် အသက် ၈၀ မတိုင်မီ နှလုံးထိခိုက်မှုကြောင့် အသက်အန္တရာယ်ကိုပင် စိုးရိမ်ရသည်။ ထို့ကြောင့် အသက် ၇၀ ကျော်လာလျှင် အမျိုးသားရော အမျိုးသမီးပါ နှလုံးအားကောင်းစေရန်အတွက် တစ်ရက်လျှင် မိနစ် ၂၀ ကြာမျှ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်း ပြုလုပ်ပေးခြင်းဖြင့် သွေးလည်ပတ်စီးဆင်းမှုမြန်ဆန်လာကာ နှလုံးကျန်းမာရေး ကောင်းမွန်လာရုံသာမက သွေးဖိအား၊ သွေးတွင်းရှိ သကြားဓာတ်ပါဝင်မှုတို့ကိုလည်း ထိန်းညှိပေးနိုင်သည်။

**သက်ကြီးရွယ်အို နှလုံးစောင့်ရှောက်မှု**

အသက်အရွယ်ရလာသည်နှင့်အမျှ သွေးကြောများ၏နံရံသည် တင်းမာလာပြီး သွေးကြောကျဉ်းရောဂါဖြစ်လာခြင်းကြောင့် သွေးပေါင်ချိန်တက်လာသည်။ ထိုသွေးကြောနံရံများတွင် အဆီဖတ်များ၊ အနည်အနှစ်များဖြင့် ပိတ်ဆို့လာပြီး သွေးကြောများကျဉ်းလာကာ နှလုံးဆီသို့သွေးစီးဆင်းမှုနည်းလာသည်။ ထိုအခါ နှလုံးသွေးကြောကျဉ်းလာပြီး နှလုံးထိခိုက်ခံရနိုင်ခြေ များလာသည်။ ထို့ပြင် အသက် ၅၀ ကျော်လာချိန်မှာ ကိုလက်စထရောစုပုံလာလေ့ရှိကာ ၎င်းကိုလက်စထရော၏ ဆိုးကျိုးများအဖြစ် သွေးကြောများတွင် ကိုလက်စထရောများဖြစ်တည်ပြီးသွေးကြောကျဉ်းခြင်း သို့မဟုတ် သွေးကြောပိတ်ခြင်း၊ လေဖြတ်နိုင်ခြေများခြင်းတို့ကို ဖြစ်ပေါ်စေသည်။ နှလုံးသွေးကြောများသည် အသက်အရွယ်အရ ပြောင်းလဲသည်ဟုဆိုသော်လည်း ကျန်းမာရေးနှင့် ညီညွတ်အောင် စားသောက်ခြင်း၊ ကိုယ်လက်လှုပ်ရှားမှုလေ့ကျင့်ခန်းပြုလုပ်ခြင်းဖြင့် နှလုံးကျန်းမာရေး ထိခိုက်မှုကို ထိထိရောက်ရောက်ကာကွယ်နိုင်သည်။

ထို့ကြောင့် အသက်အရွယ်ကြီးချိန်တွင် နှလုံးရောဂါဖြစ်ပွားမှုကို လျှော့ချရန်အတွက် နည်းလမ်းကောင်း များစွာရှိပါသည်။ ၎င်းတို့မှာ- အာဟာရပြည့်ဝအောင်စားပါ။ အဆီ၊ အငန်၊ အချိုများလွန်းသော အစားအစာများရှောင်ပါ။ အိုမီဂါ-၃ ပါဝင်သော အစားအစာများစားပေးပါ။ အဆီပြည့်နို့၊ အကြော် အစားအစာမျိုးစုံ၊ အသင့်စား အစားအသောက်များ ရှောင်ပါ။ နှလုံးကျန်းမာရေးကို အကျိုးပြုသော အစားအသောက်များဖြစ်ကြသည့် ဟင်းသီးဟင်းရွက်များ၊ ဆန်လုံးညို၊ ငါးအမျိုးမျိုး၊ အဆီမပါသော အသား၊ အစေ့အဆန်များ၊ ဟင်းရွက်ဆီတို့ကိုစားသောက်ပါ။ ဝိုင်နီ တစ်နေ့တစ်ခွက် ပုံမှန်သောက်ပါ သို့မဟုတ် ညအိပ်ရာဝင်ခါနီး စပျစ်သီးအနီရောင်၊ အနက်ရောင်တစ်ခုခုကို မိမိ လက်တစ်ဆုပ်စာခန့် စားပါ။ အစေ့နှင့် အခွံပါဝါးစားရပါမည်။ ဖရဲသီးများ များစားပါ။ ဖရဲသီးက ခန္ဓာကိုယ်ထဲရှိ နိုက်ထရစ်အောက်ဆိုက်ထုတ်လုပ်မှုကို လှုံ့ဆော်ပေးကာ နှလုံးနှင့် နှလုံးသွေးကြောများကို ကောင်းကျိုးပြုသည်။ အထိုင်မများစေဘဲ လှုပ်လှုပ်ရှားရှားနေပါ။ ရက်သတ္တပတ်လျှင် မိနစ် ၁၅၀ ခန့်လေ့ကျင့်ခန်းလုပ်ပါ။ ကျန်းမာသော ကိုယ်အလေးချိန်ထိန်းသိမ်းပါ။ ပုံမှန်ကျန်းမာရေးစစ်ဆေးမှုပြုလုပ်ပါ။ အထူးသဖြင့် သွေးပေါင်ချိန်၊ ကိုယ်လက်စထရောနှင့် နှလုံးကျန်းမာရေးတို့ကို စစ်ဆေးပါ။ ယောဂကျင့်ခြင်း၊ တရားရှုမှတ်ခြင်းတို့ကလည်း နှလုံးကျန်းမာရေးအတွက် များစွာအထောက်အကူပြုသည်။

**ရုပ်သံအလွန်အကျွံကြည့်မှုကို ဖြတ်တောက်ပါက နှလုံးရောဂါအန္တရာယ်မှ လွတ်ကင်းနိုင်**

အသက်ရလာချိန်တွင် စကားပြောဖော်နည်းလာခြင်း၊ မိသားစုတွင် အထီးကျန်ဆန်လာခြင်းတို့ကြောင့် တီဗွီ(ရုပ်သံ)က မိမိအတွက် အပျင်းဖြေစရာအဖော်ဖြစ်လာသည်။ထိုအခါ တစ်နေ့တာ၏ အချိန်တော်တော်များများကို ရုပ်သံကြည့်ခြင်းဖြင့် ကုန်ဆုံးသွားတတ်သည်။ သို့သော် ရုပ်မြင်သံကြား အလွန်အကျွံကြည့်ရှုမှုအလေ့အထကို ဖြတ်တောက်နိုင်ပါက နှလုံးရောဂါဖြစ်ပွားမည့်အန္တရာယ်မှ လွတ်ကင်းနိုင်ကြောင်း သုတေသီများကဆိုသည်။ သုတေသနပညာရှင်များ၏ လေ့လာတွေ့ရှိချက်အရ ရုပ်မြင်သံကြားကို ပုံမှန်ထက်အချိန်ပေးကြည့်ရှုကြသည့် အရွယ်ရောက်သူများသည် ရုပ်မြင်သံကြားကြည့်ချိန်နည်းသူများထက် နှလုံးရောဂါဖြစ်နိုင်ခြေ ၁၆ ရာခိုင်နှုန်း ပိုမြင့်မားနေတတ်ကြောင်း သိရသည်။ ရုပ်မြင်သံကြား ကြည့်ချိန်ကိုလျှော့ချခဲ့ပါက ရုပ်မြင်သံကြားအကြည့်များသူများ၌ နှလုံးရောဂါဖြစ်ပွားမှုဖြစ်စဉ် ၁၀ ခုလျှင် တစ်ခုကို ကြိုတင်တားဆီးနိုင်ကြောင်းနှင့် အကယ်၍ရုပ်မြင်သံကြား စွဲစွဲလမ်းလမ်းကြည့်ရှုမှုကို မစွန့်နိုင်ခဲ့ပါက နှလုံးရောဂါကာကွယ်ရေးအတွက် ရုပ်မြင်သံကြားဇာတ်လမ်းတစ်ပိုင်းနှင့်တစ်ပိုင်းကြားအနားယူ၍ လှုပ်လှုပ်ရှားရှားနေပေးရန် သုတေသီများက အကြံပြုထားသည်။ ရုပ်မြင်သံကြားကြည့်ရှုချိန်ကိုလျှော့ချခဲ့ပါက နှလုံးသွေးကြောဆိုင်ရာရောဂါများဖြစ်ပွားမှုအနက် ၁၁ ရာခိုင်နှုန်းကိုတားဆီးနိုင်ကြောင်း သုတေသီများက ပြောကြားသည်။

**ဘဝသက်တမ်းရှည်စေရန် ဆေးလိပ်ဖြတ်ပါ**

ဆေးလိပ်သောက်သူတိုင်းက ဆေးလိပ်၏ ဆိုးကျိုးများစွာတို့ကို နားရည်ဝနေပြီ ဖြစ်သော်လည်း ဖြတ်ရန်ခက်လှသည်။ အသက်ကြီးရင့်လာချိန်တွင် ဆေးလိပ်သောက် သက်တမ်းကြာမြင့်လာသည်နှင့်အမျှ လူ့ဘဝသက်တမ်းပို၍တိုတောင်းနိုင်သည်။ ဆေးလိပ်သောက်သုံးတတ်သူ နှလုံးရောဂါဝေဒနာရှင်များအနေဖြင့် ဆေးလိပ်ဖြတ်ပါက ဘဝသက်တမ်း ငါးနှစ်ပိုရှည်လာနိုင်ကြောင်း သုတေသနပညာရှင်များကသတိပေးထားသည်။ မိမိတို့၏ လေ့လာတွေ့ရှိချက်အရ နှလုံးရောဂါလူနာများ ဆေးလိပ်ဖြတ်မှုသည် ရုတ်တရက်နှလုံးဖောက်မှုနှင့် လေဖြတ်မှုကို ကာကွယ်ရေးအတွက် တစ်ရက်လျှင် ဆေးသုံးကြိမ်သောက်သုံးသကဲ့သို့ပင် ထိရောက်မှုရှိကြောင်း သုတေသီများက ပြောသည်။ အဆိုပါ ဆန်းစစ်မှုတွင် ရုတ်တရက်နှလုံးဖောက်ပြီးနောက် သို့မဟုတ် နှလုံးခွဲစိတ်မှုပြုပြီးနောက် အနည်းဆုံးခြောက်လထိ ဆေးလိပ်ဆက်သောက်နေခဲ့သည့် နှလုံးရောဂါလူနာ ၉၈၉ ဦး၏ ကျန်းမာရေးအချက်အလက်များကို လေ့လာခဲ့ကြသည်။ လေ့လာတွေ့ရှိချက်အရ ဆေးလိပ်ဖြတ်ခြင်းသည် ရုတ်တရက်နှလုံးဖောက်မှု၊ လေဖြတ်မှုတို့ကို ကာကွယ်ရေးအတွက် အဓိကအချက်ဖြစ်နေကြောင်းနှင့် ဆေးလိပ်ဖြတ်ခြင်းကြောင့် နှလုံးရောဂါလူနာများရရှိမည့် အကျိုးကျေးဇူးများကိုဆေးဝါးဖြင့် LDL ကိုလက်စထရောများ လျှော့ချမှုကြောင့်ရရှိသည့် အကျိုးကျေးဇူးနှင့် နှိုင်းယှဉ်နိုင်ကြောင်းသုတေသီများက နှိုးဆော်ထားသည်။

**အရက်ကြောင့် အချိန်မတိုင်မီ နှလုံးပျက်စီးပြီး သေဆုံးနိုင်**

အသက်ကြီးရင့်လာခြင်းနှင့်အတူ ဇီဝဖြစ်စဉ် ပြောင်းလဲလာမှုကလည်း အရက်ကြောင့် အချိန်မတိုင်မီ နှလုံးပျက်စီးခြင်းနှင့် ဆက်စပ်လျက်ရှိသည်။ အရက်သောက်ခြင်းနှင့် နှလုံးရောဂါအကြောင်း ဆက်နွယ်နေပုံကို ဆေးသိပ္ပံပညာရှင်များက သုတေသနပြုလေ့လာခဲ့ကြသည်။ ယခင်က အရက်ကို မျှတစွာသောက်လျှင် သွေးလေညီညွတ်ကာ ကျန်းမာရေးကောင်းမွန်စေသည်ဟု ဆရာဝန်များ ကိုယ်တိုင်ပြောကြားခဲ့ဖူးသော်လည်း သုတေသနရလဒ် အခိုင်အမာမရှိသဖြင့် နှလုံးအပေါ်သက်ရောက်သော အခြင်းအရာကို သိလိုခဲ့ကြောင်း ဆရာဝန်များက ရှင်းပြသည်။ ထိုသို့သိလိုသဖြင့် လေ့လာခဲ့ရာ အရက်သည် နှလုံးထိခိုက် ပျက်စီးစေကာ သောက်သုံးသူတို့ကို အရွယ်မတိုင်မီသေဆုံးစေကြောင်း ဖော်ထုတ်တွေ့ရှိခဲ့သည်။ မသေဆုံးမီ အသက်ရှူကြပ်ခြင်း၊ မောပန်းခြင်း၊ ခြေမျက်စိနှင့် ခြေခုံများရောင်ရမ်းခြင်း၊ မျက်ခွံနှင့် မျက်နှာဖောသွပ်ခြင်း၊ စကားပြောဆိုသံသြရှလို့ဏ်သံပါနေခြင်း စသောလက္ခဏာများတွေ့ရလျှင် အရက်ကြောင့် နှလုံးထိခိုက်ပျက်စီးသွားပြီဟု မှတ်ယူနိုင်ကြောင်း ဥရောပနှလုံးရောဂါဆိုင်ရာ အဖွဲ့အစည်း၏သုတေသနပြုချက်အရလေ့လာသိရသည်။

**နှလုံးထိန်းစက်ထည့်ခြင်း**

ဆေးလိပ်၊ အရက်ကြောင့်မဟုတ်ဘဲ ပုံမှန်ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်စားသောက်သူ အမျိုးသမီးများပင် ပျမ်းမျှ အသက် ၅၅ နှစ်ကျော်ချိန်တွင် နှလုံး၏လုပ်ဆောင်ချက်များ ယိုယွင်းလာတတ်သည်။ အရေးကြီးသောအခြေအနေ၌ နှလုံးခုန်နှုန်းထိန်းစက်ထည့်သော ကုသမှုကိုခံယူရသည်။ နှလုံးခုန်နှုန်းထိန်းစက်ဆိုသည်မှာ နှလုံးခုန်မမှန်ခြင်းကို ထိန်းချုပ်ရန်အတွက် ရင်ဘတ်အတွင်းထည့်သွင်းထားရသော သေးငယ်သည့်ဘက်ထရီနှင့်လုပ်ဆောင်သည့်စက်တစ်ခုဖြစ်သည်။ နှလုံးခုန်နှုန်းမှုမမှန်သောအခါ အဆိုပါစက်က နှလုံးသို့အချက်ပြပြီး နှလုံးခုန်နှုန်းကို ပုံမှန်ဖြစ်အောင်ထိန်းပေးသည်။ နှလုံးခုန်နှုန်းမမှန်ခြင်း သို့မဟုတ် နှလုံးစည်းချက်မှန်အောင်မထိန်းချုပ်နိုင်ခြင်း၊ နှလုံးခုန်နှုန်းမြန်လွန်းခြင်းကြောင့် နှလုံးခုန်နှုန်း နှေးလွန်းခြင်း၊ မွေးရာပါ နှလုံးဝေဒနာရှင်များ၊ နှလုံးခွဲစိတ်ထားသူများ စသည့် အခြေအနေတစ်ခုခုနှင့်ကြုံရသည့်အခါ နှလုံးခုန်စက်တပ်ရလေ့ရှိသည်။ နှလုံးထိန်းစက်ထည့်ထားသူများအနေဖြင့် ကျန်းမာရေးနှင့်လျော်ညီစွာ နေထိုင်စားသောက်မှုပိုင်းတွင်ယခင်ထက်ပို၍ဂရုစိုက်သင့်သည်။

**ကိုဗစ်ကာကွယ်ဆေးမထိုးသူ နှလုံးရောဂါရှိသူများ သေဆုံးနိုင်ခြေမြင့်မား**

ကိုဗစ်ရောဂါကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသော နှလုံးခုန်ရုတ်တရက် ရပ်တန့်မှုပြဿနာရှိသူလူနာများသည် ကိုဗစ်-၁၉ရောဂါ ကူးစက်ခံခဲ့ရပါက ကာကွယ်ဆေးအပြည့်အဝထိုးနှံထားသူ ရောဂါတူလူနာများထက် အသက်ဆုံးပါးနိုင်ခြေသုံးဆမြင့်မားကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။ နှလုံးကြွက်သားများ ရောင်ရမ်းမှုပြဿနာပေါ်လာနိုင်ခြေနှင့်ပတ်သက်၍ စိုးရိမ်ပူပန်မှုများကြောင့် နှလုံးလည်ပတ်မှု ရုတ်တရက်ရပ်တန့်မှုပြဿနာရှိသူများမှာ ကိုဗစ်-၁၉ရောဂါကာကွယ်ဆေးများ ထိုးနှံရန်တွန့်ဆုတ်နေတတ်ကြသည်။ ထိုလူနာများအနေဖြင့် ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိပါက ကိုဗစ်ကူးစက်ခံရချိန်တွင် ၎င်းရောဂါကြောင့် အသက်ဆုံးပါးနိုင်ခြေ မြင့်မားနေတတ်ကြောင်း အမေရိကန်သုတေသီများက ပြောကြားသည်။

ထို့ပြင် ကိုဗစ်ကာကွယ်ဆေး ထိုးနှံထားခြင်းမရှိသော နှလုံးလည်ပတ်မှု ရုတ်တရက်ရပ်တန့်ခြင်းပြဿနာရှိသောလူနာများသည် ကာကွယ်ဆေးထိုးနှံထားသော ရောဂါတူလူနာများနှင့် နှိုင်းယှဉ်ပါက ကိုဗစ်ရောဂါကူးစက်ခံရချိန်တွင် ဆေးရုံတက်ရောက်ရနိုင်ခြေ ၁၅ ရာခိုင်နှုန်းထိ မြင့်မားကြောင်းနှင့် ကိုဗစ်-၁၉ ရောဂါ သက်သာပျောက်ကင်းသွားသူများသည် တစ်နှစ်အတွင်း နှလုံးရုတ်တရက်ဖောက်နိုင်ခြေ ၆၃ ရာခိုင်နှုန်းထိ မြင့်တက်လာနိုင်ကြောင်းသိရသည်။ သို့ပါ၍ သက်ကြီးပိုင်း နှလုံးရောဂါရှိသူများအနေဖြင့် ကိုဗစ်-၁၉ ကာကွယ်ဆေးကို သတ်မှတ်ထားသောအကြိမ်ရေပြည့် ထိုးနှံထားဖို့လိုကြောင်းနှင့် သက်ကြီးရွယ်အိုနှလုံးကျန်းမာရေးအတွက် အထက်တွင် အကြံပြုထားသည့် အချက်အလက်များကို မှတ်သားလိုက်နာကြစေလိုကြောင်း ရေးသားလိုက်ရပါသည်။

# ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၀၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်



**ချောင်းဦး နိုဝင်ဘာ ၃၀**

စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် ချောင်းဦးမြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပဲကြီး ၁၀၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ချောင်းဦးမြို့နယ်တွင် ပဲကြီး ၁၂၀၅ ဧက စိုက်ပျိုးရန် လျာထားပြီး ယခုနှစ် အောက်တိုဘာလ ပထမပတ်မှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် ၁၀၀၅ ဧကထိ စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဒီနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ ချောင်းဦးမြို့နယ်မှာ ပဲကြီး ဧက ၁၂၀၀ ကျော် စိုက်ပျိုးဖို့အတွက် လျာထားပါတယ်။ ဒီနေ့ထိ ဧက ၁၀၀၀ ကျော်စိုက်ပျိုးပြီးစီးပြီဖြစ်ပါတယ်။ လျာထားဧကပြည့်မီအောင် စိုက်ပျိုးနိုင်ဖို့ ဆောင်ရွက်ပေးနေပါတယ်။ ပဲကြီး အထွက်နှုန်းနဲ့ အရည်အသွေးကောင်းမွန်ဖို့အတွက် လိုအပ်တဲ့ မျိုးကောင်းမျိုးသန့်တွေ၊ သွင်းအားစုတွေ၊ ရိတ်သိမ်းချိန်လွန် နည်းပညာပေးတာတွေကို တောင်သူတွေနဲ့ ပူးပေါင်းပြီးတော့ ဆောင်ရွက်ပေးနေပါတယ်"ဟု ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြသည်။

ချောင်းဦးမြို့နယ်တွင် ပဲကြီးစိုက် တောင်သူများအနေဖြင့် ပဲကြီးစိုက်ဧကများ တိုးချဲ့စိုက်ပျိုးနိုင်ရေး၊ အထွက်နှုန်းကောင်းမွန်ရေး၊ GAP နည်းစနစ်ဖြင့် စိုက်ပျိုးရေး၊ မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရေး၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို စိုက်ပျိုးနိုင်ရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ပဲကြီးကို အထွက်နှုန်းတိုးတက်ကောင်းမွန်အောင် တိုးချဲ့စိုက်ပျိုးနိုင်မည်ဆိုပါက စားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကို ရောင်းချနိုင်သဖြင့် ဝင်ငွေရရှိကာ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ပဲကြီးကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းကြရမည်ဖြစ်ကြောင်း မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက ပြောပြ၍ သိရသည်။ (၂၀၆)

# ပုသိမ်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၅၃၃၇ ဧက စိုက်ပျိုးမည်

**ပုသိမ် နိုဝင်ဘာ ၃၀**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၅၃၃၇ ဧက စိုက်ပျိုးသွားမည်ဖြစ်ကြောင်း ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


ပုသိမ်မြို့နယ်တွင် ယခုနှစ် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၅၃၃၇ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ် ဒီဇင်ဘာလ ပထမပတ်တွင် စတင် စိုက်ပျိုးသွားမည်ဖြစ်ကြောင်း၊ အဆိုပါ ဆီထွက်သီးနှံစုံ ၅၃၃၇ ဧကတွင် ဆောင်းမြေပဲ ၂၃၅ ဧက၊ ဆောင်းနှမ်း ၂၆ ဧက၊ ဆောင်းနေကြာ ၅၀၂၆ ဧက၊ ဆီပဲပုပ် ဧက ၅၀ ဖြစ်ကြောင်း သိရသည်။

"ပုသိမ်မြို့နယ် ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆီထွက်သီးနှံစုံ ဧက ၅၀၀၀ ကျော်ကို လျာထားစိုက်ပျိုးပါမယ်။ လက်ရှိမှာတော့ ဆီထွက်သီးနှံစုံ လျာထားဧကအားလုံး ရာနှုန်းပြည့်စိုက်ပျိုးနိုင်ဖို့ လုပ်ဆောင်နေပါတယ်။ ဒီနှစ် ဆီထွက်သီးနှံတွေထဲမှာ ပုသိမ်မြို့နယ်အနေနဲ့ နေကြာကို အများဆုံး စိုက်ပျိုးသွားမှာဖြစ်ပါတယ်။ ဆီထွက်သီးနှံတွေ အခက်အခဲမရှိ ရာနှုန်းပြည့် စိုက်ပျိုးနိုင်ဖို့ စိုက်ပျိုးရေးဦးစီးဌာနက ဆက်စပ်ဌာနတွေနဲ့ ပေါင်းစပ်ဆောင်ရွက်နေပါတယ်"ဟု ပုသိမ်ခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြသည်။

ပုသိမ်မြို့နယ်တွင် ဆီထွက်သီးနှံများစိုက်ပျိုးနိုင်ရန် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက စိုက်နည်းစနစ် မှန်ကန်ရေး သင်တန်းပေးခြင်း၊ ပိုးသတ်ဆေးသုံးစွဲနည်းစနစ်များ မှန်ကန်စေရန် ဆောင်ရွက်ပေးခြင်း စသည့်လုပ်ငန်းများကို ကြိုတင်ဆောင်ရွက်ပေးလျက်ရှိကြောင်းသိရသည်။

ဆီထွက်သီးနှံကို အထွက်နှုန်း တိုးတက်အောင် စိုက်ပျိုးနိုင်ပါက ဒေသတွင်း ဆီစားသုံးမှုဖူလုံစေရုံမျှမက ပိုလျှံမှုကိုရောင်းချနိုင်သဖြင့် လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်၍ ဆီထွက်သီးနှံကို တိုးချဲ့စိုက်ပျိုးနိုင်ရန် ဒေသမရွေးကြိုးပမ်းသင့်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်အေးအေးမူက ပြောပြ၍ သိရသည်။ **ကျော်ကျော်လင်း**

## ခြင်ဆေးခွေသုံးလျှင် သတိယှဉ် အောက်တွင်ခံခွက် မမေ့နှင့်












## နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးစီးခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ တဲကုန်းကျေးရွာနေ ဦးသောင်းရွှေ၏သား ဦးလှမိုးအောင်(၉/အမဇ(နိုင်)၀၄၆၇၉၄)နှင့် ကျွန်မ ဒေါ်စုလှိုင်နှင်း (ဘ) ဦးဇော်မင်းနိုင်(၉/မဟမ(နိုင်)၀၅၁၇၁၇)တို့သည် တစ်ဦးနှင့်တစ်ဦး စိတ်သဘောထားခြင်းမတိုက်ဆိုင်တော့၍ အကြင်လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းရန် ဆန္ဒမရှိတော့ပါသဖြင့် ၁၇-၇-၂၀၂၅ ရက်နေ့တွင် မဟာအောင်မြေခရိုင်တရားရုံး၌ နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါသည်။ သို့ပါ၍ လက်ထပ်ပွားပစ္စည်းများအားလည်း ခွဲဝေပြီးဖြစ်ပါသဖြင့် ကျွန်မအား ဂုဏ်သိက္ခာကျဆင်းစေရန် ပြောဆိုခြင်း၊ ရေးသားခြင်း၊ နှောင့်ယှက်ခြင်းများမပြုလုပ်ရန်နှင့် ၎င်းနှင့်ပတ်သက်သောကိစ္စများအား တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်စုလှိုင်နှင်း(၉/မဟမ(နိုင်)၀၅၁၇၁၇)**

## ဒဖွနာပြီးစီးခြင်းနှင့် ကျေးဇူးတင်ရှိခြင်း

မန္တလေးမြို့၊ ၂၇ လမ်းနေ (ဟာဂျီဦးဘတင့် + ဟာဂျီမဒေါ်မမကြီး) တို့၏သမီး၊
(ရှေ့နေကြီး ဦးရာဇတ် + ဒေါ်ဇိုင်)တို့၏ ချွေးမ၊ ၈၃ လမ်း၊ ၂၈ x ၂၉ လမ်းကြားနေ
မတင်မိုးစု(ခန့်စုလျှပ်စစ်)၊ ကိုမျိုးတင့်(Circuit World Electronics)တို့၏မိခင်၊
မောင်အောင်လင်းခန့်၏အဖွား၊
(ဟာဂျီဒေါက်တာဦးတင်မြင့် - ကထိက - ခန္ဓာဗေဒဌာန - ငြိမ်း)၏ဇနီး

**ဟာဂျီမဒေါ်ခင်ခင်ကြီး(B.Sc–Chemistry) – (၇၃)နှစ်**

သည် ၂၉-၁၁-၂၀၂၅ စနေနေ့ နံနက် (၃:၃၇)မိနစ်အချိန်တွင် အလ္လာဟ်အရှင်မြတ်၏ အမိန့်တော်ခံယူသွားပါသဖြင့် ၂၉-၁၁-၂၀၂၅ စနေနေ့ ဇဟိုရ် နမားဇ်အပြီးအချိန်တွင် ၈၃ လမ်း၊ ၂၈ x ၂၉ လမ်းနေအိမ်မှ အေးရိပ်ငြိမ် မွတ်စ်လင်မ် ကဘာရ်စတန်ဥယျာဉ်တော်သို့ ပို့ဆောင်ဒဖွနာ ပြီးစီးပြီဖြစ်ပါကြောင်းနှင့် လိုက်ပါပို့ဆောင်ပေးသော ဆွေမျိုး၊ မိတ်ဆွေများအား ကျေးဇူးအထူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

## ပျောက်ဆုံးကြောင်း

မိုးညှင်းမြို့၊ နားခါမြောက်ရပ်ကွက်နေ မောင်ရဲမင်းအောင် (ဘ) ဦးလောဝူး (ခ) ဇော်ဝင်း(၁/မညန(နိုင်)၁၅၇၉၄၅)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-752757004

## ပျောက်ဆုံးကြောင်း

မန္တလေးမြို့၊ မြရည်နန္ဒာရပ်ကွက်နေ နန်းခင်ထွေး (ဘ) ဦးလိုင်ခမ်း(၁၃/လရန(နိုင်)၁၀၁၈၂၄)၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ 09-777784442







## အဖိုးတန်ရေချိုကို ချွေတာပါ

“အဂတိပယ်ခွာ ပြည်သာယာ”

Remove Corruption, Promote Prosperity

### အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိ လိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက် လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေ ပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူ ခံရနိုင်သည်ကိုလည်း သတိပြုရမည်။

### လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်
ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊
စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊
၀၆၇-၈၁၀၃၃၃၄၊
Email Address – accm@accm.gov.mm၊
Website Address – http://www.accm.gov.mm

❖ သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လဝီရိယထားကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက်အကာအကွယ်ပေးနိုင်...

❖ သစ်ပင်စိုက်ပျိုးခြင်း၊သစ်တောများထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများဖြစ်ပေါ်ရရှိလာမည်ဖြစ်...

(နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ် ဩဂုတ် ၁၉ ရက်တွင် ပြုလုပ်သော မကွေးတိုင်းဒေသကြီး မင်းဘူးခရိုင် မင်းဘူးမြို့နယ် အပူပိုင်းဒေသ ၁၃ ခရိုင်စိမ်းလန်းစိုပြည်ရေး ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားသော အမှာစကားမှ ကောက်နုတ်ချက်)

❖ နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။
❖ နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကို အားပေးစို့။
❖ နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ၃၄ ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား



နေပြည်တော် နိုဝင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် ၃၄ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားဇာတ်ရုံ၌ ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊

စာမျက်နှာ ၁၈ ကော်လံ ၁ ☆

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ U – 17 အသင်းကို ငွေကျပ်သိန်း ၁၀၀၀ ဂုဏ်ပြုချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၃၀


ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် ၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ U-17 အသင်းကို ငွေကျပ်သိန်း ၁၀၀၀ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်းသိရသည်။

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)၏ပြိုင်ပွဲ ပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့ ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း (သုဝဏ္ဏ) ဘောလုံးကွင်း၌ ကျင်းပခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင် အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့်ဘောလုံးအားကစားဝါသနာရှင် ပရိသတ်အင်အားသုံးသောင်းကျော်ဖြင့် ကွင်းလုံးပြည့် တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။ စာမျက်နှာ ၂၀ ကော်လံ ၁ ❖




မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို တွေ့ရစဉ်။

မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED



Internet & Mobile Banking Services
- Account Transfer
- Mobile Topup ( Phone Bill )
- Cardless ATM Withdrawl
- Remittance
- Credit Card Payment
- Tax Payment

" မှန်သည် မြန်သည် မြဝတီ "



MPU UnionPay

Phone No : (01) 2301367, 2301368, (01) 2301452, 2301378

24 (01) 2301421, (01) 2317166